ကတညုတာ ဇေတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်၊ ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၅၇)

ကန်တော့ခံပစ္စည်းများပေးအပ်

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ သစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ် လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသား ရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းက ကြီးမှူးကျင်းပသည့် ၁၃၆၅ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကန်တော့ခံစာပေပညာရှင်များအား ကန်တော့ခံပစ္စည်းများပေးအပ်စဉ်။ (သတင်းစဉ်)

ကလောင်ပျိုများက ကလောင်အိုကြီးများအား ပူဇော်လေ့ရှိသည့်အစဉ်အလာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းမှာသာရှိသည့်မွန်မြတ်သည့်အစဉ်အလာကောင်းဖြစ် စာဆိုတော်နေ့နှင့်သက်ကြီးစာပေပညာရှင်ကြီးများအားပူဇော်ကန်တော့ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၆၅ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ အားကစားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌများနှင့်အမှုဆောင်အဖွဲ့ဝင်များတက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ(တက္ကသိုလ်တင်ခ)က ၁၃၆၅ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

သဝဏ်လွှာဖတ်ကြား

ထို့နောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)က ၁၃၆၅ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အတွက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၏သဝဏ်လွှာကို ဖတ်ကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ▼

ရင်ချင်းဆက်အမြွှာညီအစ်မ ပြည်မြို့၌အောင်မြင်စွာမွေးဖွား

ရန်ကုန် နိုဝင်ဘာ ၂၅

ပဲခူးတိုင်း (အနောက်) ပြည်မြို့ ရွှေဆံတော် မြောက်စောင်းတန်းလမ်းရှိ မျိုးသုခဆေးခန်း၌ ၂၀၀၃ခုနှစ် နိုဝင်ဘာ ၂၁ရက် နံနက်၇နာရီ၃၅မိနစ်တွင် မိခင်ဖြစ်သူ မကွေးတိုင်း အောင်လံမြို့နယ် ကလုံမော်ကျေးရွာနေ မရီရီဝင်း(၂၃)နှစ်သည် ခွဲစိတ်ကုသမှုခံယူ၍ ရင်ချင်းဆက်အမြွှာညီအစ်မကို အောင်မြင်စွာမွေးဖွားခဲ့သည်။

ခွဲစိတ်မွေးဖွားပေး

အဆိုပါ ရင်ချင်းဆက်အမြွှာညီအစ်မအား မျိုးသုခဆေးခန်း သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီးဒေါက်တာဝင်းကို၊မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာစိန်လှိုင်၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်လှလှ၊ လက်ထောက်ဆရာဝန် ဒေါက်တာဒေါ်ခင်ဌေးကြည်နှင့် သူနာပြု ဆရာမများက ယင်းဆေးခန်း၌ပင် ခွဲစိတ်ကုသ၍ အောင်မြင်စွာမွေးဖွားပေးခဲ့ကြသည်။

စာမျက်နှာ ၉ ကော်လံ ၅ ❖

မြန်မာ–ထိုင်းယဉ်ကျေးမှုနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအသင်းနှင့် ထိုင်း–မြန်မာယဉ်ကျေးမှုနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအသင်း တတိယအကြိမ်ပူးတွဲအစည်းအဝေးကျင်းပပြီးစီး

ရန်ကုန် နိုဝင်ဘာ ၂၅

မြန်မာ–ထိုင်း ယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအသင်းနှင့် ထိုင်း–မြန်မာယဉ်ကျေးမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအသင်းတို့၏ တတိယအကြိမ် ပူးတွဲအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ဟိုတယ်နီကို၌ ဆက်လက်ကျင်းပရာ မြန်မာ–ထိုင်း ယဉ်ကျေးမှုနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအသင်း ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း(ငြိမ်း)နှင့် အဖွဲ့ဝင်များ၊ ထိုင်း–မြန်မာယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးပတ်အကာနီပွတ်(Gen. Pat Akkanibut) နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန် ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ–ထိုင်းယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအသင်းနှင့်ထိုင်း–မြန်မာယဉ်ကျေးမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအသင်းတို့ ပူးတွဲကျင်းပမည့် စတုတ္ထအကြိမ် အစည်းအဝေးအစီအစဉ်နှင့် စပ်လျဉ်း၍ အတည်ပြုသည်။

ယင်းနောက် မြန်မာ–ထိုင်း ယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအသင်းနှင့်ထိုင်း–မြန်မာယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအသင်းတို့၏ တတိယအကြိမ် ပူးတွဲအစည်းအဝေး သဘောတူညီချက်များကို မြန်မာ–ထိုင်းယဉ်ကျေးမှုနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း(ငြိမ်း)နှင့် ထိုင်း–မြန်မာ ယဉ်ကျေးမှုနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ

စာမျက်နှာ ၃ ကော်လံ ၁ ❐

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

အားကစားအောင်နိုင်မှုဖြင့် နိုင်ငံ့ဂုဏ်၊ အမျိုးဂုဏ်မြှင့်တင် မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရေးကြိုးပမ်း

နိုင်ငံတိုင်းသည် အမျိုးသားအားကစားအဆင့်အတန်း မြင့်မားမှုနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်ပန်းဆင်နိုင်မှုတို့သည် နိုင်ငံ့ဂုဏ်၊အမျိုးဂုဏ် မြင့်မားထည်ဝါမှုကိုဖော်ညွှန်းပြသနိုင်သည်ဆိုသည့် ခံယူချက်ဖြင့် အားကစား အောင်နိုင်ရေးကို အမျိုးသားရေးအဖြစ်ခံယူပြီး အပြိုင်အဆိုင် ယှဉ်ပြိုင်နေကြသည်ကို တွေ့ရသည်။

ယနေ့အချိန်အခါသည် အမျိုးသားအားကစားအဆင့်အတန်း ပြန်လည်ထွန်းတောက်မြင့်မားလာရေးနှင့် တစ်ချိန်သော ကာလက အရှေ့တောင်အာရှ၊ အာရှမှသည် ကမ္ဘာ့အဆင့်သို့တိုင် ထွန်းတောက် ကျော်ကြားခဲ့သည့် မြန်မာ့အားကစား အောင်နိုင်မှုအစဉ်အလာများ ပြန်လည်ဖြစ်ထွန်းလာစေရန် နိုင်ငံတော်က တွန်းအားပေး ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ တစ်မျိုးသားလုံးကလည်း တက်ညီလက်ညီ ပူးပေါင်းပါဝင်အားပေးနေချိန်လည်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံတွင် ၂၀၀၃ခုနှစ် ဒီဇင်ဘာ၅ရက်မှ ၁၃ရက်အထိကျင်းပမည့် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်းခြင်း အခမ်းအနားကို နိုဝင်ဘာလ ၂၃ရက် ညနေပိုင်း၌ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)အားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားပြီး မြန်မာအားကစားအဖွဲ့ အဖွဲ့ခေါင်းဆောင်အား အောင်နိုင်ရေးအလံ အပ်နှင်းသည်။

မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင်–

"အမျိုးသားအားကစား အဆင့်အတန်း တိုးတက်မြင့်မားအောင် စွမ်းဆောင်ပေးခြင်းအားဖြင့် နိုင်ငံတကာ့အလယ်တွင် မိမိနိုင်ငံ၊မိမိလူမျိုး၏ ဂုဏ်သိက္ခာမြင့်မားဝင့်ကြွားစေရမည်ဆိုသည့် ခံယူချက်ဖြင့် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယခုကဲ့သို့နိုင်ငံတကာ ပြိုင်ပွဲအတွက် နိုင်ငံတော်ကို ကိုယ်စားပြုယှဉ်ပြိုင်နိုင်ခွင့်ရရှိကြသည့် အားကစားသမား မောင်မယ်များအနေဖြင့် အားကစား ယှဉ်ပြိုင်အောင်နိုင်စေရမည်ဆိုသည့် အမျိုးဂုဏ်ကို မြှင့်တင်လိုသော စိတ်ဓာတ်မွေးပြီး ကြိုးစားအားထုတ်သွားကြပါ "

ဟု မှာကြားသွားသည်။

(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစား အဖွဲ့အတွက် အလှူရှင်များက ငွေကျပ် ၁၃၉၄၃၀၀၀၊ အမေရိကန်ဒေါ်လာ ၁၃၀၀၀နှင့် ငွေကျပ် ၁၁၇၅၀၀၀၀ တန်ဖိုးရှိ ပစ္စည်းများ လှူဒါန်းခဲ့ကြသည်။

(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှအားကစားအဖွဲ့ချုပ် ၂၁ဖွဲ့က ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ မြားပစ်၊ ဘိလိယက်နှင့် စနူကာ၊ ကာယဗလ၊ လက်ဝှေ့၊ စစ်တုရင်၊ ကျွမ်းဘား၊ကရာတေးဒို၊ လှေလှော် (အနောက်တိုင်းလှေ၊ ရိုးရာလှေ၊ ကနူးနှင့် ကယက်)၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ သိုင်း၊ ဂျူဒို၊ အလေးမနှင့် ဝူရှူးအားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အားကစားဆိုင်ရာ စွမ်းဆောင်ရည်နှင့် အားကစားအောင်နိုင်မှုအလားအလာတို့မှာ အားကစားသမား မောင်မယ်များ၏ တက်ကြွသည့်အားမာန်၊ ခိုင်မာသည့် အမျိုးသားရေးစိတ်ဓာတ်၊ ထက်သန်ပြင်းပြသည့် အောင်နိုင်လိုစိတ်တို့ဖြင့် အားထုတ်ယှဉ်ပြိုင်မှုအပေါ်တွင် တည်မှီလျက်ရှိနေသည်။

ထို့ကြောင့် လက်တွေ့ယှဉ်ပြိုင် အနိုင်ရရှိရေးမှာ အပြင်းအထန်လေ့ကျင့်မှုနှင့် စိတ်ဓာတ်ကောင်းမွန်မှုတို့ သာလျှင် ပဓာနကျသည့်အတွက် အမျိုးကိုချစ်သည့်စိတ်၊ နိုင်ငံကိုချစ်သည့်စိတ်ကို အရင်းခံထားပြီး အားကစားအောင်နိုင်မှုဖြင့် အမျိုးဂုဏ်ကိုမြှင့်တင်ပေးနိုင်စေရမည်ဆိုသည့် အမျိုးသားရေး သန္နိဋ္ဌာန် စိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်အနိုင်ယူကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ အားကစားအဖွဲ့ချုပ်များ၏ စနစ်တကျစီမံခန့်ခွဲမှု၊ တိုင်းရင်းသား စီးပွားရေး လုပ်ငန်းရှင်များ၊ စေတနာရှင်ပြည်သူများ၏ ကူညီထောက်ပံ့မှု၊ အားကစား ဝါသနာရှင် ပြည်သူများအပါအဝင် တစ်မျိုးသားလုံး၏ အင်တိုက်အားတိုက် အားပေးချီးမြှောက်မှုများသည် အားကစားသမားမောင်မယ်များ၏ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များ ပြည့်စုံစေမှုအတွက် သာမက စိတ်ဓာတ်ပိုင်းဆိုင်ရာမြင့်မားရေးအတွက် စေ့ဆော်အားပေးမှုမှာပါ များစွာ ထောက်ကူလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် မြန်မာအားကစားသမားများ အောင်နိုင်ရေးအတွက် တစ်မျိုးသားလုံးက မျှော်လင့်တောင့်တနေသည့် ယနေ့အချိန်အခါ၌ အားကစားသမား မောင်မယ်များ အားလုံးက ယှဉ်ပြိုင်မှုတိုင်း၌ မိမိတို့၏အားကစားအောင်နိုင်မှုသည် နိုင်ငံ့ဂုဏ်၊ အမျိုးဂုဏ်မြှင့်တင်ရေး၊ "မြန်မာ့အားကစားကမ္ဘာကိုလွှမ်းစေရမည်"ဆိုသည့် မွန်မြတ်မြင့်မားသော ရည်မှန်းချက် ပြည့်မြောက်စေရေးတို့အတွက် အားစိုက်ခွန်စိုက်ယှဉ်ပြိုင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စီမံခန့်ခွဲမှုဆိုင်ရာလေ့ကျင့်ဆွေးနွေးပွဲသင်တန်းဆင်း

ရန်ကုန် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံစက်မှု ကုန်ထုတ်လုပ်သူများအသင်းက ကြီးမှူးဖွင့်လှစ်သည့် စီမံခန့်ခွဲမှုဆိုင်ရာ လေ့ကျင့်ဆွေးနွေးပွဲသင်တန်း(Supervisory Management Course)ဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၃ရက် ညနေ ၃နာရီခွဲက လှိုင်မြို့နယ် ထုပ်ပိုး ပစ္စည်းစက်ရုံ အမှတ်(၁)၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးထိန်ဝင်းက အမှာစကားပြောကြားပြီး အသင်းဒုတိယဥက္ကဋ္ဌ စက်မှုအတိုင်ပင်ခံနှင့် နည်းပညာပြန့်ပွားရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်ထင်က ဩဝါဒစကားပြောကြားသည်။ထို့နောက် သင်တန်းဆင်း လက်မှတ်များကို အသင်းနာယက ဦးခင်မောင်ရီ၊ ဒေါက်တာမန်းသက်စံနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီး သင်တန်းသားများကိုယ်စား ဦးရဲမြတ်အောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

(က–ပ)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဝတ္ထုရှည်၊ဝတ္ထုတိုနှင့်ဆောင်းပါးပြိုင်ပွဲများကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၅

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ်စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများ ကျင်းပပေးမည်ဖြစ်ကြောင်း နှိုးဆော်ကြေညာထားသည်။

ဝတ္ထုရှည်နှင့်ဝတ္ထုတို ပြိုင်ပွဲဝင်သူများသည် တပ်မတော်၏ အစဉ်အလာ (၁၂)ရပ်နှင့် ဘောင်ဝင်အောင် ရသမြောက်စွာရေးဖွဲ့၍ ဝင်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ခေါင်းစဉ်သတ်မှတ်ပေးထားခြင်းမရှိဘဲ မိမိနှစ်သက်ရာ ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်ဝတ္ထုရှည်ကို စာလုံးရေ ၅၀၀၀၀ မှ ၇၀၀၀၀ အတွင်း ရေးသားကြရမည်။ ပြိုင်ပွဲဝင် ဝတ္ထုတိုကို စာလုံးရေ ၄၀၀၀ မှ ၁၀၀၀၀ အတွင်း ရေးသားကြရမည်ဖြစ်သည်။

သတ်မှတ်ခေါင်းစဉ်

ပြိုင်ပွဲဝင်ဆောင်းပါးကို စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်း ရေးသားရမည်ဖြစ်ပြီး ဆောင်းပါးအတွက် သတ်မှတ်ပေးထားသောခေါင်းစဉ်မှာ "နိုင်ငံအကျိုးကို သက်စွန့်ကြိုးပမ်းသယ်ပိုးနေသောတပ်မတော်" ဟူ၍ ဖြစ်သည်။

ထိုက်ထိုက်တန်တန်ချီးမြှင့်မည်

ပြိုင်ပွဲဝင်သူများသည် စာမူနှစ်စောင်နှင့်အတူ မိမိကိုယ်တိုင်ရေးသားသော စာမူဖြစ်ကြောင်း၊ အခြားပြိုင်ပွဲများတွင် ဆုရရှိထားသည့် စာမူ၊ ပုံနှိပ်ဖော်ပြဖူးသည့် စာမူမဟုတ်ကြောင်း ကတိဝန်ခံချက်၊ စာရေးသူ၏ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းချုပ်နှင့် ရောင်စုံဓာတ်ပုံ ပတ်စ်ပို့အရွယ် (၁½ လက်မ x ၂လက်မ) နှစ်ပုံတို့ကို ပူးတွဲပေးပို့ရမည် ဖြစ်သည်။ ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများသို့ စာပေဝါသနာရှင်တိုင်း ကဏ္ဍတစ်မျိုးတွင် တစ်ပုဒ်ကျစီပါဝင် ယှဉ်ပြိုင်ခွင့်ရှိသည်။ ပြိုင်ပွဲအားလုံးတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

နောက်ဆုံးထားပေးပို့

ပြိုင်ပွဲဝင်စာမူများကို ဦးကိုကိုထွေး အတွင်းရေးမှူး တပ်မတော်နေ့ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁၅ ရက် နောက်ဆုံးထား၍ ပေးပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုဝင်ဘာ ၂၃ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၈)ရပ်ကွက် သီဟလမ်းကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း ချောခင်းရန် မြို့နယ် ဥက္ကဋ္ဌ ဦးတင့်လှိုင်၊လမ်းနှင့်တံတားလက်ထောက်ဌာနမှူး ဦးစိုးမြင့်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးဝင်း၊ ရပ်ကွက် ဥက္ကဋ္ဌ

ဦးတင်စိုးနှင့် လမ်းဖြစ်မြောက်ရေးဥက္ကဋ္ဌ ဦးရွှေလှတို့က မင်္ဂလာပန္နက်တိုင်များ ရိုက်သွင်းပေးကြစဉ်။ (က–ပ)

ဥသျှစ်ပင် အထက အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၅

ပန်းတောင်းမြို့နယ် ဥသျှစ်ပင် အထကကျောင်း၏ စတုတ္ထကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက်တွင် ယင်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေထည့်ဝင်လိုသူများသည် ဦးကျော်မြင့် ဖုန်း–၅၄၅၀၄၂၊၅၄၆၇၃၀၊ ဦးမြင့်သိန်း၊ ဦးဇော်မင်းထွန်း၊ ဦးခင်ဆောင် ဖုန်း–၀၅၃၂၅၆၅၂ (လိုင်းခွဲ ၂၇၅၊၂၈၇) တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

ဟာသဂျာနယ်ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၅

ဏီမှူး၏ မျက်နှာဖုံးကာတွန်းနှင့် ကာတွန်းမြင့်သိန်း၏ စံရွှေမြင့်

ကာတွန်း ဓာတ်လမ်းအပါအဝင် ဆရာသာဂဒိုး၊ ဆရာလဒ၊ မြေဇာ၊ ကာတွန်းမြင့်စိုး၊ သုဝဏ္ဏ ကျော်စိန်၊ မောင်ဉာဏ်ကျယ်၊ ဆြာကြီးထိန်၊ စိန်ကတုံး၊ အောင်ဆင့်၊ နွယ်တမယ် အောင်မြင့်၊ မိုးကြိုး(ဗေဒင်)၊ ဧပရယ်၊ မောင်ရဲလူ၊ ကာတွန်းဝေယံ၊ နိုင်ဝင်းငြိမ်း၊အောင်နိုင်လွင့်(မော်လမြိုင်)၊ ကျော်ဇောဟိန်း(ဒေါပုံ)တို့၏ ဟာသအတွေး အရေးရုပ်ရှင်ဓာတ်လမ်းများဖြင့် **'ဟာသ'** ဂျာနယ် အတွဲ(၂)၊ အမှတ်(၁၇)ကို ဝါမိုးအောင်စာပေ အမှတ် ၅၂၉ ကုန်သည်လမ်း(စာပေဗိမာန်ဘေး) ရန်ကုန်မြို့က ဖြန့်ချိလိုက်ကြောင်း သိရသည်။**(ဝဲပုံ)**

(က–ပ)

(၁၉)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေး အတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အိန္ဒိယရုပ်ရှင်ဒါရိုက်တာနှင့်အဖွဲ့ တွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၂၅

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အိန္ဒိယသမ္မတနိုင်ငံမှ ရုပ်ရှင်ဒါရိုက်တာ Mr. Shyam Benegal နှင့် အဖွဲ့ဝင်သုံးဦးတို့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ (ဝဲအောက်ပုံ)

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်ခ၊ ပုံနှိပ်ရေးနှင့်စာအုပ် ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ The New Light of Myanmar သတင်းစာ စာတည်းမှူးချုပ် ဦးမောင်မောင်အေး၊ ရုံးအဖွဲ့မှူး ဗိုလ်မှူးရဲတင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Rahul Kulshreshth လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ဒီဇင်ဘာလထုတ် မြဝတီမဂ္ဂဇင်းဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၅

၂၀၀၃ ခုနှစ် ဒီဇင်ဘာလထုတ် မြဝတီမဂ္ဂဇင်း**(အပေါ်ပုံ)**တွင်တက်လူ၊ အောင်ထွန်းလင်း(ချောက်)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ မောင်သဲခေါင်၊ အောင်သာဆန်း(သံတွဲ)၊ မြတ်လွမ်းနောင်(ပုတီးကုန်း)၊ မောင်ကာဠု(ပုသိမ်ကြီး)တို့၏ ကဗျာများ၊ မြေဇာ၊ ဏီမှူး၊ မောင်မောင်ညွှက်၊ဘိုကေ(နတ်မောက်)တို့၏ ဟာသတစ်မျက်နှာ ကာတွန်းများ၊ မြတ်ဘုရား ဒေသနာတော်ကဏ္ဍတွင် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ တစ်ဘဝသာသနာကျမ်းပြုဆရာတော်ဦးဃောသိတ၏ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ တရားတော်၊ ဆောင်းပါးကဏ္ဍတွင် ရဲထွန်း(စစ်ပညာ)၊ မောင်သိဒ္ဓိ၊ စိုးဝင်း(မြစ်ခြေ)၊ ဗညားဝင်း(ဘုရင့်နောင်)၊ ခင်ဇ(စက်မှု)၊ အုံးဖေ(ပခုက္ကူ)၊ စောမြတ်မင်း၊ ညီညီ(စီးပွားရေး)၊ နန္ဒာဦးကျော်တို့၏ သုတ၊ရသဆောင်းပါးများ၊ ဟာသကဏ္ဍတွင်ဟာသဂျပိုး၏ နိုင်ငံရပ်ခြားမှ ဘာသာပြန်ဟာသများ၊ ဤလည်းတစ်ဒုက္ခဟာသများ၊ ကျော်ဇေယျာ၊ ဒေါင်းရှည်၊ ခင်ကြူကြူတင်၊ စိုး၊ စိုးအောင်နှင့်မောင်မောင်မိုးအောင်တို့၏ ဝတ္ထုတိုများနှင့် စိုးမြိုင်၏ သို့သော် ဦးမည္ဘတ် အခန်းဆက် ဘာသာပြန်ဝတ္ထုရှည်တို့ဖြင့် ဆဝေဆာဆာ ဖော်ပြထားပြီး ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွေးချို၊ ဆီးချိုရောဂါကုသမှုဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၅

ဆေးပညာ စဉ်ဆက်မပြတ်ဆည်းပူးရေးစီမံချက်အရ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဆေးပညာအဖွဲ့ကကြီးမှူး၍ ပါမောက္ခဒေါက်တာခင်ရဲမြင့် ပို့ချမည့် သွေးချို၊ ဆီးချိုရောဂါကုသမှုဆိုင်ရာ ဟောပြောပွဲ (Management of Diabetes Mellitus for Primary Care Physicians)ကို နိုဝင်ဘာ ၃၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၆-၁၁-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကတောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၁၀	၆။	တေးသရုပ်ဖော်အစီအစဉ်
၈:၂၀	၇။	ဒါးကတတ်တား
၈:၃၀	၈။	International News
၈:၄၅	၉။	Learning English the Easy and Happy Way for Children and Beginners

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Demonstration Exercises For Correct Pronunciation
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရူက္ခဗေဒ အထူးပြုများ) [ရူက္ခဗေဒ]
၁၇:၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၃၀	၇။	သီချင်းကြီးပဒေသာ
၁၇:၄၅	၈။	(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြိုပြင်ဆင်လေ့ကျင့်မှု(စစ်တုရင်)
၁၈:၀၀	၉။	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၈:၁၅	၁၀။	Discovery
၁၈:၃၀	၁၁။	ညနေခင်းသတင်း
၁၉:၀၀	၁၂။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၃။	Milo Success in Soccer
၁၉:၁၀	၁၄။	တေးဂီတအစီအစဉ်
၁၉:၂၅	၁၅။	နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာဟူသည်"** (အပိုင်း-၁၄)

အရှင်ကောသလ္လတရားပွဲ

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်းတိုက်၌ ဓမ္မစေတီ ဆရာတော် U.K အရှင်ကောသလ္လ (M.A)၏ အထူးတရားပွဲကို နိုဝင်ဘာ ၂၇၊ ၂၈ နှင့်၂၉ရက်ညများတွင် ညစဉ် ၇ နာရီမှစ၍ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အိုင်ဒီယာမဂ္ဂဇင်း ဒီဇင်ဘာလထုတ်ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၅

၂၁ရာစု ခေတ်လူငယ်တို့၏ ဘဝ၊ အလှ၊ဒဿနတို့ကို ဖော်ကျူးထားသော သုတ ရသစာပေအရေးအဖွဲ့များဖြင့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလထုတ် Ideaမဂ္ဂဇင်းကို အမှတ်(၁၂၇) (မြေညီထပ်) ၄၃ လမ်း ရန်ကုန်မြို့က ယနေ့ဖြန့်ချိလိုက်ကြောင်းသိရသည်။

(အောက်ပုံ)(က-ပ)

နတ်မတောင်မှသည် ဧည့ဝတီသို့ ပြပွဲ

ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက် ဘက်စုံခန်းမတွင် 'နတ်မတောင်မှသည် ဧည့ဝတီသို့' ပန်းချီပြပွဲကို နိုဝင်ဘာ ၂၀ ရက်မှ ၃၀ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှညနေ ၅ နာရီအထိ ခင်းကျင်းပြသလျက်ရှိသည်။

ယင်းပြပွဲတွင် ပန်းချီမောင်ညိုဝင်း၊ ဇော်မင်း၊ မင်းဝေအောင်၊ ကျော်ရှိန်၊ သိန်းရွှေကြည်၊ ဓာတ်ပုံစိန်မျိုးမြင့်နှင့် စိန်မင်းနိုင်တို့၏ လက်ရာပန်းချီနှင့် ဓာတ်ပုံများပြသထားရာ စိန်မျိုးမြင့်၏ ပရဲထိုးထားသူ ချင်းတိုင်းရင်းသူတစ်ဦး၏ ရိုးရာဆေးဖွာဟန်ကို ဓာတ်ပုံပညာဖြင့် သဘာဝကျကျတင်ပြထားစဉ်။ (မြန်မာ့အလင်း)

❒ မြန်မာ-ထိုင်းမှ

ဗိုလ်ချုပ်ကြီးပတ်အကာနီပွတ် (Gen. Pat Akkanibut)တို့က လက်မှတ်ရေးထိုးကြပြီး သဘောတူညီချက်ကို အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် ထိုင်း-မြန်မာ ယဉ်ကျေးမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးပတ်အကာနီပွတ်နှင့် မြန်မာ-ထိုင်းယဉ်ကျေးမှုနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအသင်း ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း(ငြိမ်း)တို့က နိဂုံးချုပ်အမှာစကားပြောကြားကြပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နှစ်နိုင်ငံအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဗိုလ်ချုပ်ကြီးပတ်အကာနီပွတ် ခေါင်းဆောင်သော ထိုင်း-မြန်မာ ယဉ်ကျေးမှုနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအသင်းဝင်များသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြရာ မြန်မာ-ထိုင်းယဉ်ကျေးမှုနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအသင်း ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း(ငြိမ်း)နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ကြွေးကြော် ဆန္ဒပြ

နိုဝင်ဘာ ၂၄ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အမေရိကန် ဆန့်ကျင်ရေး ကြွေးကြော် ဆန္ဒပြနေသော အီရတ်ပြည်သူများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌စစ်ပွဲပြီးကြောင်း ကြေညာခဲ့သော်လည်း လုံခြုံရေးကင်းမဲ့ ငြိမ်းချမ်းရေးဘယ်မှာနည်းဟု အီရတ်ပြည်သူများမေးခွန်းထုတ်လျက်ရှိ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၄

အီရတ်နိုင်ငံကို ကျူးကျော် တိုက်ခိုက်သည့် အဓိကစစ်ဆင်ရေးပြီးဆုံးကြောင်း ကြေညာခဲ့သည်မှာ ရှစ်လနီးပါးကြာမြင့်ခဲ့ပြီဖြစ်သော်လည်း အီရတ်နိုင်ငံ၌ လုံခြုံမှုကင်းဝေးနေပြီး ငြိမ်းချမ်းရေးသည်လည်း ဘယ်မှာနည်းဟု မေးမြန်းရမည်ဖြစ်ကြောင်း အီရတ်ပြည်သူများက မေးခွန်းထုတ်လျက်ရှိကြသည်။

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ အီရတ်၌ ဆက်လက်တပ်စွဲထားသည့် နိုင်ငံအနှံ့အပြားတွင် ပြင်းထန်သော အကြမ်းဖက်မှုများ နေ့စဉ်နှင့်အမျှ ဖြစ်ပွားနေဆဲဖြစ်သည်။ နိုင်ငံလုံခြုံအေးချမ်းရေး ဘယ်လိုအခြေအနေမျိုးဖြစ်လာမည်နည်းဆိုသော အီရတ်လူမျိုးများ၏ မျှော်လင့်ချက်များ စတင်လျော့ရဲကျဆင်းလာနေကြောင်း၊ ယခုအခါ လုံခြုံရေးကင်းမဲ့ခြင်းကြောင့် အီရတ်နိုင်ငံ၏ အနာဂတ်သည် မရေရာမသေချာကြောင်း၊ စာသင်ကျောင်းတက်ဖို့ပင် ခက်ခဲနေကြောင်း၊ စစ်ပွဲပြီးဆုံးသည်မှာ ရှစ်လကြာမြင့်ပြီ ဖြစ်သော်လည်း တိုးတက်မှုဘာတစ်ခုမျှ မရှိခဲ့ကြောင်း၊ အမေရိကန်နိုင်ငံသည် နိုင်ငံကြီးဖြစ်ခြင်းကြောင့် ဘာမဆိုဆောင်ရွက်နိုင်သည်ဟု ယူဆနေလျှင် အကြမ်းဖက်လုပ်ရပ်များကို ဘာကြောင့် မထိန်းချုပ်နိုင်ဟုလည်း မေးမြန်းနေကြသည်။

ဘဂ္ဂဒက်မြို့အနီးဝန်းကျင် ဒေသများနှင့်ဆက်သွယ်ထားသော တယ်လီဖုန်းလိုင်းများ ယခုအချိန်အထိ အသုံးမပြုနိုင်သောကြောင့် အီရတ် တယ်လီဖုန်းအင်ဂျင်နီယာများအဖွဲ့က ပြုပြင်နေဆဲဖြစ်ပြီး ယခုနှစ်ကုန်ပိုင်းလောက်၌ တယ်လီဖုန်း ဆက်သွယ်မှုများ ပြန်လည်အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ကမ္ဘာ့ နိုင်ငံတကာသတင်းများ

အီရတ် စစ်ပွဲစတင်သည်မှ သေဆုံးသောအမေရိကန်တပ်ဖွဲ့ဝင် ၄၃၁ဦးရှိပြီ

ဝါရှင်တန် နိုဝင်ဘာ ၂၅

အီရတ်တွင် စစ်ဆင်ရေးစတင်ခဲ့သည်မှ နိုဝင်ဘာ ၂၄ရက် တနင်္လာနေ့ရောက်ချိန်တွင် အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၄၃၁ဦးရှိပြီဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာနက ပြောကြားသည်။

၎င်းအနက် ၂၉၇ဦးမှာ တိုက်ပွဲကြောင့် သေဆုံးခြင်းဖြစ်ပြီး ၁၃၄ ဦးမှာ တိုက်ပွဲကြောင့် မဟုတ်ဘဲ သေဆုံးခြင်းဖြစ်ကြောင်း ကာကွယ်ရေးဌာနက ပြောကြားသည်။ စစ်ပွဲပြီးဆုံးကြောင်း သမ္မတဘုရှ် ကြေညာခဲ့သည့် မေ ၁ရက် သို့မဟုတ် ထိုမေ ၁ ရက်မှစပြီး အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင် ၂၉၃ဦး သေဆုံးခဲ့ရာ ၁၈၃ဦးမှာ တိုက်ပွဲ၌ သေဆုံးခြင်းဖြစ်ပြီး ၁၁၀ မှာ တိုက်ပွဲ၌ သေဆုံးခြင်း မဟုတ်ဟု ကာကွယ်ရေးဌာနက ဆိုသည်။

စစ်ဆင်ရေးစတင်ခဲ့သည်မှ တိုက်ပွဲ၌ ဒဏ်ရာရသော အမေရိကန်တပ်ဖွဲ့ဝင် ၂၀၇၆ ဦးရှိပြီး တိုက်ပွဲမဟုတ်ဘဲ ဒဏ်ရာရသူ ၃၄၈ ဦးရှိသည်ဟု ကာကွယ်ရေးဌာနက ထုတ်ပြန်သော ကိန်းဂဏန်းများအရ သိရသည်။ ဗြိတိသျှစစ်ဘက်ဆိုင်ရာက ဗြိတိသျှတပ်ဖွဲ့ဝင် ၅၂ ဦး သေဆုံးကြောင်းသတင်းထုတ်ပြန်ခဲ့ပြီး အီတလီ၁၇ဦး၊ ဒိန်းမတ်၊ စပိန်၊ ယူကရိန်းနှင့် ပိုလန်တို့ တစ်ဦးစီသေဆုံးသည်ဟု ဆိုသည်။ **(အင်တာနက်)**

အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်များ ပိုမို တိုက်ခိုက်ခံနေရ တိုက်ခိုက်ရေးသမားများကို နှိမ်နင်းရန်လည်း ခက်ခဲနေ

ဘဂ္ဂဒက် နိုင်ဝင်ဘာ ၂၄

တိုက်ခိုက်ရေးသမားများသည် အမေရိကန်တို့နှင့် သက်ဆိုင်သော လေယာဉ်များကိုလည်း ဆက်လက်ပစ်ခတ်တိုက်ခိုက်လျက်ရှိသည်။ အခြေအနေတည်ငြိမ်အောင် ထိန်းချုပ်ထားနိုင်ပြီဟု အမေရိကန်စစ်ဘက်ဆိုင်ရာက ထပ်တလဲလဲ ပြောကြားနေသော်လည်း တိုက်ခိုက်မှုများ ပိုမို ဖြစ်ပွားလျက်ရှိသည်။

နိုဝင်ဘာ ၂၂ရက်က ဖြစ်ပွားခဲ့သော ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုမှာပင် သေဆုံးဒဏ်ရာရရှိသူနှင့် ပျောက်ဆုံးနေသည့် အီရတ်ရဲတပ်ဖွဲ့ဝင် စုစုပေါင်းအနည်းဆုံး ၃၈ဦးရှိရာ တည်ငြိမ်အေးချမ်းမှု ပိုမို ပျက်ပြားလျက်ရှိသည်။

စွပ်စွဲ

အီရတ်နိုင်ငံတွင် အဓိကစစ်ပွဲကြီး ပြီးဆုံးပြီဟု ကြေညာပြီးနောက်ပိုင်း၌လည်း တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေခဲ့ရာ ၎င်းတိုက်ခိုက်သူများသည် ဘာ့သ်ပါတီ အကြွင်းအကျန်များ၊ ဘာ့သ်ပါတီသစ္စာခံများနှင့် ဆက်ဒမ်ဟူစိန်သစ္စာခံများဟု အမေရိကန်တို့က ထပ်ခါတလဲလဲ စွပ်စွဲနေသည်။ အသေခံဗုံးခွဲတိုက်ခိုက်မှုများကို ကြိုးကိုင်သူများသည် ပြည်ပတိုက်ခိုက်ရေးသမားများဟု စွပ်စွဲပြောကြားလျက် ရှိသည်။

တိုက်ခိုက်

တိုက်ခိုက်ရေးသမားများကလည်း အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရာ ဒုံးကျည်၊ အသေခံဗုံး၊ ထရပ်ကားဗုံးစသည်ဖြင့် နည်းအမျိုးမျိုးဖြင့် တိုက်ခိုက်လျက်ရှိနေသည်။

ခက်ခဲ

အမေရိကန်စစ်ဘက်ဆိုင်ရာ အရာရှိများက ထိရောက်သော စုံစမ်းထောက်လှမ်းမှုများဖြင့် အီရတ် လက်နက်ကိုင်တိုက်ခိုက်ရေးသမားများကို နှိမ်နင်းရန် အီရတ်ရဲတပ်ဖွဲ့ဝင်များ၊ အီရတ်အရပ်ဘက်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော်လည်း အခြေအနေမှာ ခက်ခဲလျက်ပင်ရှိသည်။ **(စီအင်န်အင်န်)**

အီရတ်၌ အသေခံဗုံးခွဲမှုများ ခြေခလက်ခမကျန်ခဲ့

ဘဂ္ဂဒက် နိုဝင်ဘာ ၂၄

အီရတ်နိုင်ငံတွင်ရှိသည့် အမေရိကန်တပ်ဖွဲ့များသည် သတင်းထောက်လှမ်းရေးကွန်ရက်များ ဖန်တီးလုပ်ဆောင်ရလျက်ရှိနေသော်လည်း အီရတ်နိုင်ငံ၌ ဖြစ်ပွားမှုများမှာ အသေခံဗုံးခွဲမှုများဖြစ်ပြီး မေးမြန်းစုံစမ်းစရာ မကျန်ဘဲဖြစ်နေသည်။

ယခုအချိန်အထိ အီရတ်နိုင်ငံ၌ အမေရိကန်တို့သည် အကြမ်းဖက်မှု လုပ်ရပ်များကို နောက်ကွယ်မှသာခုခံတိုက်ခိုက်နေရသည်။ သတင်းပေးသူကို ဆုကြေးငွေပေးခြင်း၊ ဒုံးပစ် လောင်ချာလာရောက်အပ်နှံနိုင်သူကို ဆုကြေးပေးခြင်းများနှင့် သတင်းရအောင် မက်လုံးပေးပြီး ဆောင်ရွက်နေရသည်။

ထို့ကြောင့် တစ်နေ့လျှင် သတင်းပေးသူ နှစ်ထောင်မှ သုံးထောင် အထိရှိနေသော်လည်း ပေးသည့် သတင်းတိုင်း အမှန်ဟု မယူဆနိုင်ဘဲ ခွဲခြားဆောင်ရွက်နေရသည်။

ရရှိသော သတင်းအချက်အလက်များ၏ ၁၀ ရာခိုင်နှုန်းလောက်သာမှန်ပြီး အီရတ်နိုင်ငံတွင် အမေရိကန် တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရမှု ရပ်ဆိုင်းသွားအောင် မစွမ်းဆောင်နိုင်သေးကြောင်း သိရသည်။ **(စီအက်ဖ်အိုင်)**

အိုင်အေအီးအေဘုတ်အဖွဲ့ကို အမေရိကန်တို့ ဖျောင်းဖျနိုင်ခြင်းမရှိ

ဝါရှင်တန် နိုဝင်ဘာ ၂၄

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကြားဝင်ဖြေရှင်းပေးရန် အမေရိကန် ပြည်ထောင်စုက လိုလားသော်လည်း အမေရိကန်၏ လိုလားချက်ကို နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ(အိုင်အေအီးအေ)၏ ဘုတ်အဖွဲ့ဝင်အများစုကို လက်ခံလာအောင် ဖျောင်းဖျနိုင်ခြင်းမရှိကြောင်း သံတမန်များက သောကြာနေ့တွင် ပြောကြားသည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်သည် နျူကလီးယားလက်နက်ထုတ်လုပ်ရန် ရည်ရွယ်ဆောင်ရွက်နေသည့် အထောက်အထားများကို မတွေ့ရှိရဟု အိုင်အေအီးအေ ညွှန်ကြားရေးမှူးချုပ် မိုဟာမက်အယ်လ်ဘာရာဒေးက မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့ရာ အီရန်နိုင်ငံအပေါ် သဲကြီးမဲကြီးဖြစ်နေသော အမေရိကန်ပြည်ထောင်စုမှာ အခက်အခဲများနှင့် တွေ့ကြုံနေရသည်။ **(စီအင်န်အင်န်)**

နိုဝင်ဘာ ၂၄ ရက်က အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့အနီး၌ ပျက်ကျခဲ့သော အမေရိကန်စစ်ရဟတ်ယာဉ်တစ်စင်းကို တွေ့ရစဉ်။ (အဆိုပါ ရဟတ်ယာဉ် ပျက်ကျမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးသေဆုံးခဲ့ရသည်။) (ဓာတ်ပုံ-အင်တာနက်)

ကဘူးလ်မြောက်ဘက် အမေရိကန်စစ်ဌာနချုပ်အနီး အမေရိကန်ရဟတ်ယာဉ်ပျက်ကျ၍ တပ်ဖွဲ့ဝင်ငါးဦးသေဆုံး

ကဘူးလ် နိုဝင်ဘာ ၂၄

အာဖဂန်နိုင်ငံမြို့တော် ကဘူးလ်မြို့၏ မြောက်ဘက်ရှိ အမေရိကန်စစ်ဌာနချုပ်အနီးတွင် အမေရိကန်ရဟတ်ယာဉ်တစ်စင်း တနင်္ဂနွေနေ့က ပျက်ကျခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန် ဗဟိုစစ်ဌာနချုပ်က ပြောကြားသည်။

သေဆုံးသော တပ်ဖွဲ့ဝင်များမှာ နိုင်ငံ၏အရှေ့ဘက်တွင် ဆောင်ရွက်နေသော အမေရိကန်စစ်ဆင်ရေး၌ ပါဝင်သော တပ်ဖွဲ့ဝင်များဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ အမေရိကန် စစ်ဘက်ရဟတ်ယာဉ်တစ်စင်း အာဖဂန်နစ္စတန်နိုင်ငံ ဘာဂရမ်မြို့အနီး၌ ယနေ့ပျက်ကျသွားကြောင်း စစ်ဘက်ဆိုင်ရာက အီးမေးလ်ဖြင့် ပေးပို့သော ကြေညာချက်တွင် ဖော်ပြထားသည်။

အစောပိုင်း ရရှိသောသတင်းများတွင် တပ်ဖွဲ့ဝင် ခုနစ်ဦးဒဏ်ရာရပြီး တပ်ဖွဲ့ဝင် ငါးဦးထက်မနည်းသေဆုံးကြောင်း ဖော်ပြခဲ့သည်။ ပျက်ကျရသည့်အကြောင်းရင်းကို ရှင်းရှင်းလင်းလင်းမသိရကြောင်း၊ စုံစမ်းစစ်ဆေးနေကြောင်း စစ်ဘက်က ပြောဆိုသည်။ ကဘူးလ်မြို့မြောက်ဘက်ရှိ ဘာဂရမ်အခြေစိုက်စခန်းတွင် အမေရိကန်ပူးပေါင်းတပ်ဖွဲ့ဝင် ၁၁၆၀၀ အများစုရှိပြီး ဖြည့်စွက်ထားသော နိုင်ငံတကာငြိမ်းချမ်းရေး တပ်ဖွဲ့ဝင် ၅၀၀၀ ကဘူးလ်၌ ကင်းလှည့်လျက်ရှိသည်။ **(အင်တာနက်)**

အီရတ်ကြားဖြတ်အုပ်ချုပ်ရေးကောင်စီဝင်များနှင့် အမေရိကန်အုပ်ချုပ်ရေးမှူး သဘောထားအကြီးအကျယ်ကွဲ၍ ရရှိပြီးသော သဘောတူချက် ပျက်ရဖွယ်ရှိ

ကူဝိတ်(စီးတီး) နိုဝင်ဘာ ၂၃

အီရတ်လူမျိုးများကို အုပ်ချုပ်မှုလွှဲပြောင်းပေးရေးကိစ္စနှင့် ပတ်သက်၍ အမေရိကန်အရပ်ဘက် အုပ်ချုပ်ရေးမှူးပေါလ်ဘရီမာနှင့် အီရတ်ကြားဖြတ်အုပ်ချုပ်ရေးကောင်စီ(အိုင်ဂျီစီ)ဝင် အများအပြား သဘောထား အကြီးအကျယ်ကွဲကြောင်း ကူဝိတ်သတင်းစာ အယ်လ်ကာဘာ့စ်က သောကြာနေ့တွင် သတင်းဖော်ပြလိုက်သည်။

လွန်ခဲ့သည့် အပတ်က ရရှိပြီးဖြစ်သည့် သဘောတူချက်သည် နှစ်ဖက်သဘောကွဲလွဲမှုများကြောင့် လုံးဝပျက်ရဖွယ်ရှိကြောင်း အာရေဗျဘာသာဖြင့် ထုတ်ဝေသည့် အဆိုပါသတင်းစာက ရေးသားသည်။

အီရတ်တို့ကို အုပ်ချုပ်မှု လွှဲပြောင်းသည့်လုပ်ငန်းဆောင်ရွက်မှု ယန္တရားအသေးစိတ်သည် ကောင်စီ၏ ရှိးယားအဖွဲ့ဝင်များနှင့် ဘရီမာကြား ပေါက်ကွဲထွက်မည့် ချိန်ကိုက်ဗုံးတစ်လုံးပင်ဖြစ်ကြောင်း သတင်းစာက ဆက်လက်ရေးသားလိုက်သည်။

အဓိကအကြောင်းရင်း

နှစ်ဖက်ကြား သဘောကွဲလွဲမှု ဖြစ်ရခြင်းသည် ဘရီမာ၏ ကြေညာချက်၌ ဖော်ပြထားသည့် ကောင်စီဖျက်သိမ်းရေးကိစ္စကို ကောင်စီဝင်အများက ကန့်ကွက်ကြခြင်းသည် အဓိကအကြောင်းရင်းဖြစ်ကြောင်း သတင်းစာက ရေးသားသည်။

အမ်အင်အေ၊ ဆင်ဟွာ

စစ်ဆေးကြည့်ရှု

နိုဝင်ဘာ ၂၄ ရက်က မိုဆူးလ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရသည့်နေရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ဆေးကြည့်ရှုနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြည်သူများသို့ အုပ်ချုပ်မှုအမြန်လွှဲရေး မလေးရှားနိုင်ငံခြားရေးဝန်ကြီးပြောကြား

ကွာလာလမ်ပူ နိုဝင်ဘာ ၂၃

ကုလသမဂ္ဂ၏ စားနပ်ရိက္ခာ ရေနံအစီအစဉ် ယမန်နေ့ကအဆုံးသတ်ပြီးနောက် အီရတ်နိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာနှင့် လျင်မြန်စွာ နိုင်ငံပြန်လည်တည်ထောင်ရေးကို ဆောင်ရွက်နိုင်မည်ဟု မလေးရှားနိုင်ငံက မျှော်လင့်ကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဒါတွတ်ဟာမစ်ဆာယက်အယ်ဘာက ပြောကြားလိုက်သည်။

စားနပ်ရိက္ခာအတွက် ရေနံရောင်းရငွေများကို အီရတ်တို့က ထိန်းချုပ်ပြီး နိုင်ငံပြန်လည်တည်ဆောက် ရေးတွင် အီရတ်တို့အကျိုးရှိရှိသုံးကြမည်ဟုလည်း မျှော်လင့်ကြောင်း၊ ထိုစားနပ်ရိက္ခာအတွက် ရေနံရောင်းသည့် အစီအစဉ်အဆုံးသတ်ပြီးနောက် အီရတ်နိုင်ငံကို လောလောဆယ် သိမ်းပိုက်ထားသည့် တပ်များက ထိန်းချုပ်လျက်ရှိသည့်အတွက် မည်သူက ထိုငွေကိုထိန်းမည်နည်းဟူသော ကိစ္စအပေါ် စိုးရိမ်မကင်းရှိကြောင်းဖြင့်လည်း ၎င်းကပြောဆိုသည်။

လာမည့်နှစ် ဇွန်လတွင် အီရတ်နိုင်ငံအချုပ်အခြာအာဏာ ပြန်ပေးရေးအတွက် လွတ်လပ်သည့်ရွေးကောက်ပွဲများ ကျင်းပရေးရည်မှန်းချက်ကို အမေရိကန်နိုင်ငံနှင့် အီရတ်အုပ်ချုပ်ရေးကောင်စီတို့က အချိန်မီဆောင်ရွက် ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။ အီရတ်ပြည်သူများသို့ အီရတ်အချုပ်အခြာအာဏာ အမြန်ရောက်လေ အီရတ်နိုင်ငံတွင် တည်ငြိမ်မှုမြန်မြန်ရလေဖြစ်ကြောင်း ၎င်းကထည့်သွင်းပြောဆိုသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

စောင့်ကြပ်

နိုဝင်ဘာ ၂၄ရက်က ဘဂ္ဂဒက်မြောက်ဘက်တွင် ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားသည့်နေရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံရေးစောင့်ကြပ်လျက်ရှိသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၏ ကြွေးမြီ ဂျာမနီလျှော့ပစ်ရန်စဉ်းစားမည်

ဘာလင် နိုဝင်ဘာ ၂၄

အီရတ်နိုင်ငံ၏ နိုင်ငံခြားကြွေးမြီကိစ္စကို ပြန်လည်၍ အချိန်ဇယားရေးဆွဲစီစဉ်ရန် မြီရှင်အစိုးရများ၏ ပါရီကလပ်ကို ဂျာမနီဝန်ကြီးချုပ် ဂါဟာ့ဒ်ရှရိုဒါက စနေနေ့၌ တိုက်တွန်းလိုက်ပြီး ဘာလင်သို့ အီရတ်ကပေးရန်ရှိသော ကြွေးမြီအချို့ကို လျှော့ပစ်ရေးစဉ်းစားရန် ဂျာမနီက ဆန္ဒရှိကြောင်း ပြောဆိုလိုက်သည်။

အီရတ်၏ နိုင်ငံခြားကြွေးမြီကိစ္စကို ရေရှည်အချိန်ဇယားပြန်လည်ရေးဆွဲရေး ဆုံးဖြတ်ရန်မှာ ပါရီကလပ်တာဝန် ဖြစ်ကြောင်း ရှရိုဒါက ပြောကြားသည်။

မြီရှင်နိုင်ငံများ၏ တာဝန်ဆိုသည်မှာ မိမိသဘောထား အမြင်ဖြစ် ကြောင်း ရှရိုဒါက ပြောဆိုသည်။

ဂျာမနီနိုင်ငံသည် အီရတ်က ဘာလင်သို့ပေးရမည့် ကြွေးမြီ ယူရို ၁ဒသမ ၁ဘီလီယံခန့် (ဒေါ်လာ ၅ဒသမ ၂ဘီလီယံ) ကိုလျှော့ပစ်ရန်မစဉ်းစားကြောင်း ပြောဆိုခဲ့သည်။

ပြင်ဆင်မည်

ဂျာမနီနိုင်ငံသည် အီရတ်၏ နိုင်ငံခြားကြွေးမြီကိစ္စကို ပြန်လည်စေ့ စပ်ဆွေးနွေးခြင်းဖြင့် အီရတ်အား ကူညီရန် ပြင်ဆင်မည်ဖြစ်ကြောင်း ဂျာမနီလူထု ဆက်သွယ်ရေးက လွန်ခဲ့သည့် လထဲ၌ ရေးသားဖော်ပြခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်တို့၏ ပြောက်ကျားစနစ် အမေရိကန်တို့ရင်ဆိုင်ကြုံတွေ့နေ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၄

ပြောက်ကျားစနစ်ကို အီရတ်အခြေခံပြီး တိုက်ခိုက်နေခြင်းအား အီရတ်ရှိ အမေရိကန်တို့ ရင်ဆိုင်ကြုံတွေ့နေ ရသည်။ အမေရိကန်တို့နှင့် ပူးပေါင်းဆောင်ရွက်နေသည့် အီရတ်ရဲများနှင့် အီရတ်လူမျိုးများသည်လည်း ယခုအခါ ပစ်မှတ်ဖြစ်လာရသည်။

ပြီးခဲ့သော စနေနေ့က ရဲစခန်းနှစ်ခုကို အသေခံကားဗုံးဖောက်ခွဲ တိုက်ခိုက်ခဲ့ခြင်းကြောင့် ရဲအရာရှိများသည် ရဲစခန်းသို့သွားကာ တာဝန်ထမ်းဆောင်ရန် ကြောက်ရွံ့စိုးရိမ်နေကြကြောင်း၊ ရေနံမြေများလုံခြုံရေးအတွက် တာဝန်ရှိသည့် အီရတ်ဗိုလ်မှူးကြီးလည်း ပြီးခဲ့သော တနင်္ဂနွေနေ့က လုပ်ကြံသတ်ဖြတ်ခံခဲ့ရကြောင်း၊ အမေရိကန် ဒီအိပ်ချ်အယ်လ် ကုန်တင်လေယာဉ်ပစ်ချခံရခြင်းမှာ ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်ခံရခြင်းဖြစ်ကြောင်း၊ မြေပြင်ထောက်လှမ်းရေး သတင်းရရှိမှုအားနည်းချက်ကြောင့် အမေရိကန်တို့ ယခုကဲ့သို့ တိုက်ခိုက်ခံရခြင်း ဖြစ်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ အရာရှိများက ပြောကြားခဲ့ကြောင်း သိရသည်။

(စီအင်န်အင်န်)

အီရတ်အား သန့်စင်ရေနံထွက်ပစ္စည်းများ အီရန်ကူညီမည်ဟုဆို

ကူဝိတ် နိုဝင်ဘာ ၂၄

အီရတ်နိုင်ငံတွင် ဆောင်းရာသီကို ကာကွယ်ရန်အတွက် အကူအညီပေးရန် အီရတ်နိုင်ငံအား သန့်စင်ထားသော ရေနံထွက်ပစ္စည်းများကို အီရန်ကပေးသွားရန် အီရန်နိုင်ငံက စနေနေ့တွင် မူအားဖြင့် သဘောတူလိုက်ကြောင်း၊ အပြန်အလှန်အားဖြင့် အီရတ်နိုင်ငံ၏ ရေနံစိမ်းကို အီရန်နိုင်ငံ ပြန်ရဖွယ်ရှိကြောင်း အီရတ်ရေနံဝန်ကြီးဌာန အရာရှိတစ်ဦးက ပြောကြားသည်။

အပြန်အလှန်ဖလှယ်မှု လွယ်ကူအဆင်ပြေစေရန်အတွက် နှစ်နိုင်ငံရေနံထုတ်ကုန်များနှင့် ဓာတ်ငွေ့ကွန်ရက် လုပ်ငန်းကို ဆက်စပ်ပေးမည့် အစီအစဉ်တစ်ရပ်ကိုလည်း အီရန်-အီရတ် ပူးတွဲကော်မတီက မကြာမီ လေ့လာမည်ဖြစ်ကြောင်း အီရတ် ရေနံဝန်ကြီးဌာနပြောခွင့်ရှိသူ အေဆင်မ်ဂျီဟာက်ဒ်က တီဟီရန်မှနေ၍ ကူဝိတ်ရှိ ရိုက်တာသတင်းဌာနသို့ ဖုန်းဖြင့် ပြောသည်။

လာမည့်ဆောင်းရာသီကို ရင်ဆိုင်ရန်အတွက် အီရတ်လိုအပ်သည့် ရေနံထွက်ကုန်များကို သဘောတူချက်အရ အီရန်ကပေးသွားမည်ဖြစ်ကြောင်း၊ ပေးပို့မည့်ပစ္စည်းများမှာ ရေနံဓာတ်ငွေ့ရည်၊ ဓာတ်ဆီနှင့် ရေနံဆီတို့ကို အမြန်ဆုံးတင်ပို့မည်ဖြစ်ကြောင်း ဂျီဟာက်ဒ်က ပြောဆိုသည်။

အီရတ်ရေနံဝန်ကြီးနှင့် အီရန် ရေနံဝန်ကြီးတို့နှစ်ဦး တီဟီရန်၌ စနေနေ့က ဆွေးနွေးအပြီး သဘောတူချက် ရရှိခဲ့ကြောင်း၊ သဘောတူချက် အကောင်အထည်ဖော်ရေးလုပ်ငန်းဆောင်ရွက်မှုယန္တရားကို ပူးတွဲကော်မတီက လေ့လာနေကြောင်း ဂျီဟာက်ဒ်က ပြောသည်။ အီရတ်ရေနံဝန်ကြီးသည် တနင်္ဂနွေနေ့၌ အီရတ်သို့ ပြန်ရန်စီစဉ်ထားပြီး ၎င်းသည် ပင်လယ်ကွေ့ အိုပက်နိုင်ငံများဖြစ်သော ကူဝိတ်၊ ဆော်ဒီအာရေဗျနှင့် ကာတာနိုင်ငံတို့သို့ ခရီးထွက်ခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ

အီရတ်နှင့်ဆိုင်သောနိုင်ငံတကာညီလာခံ ကျင်းပသွားရန် ကုလသမဂ္ဂသံတမန်များကို ရုရှားနိုင်ငံက ဖိအားပေးပြောဆို

ကုလသမဂ္ဂ နိုဝင်ဘာ ၂၄

အာဖဂန်နစ္စတန်ဆိုင်ရာ ကုလသမဂ္ဂ ညီလာခံမျိုးနှင့် အလားသဏ္ဍာန်တူသော အီရတ်ဆိုင်ရာ ကုလသမဂ္ဂ နိုင်ငံတကာညီလာခံကျင်းပသွားရန် ကုလသမဂ္ဂသံတမန်များကို ရုရှားနိုင်ငံက ယခုသီတင်းပတ်၌ ဖိအားပေးခဲ့သည်ဟု သိရသည်။

အီရတ်ကို အမေရိကန်နှင့်ဗြိတိန်တို့ ကျူးကျော်တိုက်ခိုက်ခြင်းအား ရုရှားနှင့်အတူ ဦးဆောင်ဆန့်ကျင်ခဲ့ကြသော ပြင်သစ်၊ဂျာမနီနှင့် တရုတ်နိုင်ငံတို့က အီရတ်အား အချုပ်အခြာအာဏာ အမြန်ဆုံးပြန်ပေးရာတွင် ကုလသမဂ္ဂက အဓိကအခန်းကဏ္ဍမှ ပါဝင်သင့်ကြောင်း သောကြာနေ့တွင် ပြောကြားခဲ့သည်။ အဆိုပါသုံးနိုင်ငံမှ သံတမန်များသည် ပို၍သတိထားစောင့်ကြည့်နေကြသည်ဆိုသော်လည်း ကုလသမဂ္ဂ၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် အီရတ်ဆိုင်ရာ နိုင်ငံတကာညီလာခံကျင်းပရေးစီစဉ်ရန် ရုရှားနိုင်ငံခြားရေးဝန်ကြီး အီဂေါ်အီဗာနော့က ဗုဒ္ဓဟူးနေ့တွင် အဆိုပြုချက်ကို ထောက်ခံခဲ့ကြသည်။

ယင်းအစည်းအဝေးသည် ပူးတွဲဖြေရှင်းရေးအစီစဉ်ကို မူကြမ်းရေးဆွဲနိုင်ပြီး ယင်းနောက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ အဆိုပါမူကြမ်းကို တင်သွင်းမည်ဟု အီဗာနော့က ပြောကြားခဲ့သည်။ **(အင်တာနက်)**

လူထုစစ်တမ်းကောက်ယူမှု ဘုရှ်ကိုမလိုလားသူတိုးလာ

မိုဆူးလ် နိုဝင်ဘာ ၂၄

လာမည့်သမ္မတ ရွေးပွဲမတိုင်မီ နှစ်တွင် ၂၀၀၀ ပြည့်နှစ်က ရှိခဲ့သော အမေရိကန်မဲဆန္ဒရှင်များ အနေအထားသည် သမ္မတဂျော့ဒဗလျူဘုရှ်၏ ပြဿနာအပေါ်တွင် ခလယ်ကွဲပြီးကျ ဆင်းသွားကြောင်း တိုင်းမ်မဂ္ဂဇင်းနှင့် စီအင်န်အင်န်တို့က ကောက်ယူသည့် လူထုသဘောထား စစ်တမ်းအရသိရသည်။

တနင်္ဂနွေက ထုတ်ပြန်ခဲ့သော လူထုသဘောထား စစ်တမ်း၌ ဘုရှ်ပြန်လည် အရွေးခံရေး မလိုလား မနှစ်မြို့ကြ်သူ သို့မဟုတ် အလွန်အမင်း မလိုလား မနှစ်မြို့ကြ်သူ ၄၈ ရာခိုင်နှုန်း ရှိကြောင်း ဖော်ပြခဲ့သည်။

ဘုရှ်ပြန်အရွေးခံရရေးတွင် ဒုက္ခအပေးဆုံးဖြစ်မည့်သူမှာ ဒီမိုကရက်ပါ တီမှ အငြိမ်းစားဗိုလ်ချုပ်ကြီးဝက်စ်လီကလပ်ဖြစ်မည်ဆိုသည်ကို စူးစမ်းလေ့လာသော ရလဒ်များအရ သိရသည်။

အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးနှင့် စစ်ပြီးကာလ အီရတ်နိုင်ငံ ကိစ္စကို ကိုင်တွယ်မှု ဆောင်ရွက်မှုသည် ၂၀၀၄ခုနှစ် သမ္မတရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးတွင် ဘုရှ်အတွက် အန္တရာယ် အပေးဆုံး ပြဿနာနှစ်ရပ်ဖြစ်ဖွယ်ရှိသည်။

အမ်အင်အေ၊ ရိုက်တာ

ဗုံးခွဲတိုက်ခိုက်မှုများ၏ အကြောင်းရင်းခံ အမေရိကန်ကို ဆန့်ကျင်ကန့်ကွက်

အစ္စတန်ဘူလ် နိုဝင်ဘာ ၂၃

ယခုသီတင်းပတ်၌ အစ္စတန်ဘူလ်မြို့တွင်ဖြစ်ပွားခဲ့သော အသေခံဗုံးဖောက်ခွဲမှုများကို ထောင်ဂဏန်းအချို့ရှိသော တူရကီလူမျိုးများသည် အစ္စတန်ဘူလ်နှင့် အခြားမြို့ကြီးများ၌ စနေနေ့ကစုရုံးကြ၍ ပြစ်တင်ရှုတ်ချခဲ့ကြပြီး ဗုံးခွဲတိုက်ခိုက်မှုများ၏ အကြောင်းရင်းခံဖြစ်သော အမေရိကန်ပြည်ထောင်စုကို အများအပြားက ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။

ယင်းအကြမ်းဖက်တိုက်ခိုက်မှု၏ နောက်ကွယ်တွင် နယ်ချဲ့အင်အားကြီးနိုင်ငံတို့ရှိကြောင်း၊ အင်အားကြီးနိုင်ငံများသည် အရှေ့အလယ်ပိုင်းဒေသကို သွေးစွန်းသောလမ်းကြောင်းသို့ ပြောင်းပစ်နေကြကြောင်း၊ အင်အားကြီးနိုင်ငံတို့သည် တူရကီနိုင်ငံကို သွေးစွန်းသောလမ်းပေါ်သို့ တရွတ်ဆွဲခေါ်လိုကြသော်လည်း သူတို့အရေးနိမ့်ကြမည်ဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်ဟောင်း အစ္စမေးလ်ယီလ်ဒီရင်မ်ကပြောဆိုသည်။

လူအုပ်ထဲမှ အချို့သောလူများသည် တူရကီအလံများကို ကိုင်ဆောင်ကာ အောက်မေ့ဖွယ်အထိမ်းအမှတ်အဖြစ် တစ်မိနစ်မျှပူပြင်းသော ဆောင်း၏ နေရောင်အောက်၌ ငြိမ်သက်စွာ ရပ်နေခဲ့ကြသည်။

လူသတ်သမားများ မည်သူဆိုသည်ကို မိမိတို့သိကြောင်း ရေးထားသည့်ပုံစာကို အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်နှင့် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲတို့၏ ရုပ်ပုံများအောက်၌ ရေးသားပြီး ဆန္ဒပြကြသည်။

တူရကီနိုင်ငံသည် အမေရိကန်ပြည်ထောင်စု၏ ရင်းနှီးသော နေတိုးမဟာမိတ်ဖြစ်သော်လည်း တူရကီအများအပြားက အမေရိကန်ပြည်ထောင်စု၏ အရှေ့အလယ်ပိုင်းဆိုင်ရာ မူဝါဒသည် အစ္စတန်ဘူလ်၌ တိုက်ခိုက်မှုများဖြစ်အောင် သွယ်ဝိုက်ပြီး ဆွပေးထားသည်ဟု ယုံကြည်ကြသည်။

အမ်အင်အေ၊ရိုက်တာ

စစ်ဆေးမေးမြန်း

နိုဝင်ဘာ ၂၄ရက်က ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားပြီးနောက် စစ်ဆေးရေးဂိတ်တစ်ခုတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက အီရတ်တစ်ဦးကို စစ်ဆေးရန် လက်မြှောက်ခိုင်းထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိုကျိုတွင်ဆန္ဒပြ

နိုဝင်ဘာ ၂၄ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့လယ်တွင် အီရတ်သို့ ဂျပန်တပ်ဖွဲ့ဝင်များ စေလွှတ်ဖွယ်ရှိမှုအတွက် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသော ပြည်သူများကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဥရောပအာကာသ အေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ယခုနှစ်အတွင်း တရုတ်ပြည်က ဂြိုဟ်တုလွှတ်တင်မည်

ဘေဂျင်း နိုဝင်ဘာ ၂၄

ဥရောပ အာကာသအေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ယခုနှစ်အတွင်း ဂြိုဟ်တုတစ်လုံးကို တရုတ်အာကာသအေဂျင်စီက လွှတ်တင်မည်ဖြစ်သည်။ အဆိုပါဂြိုဟ်တု ပရိဘီ အမှတ် ၁ကို တရုတ်လုပ်ဒုံးပျံဖြင့် အာကာသထဲသို့ ပို့ဆောင်မည်ဟု တရုတ်အမျိုးသား အာကာသအုပ်ချုပ်ရေးအဖွဲ့က ပြောကြားသည်။

ဖွဲ့စည်းမည်

ပရိဘီအမှတ်၁ ဂြိုဟ်တုနှင့် လာမည့်နှစ်၌ နောက်ထပ်လွှတ်မည့် ဂြိုဟ်တု၏ပတ်လမ်းသည် ၅၅၀ကီလိုမီတာမှ ၆၆၉၇၀ ကီလိုမီတာရှိမည်ဖြစ်ပြီး လွတ်လပ်သော ကမ္ဘာမြေအာကာသစနစ်ကို ဖွဲ့စည်းမည်ဖြစ်သည်ဟု အုပ်ချုပ်ရေးအဖွဲ့က ပြောကြားသည်။

စာချုပ်ချုပ်

ပရိဘီ အမှတ်၁သည် တရုတ်ပြည်က လွှတ်တင်ခဲ့သမျှသော ဂြိုဟ်တုများတွင် အမြင့်ဆုံးပျံသန်းသည့် ဂြိုဟ်တုဖြစ်ပြီး ဥရောပအာကာသ အေဂျင်စီ (အီးအက်စ်အေ)နှင့် တရုတ်အကယ်ဒမီသိပ္ပံ(စီအေအက်စ်)တို့၏ ပစ္စည်းကိရိယာများကို သယ်ဆောင်သွားမည်ဖြစ်သည်။ တရုတ်အမျိုးသားအာကာသ အုပ်ချုပ်ရေးအဖွဲ့နှင့် အီးအက်စ်အေတို့သည် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို ပါရီ၌ ၂၀၀၁ခုနှစ်က ချုပ်ဆိုထားခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ရွှေပြည်သာမြသိန်းတန်ဓမ္မရိပ်သာတရားစခန်း

ရန်ကုန် နိုဝင်ဘာ ၂၅

ရွှေပြည်သာမြို့နယ် အုပ်ဖိုစု မြသိန်းတန်ဓမ္မရိပ်သာ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ (၃၈)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းကို ဒီဇင်ဘာ ၁ ရက် နံနက် ၈ နာရီတွင် စတင်ဖွင့်လှစ်၍ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်း၏ ကမ္မဋ္ဌာန်းဆရာ လေးဦးက အနီးကပ်ပြသကြမည်ဖြစ်ရာ ဖုန်း–၆၁၀၈၇၉ နှင့် ၆၁၀၈၉၃ တို့သို့ ဆက်သွယ်နိုင်သည်။ ယောဂီများကို ဖွင့်မည့်နေ့ နံနက်၇ နာရီတွင် မင်္ဂလာဗျူဟာအသင်းချုပ်မှ ရွှေပြည်သာ တရားစခန်းသို့ အခမဲ့ပို့ဆောင်ပေးမည်ဟုသိရသည်။ **(က–ပ)**

စက်မှုစွမ်းအား ခေတ်ကျော်လွှား



မြန်မာ–တရုတ်နှစ်နိုင်ငံချစ်ကြည်ရေး တင်းနစ်လက်ရွေးစင်ပြိုင်ပွဲဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၅

မြန်မာ–တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး တင်းနစ်လက်ရွေးစင်ပွဲ ဒုတိယမြောက်နေ့ပွဲစဉ်များကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက် ကြည့်ရှုအားပေးသည်။ (အပေါ်ပုံ)

ယနေ့ ကျင်းပသော မြန်မာ–တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရေး တင်းနစ် လက်ရွေးစင်ပွဲ ဒုတိယနေ့ ပွဲစဉ်များတွင် အမျိုးသား တစ်ဦးချင်း ပွဲစဉ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Chen Zin နှင့် မြန်မာနိုင်ငံမှ ဇော်ဇော်လတ်တို့အတွဲက လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Tan Hai Yun နှင့် မြန်မာနိုင်ငံမှ မင်းမင်းတို့အတွဲက လည်းကောင်း၊ အမျိုးသား နှစ်ယောက်တွဲ ပွဲစဉ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Yang Jine Zhu နှင့် Li Can တို့အတွဲနှင့် မြန်မာနိုင်ငံမှ ခင်မောင်ဝင်းနှင့် တူးမော်တို့အတွဲကလည်းကောင်း၊ အမျိုးသမီး တစ်ဦးချင်း ပွဲစဉ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Ma Jiang Ling နှင့် မြန်မာနိုင်ငံမှ ကြည်မြဇော်တို့ အတွဲကလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Dine Ying နှင့် မြန်မာနိုင်ငံမှ ချစ်စုရည်တို့အတွဲကလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Jiang Ting နှင့် မြန်မာနိုင်ငံမှ အေမီထွန်းတို့ အတွဲကလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Na Wei နှင့် မြန်မာနိုင်ငံမှ မိုးချစ်သဲတို့အတွဲကလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Jiang Ting နှင့် မြန်မာနိုင်ငံမှ ချစ်စုရည်တို့ အတွဲကလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Ma Jiang Ling နှင့် မြန်မာနိုင်ငံမှ အေမီထွန်းတို့အတွဲက လည်းကောင်း၊ အမျိုးသား နှစ်ယောက်တွဲပွဲစဉ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Li Can နှင့် Tan Hai Yun တို့အတွဲနှင့် မြန်မာနိုင်ငံမှ ခင်မောင်ဝင်းနှင့် မင်းမင်းတို့ အတွဲကလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Yang Jing Zhu နှင့် Chen Xin တို့အတွဲနှင့် မြန်မာနိုင်ငံမှ ဇော်ဇော်လတ်နှင့် တူးမော်တို့အတွဲကလည်းကောင်း၊ အမျိုးသား တစ်ဦးချင်း ပွဲစဉ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Chen Xin နှင့် မြန်မာနိုင်ငံမှ တူးမော်တို့ အတွဲကလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Tan Hai Yun နှင့် မြန်မာနိုင်ငံမှ ဇော်ဇော်လတ်တို့အတွဲကလည်းကောင်း၊ အမျိုးသမီး နှစ်ယောက်တွဲပွဲစဉ် အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Nawei နှင့် Ding Ying တို့ အတွဲနှင့် မြန်မာနိုင်ငံမှ အေမီထွန်းနှင့် ကြည်မြဇော်တို့အတွဲကလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Ma Jiang Ling နှင့် Jiang Ting တို့ အတွဲနှင့် မြန်မာနိုင်ငံမှ မိုးချစ်သဲနှင့် ချစ်စုရည်တို့ အတွဲကလည်းကောင်း ချစ်ကြည်ရေး လက်ရွေးစင်ပွဲစဉ်များ အသီးသီး ယှဉ်ပြိုင်ကစားကြသည်။

မြန်မာ–တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရေး တင်းနစ်လက်ရွေးစင်ပွဲ တတိယနေ့ အပြီးသတ်ပွဲစဉ်များကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မိုးကုတ်ဝိပဿနာစခန်းဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၅

ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ ကော်ခြံကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၂၁၅)တွင် ဒီဇင်ဘာ ၂ ရက်မှ ၈ ရက်အထိ ခုနစ်ရက်တရားစခန်းဖွင့်လှစ်မည်ဖြစ်ရာ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဲခူးမြို့ နန္ဒဝန် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာမှ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသူရိယမထေရ်မြတ်က ပဋိစ္စသမုပ္ပာဒ်ဒေသနာတော်မြတ်နှင့် သစ္စာလေးပါးတရားတော်များကို ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်း ဝင်လိုသူ ယောဂီများသည် နတ်တော် လဆန်း ၈ ရက် (ဒီဇင်ဘာ ၁ ရက်) ညနေအရောက်လာကြရန်နှင့် အကျိုးတော်ဆောင်အဖွဲ့ ဖုန်း–၀၅၂–၂၃၈၂၂ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

မင်္ဂလာအခါပေးဗေဒင်ပြက္ခဒိန်ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၅

၂၀၀၄ ခုနှစ် အောင်ခြင်းမင်္ဂလာ အခါတော်ပေးဗေဒင်ပြက္ခဒိန်ကိုမြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့ ဒု–ဥက္ကဋ္ဌ ဆရာဦးမြင့်လွင် ဖုန်း–၅၈၀၂၆၄၊ ဦးစိုးနိုင် ဖုန်း–၅၆၀၇၄၉နှင့် မန္တလေးဖြန့်ချိရေး ဆန်းစတား ဖုန်း–၃၁၀၅၅၀ တို့က ဖြန့်ချိလိုက်သည်။**(အပေါ်ပုံ)(က–ပ)**

မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် မြင်းခွာနှင့်မြင်းသံခွာတပ်ဆင်ခြင်းသင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်နှင့် မလေးရှားနိုင်ငံမှ Equime Council တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် မြင်းခွာနှင့်မြင်းသံခွာတပ်ဆင်ပြုပြင်ခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ပြည်ထောင်စုလမ်းရှိ ရန်ကုန်မြင်းစီးအသင်းခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ရဲမှူးချုပ်တင်ဝင်း၊ ရန်ကုန်မြင်းစီးအသင်းဥက္ကဋ္ဌ ဦးငြိမ်းကျော်၊ အဖွဲ့ချုပ်အမှုဆောင်များ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ပထမဦးစွာ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးချုပ်တင်ဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး သင်တန်းကိုဖွင့်လှစ်ပေးသည်။ ထို့နောက် ရန်ကုန် မြင်းစီးအသင်း ဥက္ကဋ္ဌ ဦးငြိမ်းကျော်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာနှင့် တက်ရောက်လာကြသူများအား တစ်ဦးချင်းမိတ်ဆက်ပေးသည်။

အဆိုပါသင်တန်းတွင် ဩစတြေးလျနိုင်ငံမှ မြင်းခွာနှင့် မြင်းသံခွာကျွမ်းကျင်သူ Mr. Ian Robert Johnson က မြင်းခွာနှင့် မြင်းသံခွာတပ်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများနှင့်ပတ်သက်၍ စာတွေ့လက်တွေ့ သင်ကြားပြသပေးမည်ဖြစ်သည်။ သင်တန်းသို့ သင်တန်းသား ၃၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၃၀ ရက်အထိ ဖြစ်ကြောင်းသိရသည်။ **(က–ပ)**

မြန်မာနိုင်ငံသူနာပြုအသင်း အားကစားပြိုင်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံသူနာပြုအသင်း၏ (၄၈)ကြိမ်မြောက် သူနာပြုအားကစားပြိုင်ပွဲကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဒီဇင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အားကစားပြိုင်ပွဲများအဖြစ် ပြေးခုန်ပစ်၊ ဘော်လီဘော၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်းနှင့် ဘောလုံး(အမျိုးသမီး)တို့ပါဝင်မည်ဖြစ်သည်။ ဘောလုံးပြိုင်ပွဲကို ကြိုတင်ကျင်းပမည်ဖြစ်ပါ၍ ပါဝင်ယှဉ်ပြိုင်မည့်အသင်းများအနေဖြင့် ရန်ကုန်မြို့သို့ ဒီဇင်ဘာ ၄ ရက်နောက်ဆုံးထားရောက်ရှိကြရန်နှင့် အသေးစိတ်သိလိုသောအချက်များကို ဖုန်း–၆၄၃၇၂၈၊ ၂၈၆၉၆၆သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

■ *လူမှုဝန်ထမ်းမှ*

ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က ရွှေရတုအထိမ်းအမှတ် ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က လူမှုဝန်ထမ်းဦးစီးဌာန ဖြစ်ပေါ်လာပုံနှင့် နှစ်(၅၀)ပြည့် သမိုင်းအကျဉ်းချုပ်ကို တင်ပြသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာနက ချီးမြှင့်သော နှစ်(၅၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်က မေတ္တာဝါဒီဟင်္သာတကျောင်းစာသင်တိုက် ပရဟိတဆရာတော် ဘဒ္ဒန္တစန္ဒောဘာသထံဆက်ကပ်သည်။

ထို့နောက်လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က လူမှုဝန်ထမ်းဦးစီးဌာနက ချီးမြှင့်သော နှစ်(၅၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်များကို ဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များအား ချီးမြှင့်ရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ ဦးလှထွန်း (မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း)၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအဖွဲ့ ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ စာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာန ဥက္ကဋ္ဌ ဦးသန်းဦး၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီးကိုယ်စား ဝန်ကြီး၏ဇနီး ဒေါ်ခင်အေးတို့အား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ရာ အသီးသီးလက်ခံရယူကြပြီး လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်အား လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာနသို့ အလှူရှင်အေးရှားဝေါလ်ကုမ္ပဏီမှ ဦးထွန်းမြင့်နိုင်က ငွေကျပ် ၁၀ သိန်း၊ မေတ္တာရောင်ပြန်ရုပ်ရှင်ထုတ်လုပ်ရေးက ငွေကျပ် ၉၈၉၀၀၀၊ ချစ်သူရုပ်ရှင်ထုတ်လုပ်ရေးက ငွေကျပ် ၉၇၀၅၀၀၊ မင်္ဂလာကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာ ဦးဇော်မင်းက ငွေကျပ် ၉၀၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်ကလည်းကောင်း၊ ဦးလှထွန်း (မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း)က ငွေကျပ်ငါးသိန်း၊ ဦးမြတ်စိုး(ဒို့ရွှေပြည်ဆောက်လုပ်ရေး)က ငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်ကလည်းကောင်း လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်"ရင်ခွင်"ဗီဒီယိုဇာတ်ကားရိုက်ကူးပေးခြင်းအတွက် ဒါရိုက်တာမောင်မောင်ဦး (စန္ဒီးပိုက်)ကိုယ်စား ဇာတ်ညွှန်းရေး ဆရာကိုသန်းဦးအား ဒုတိယဝန်ကြီး ဦးမောင်အောင်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ဒုတိယပိုင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မူလတန်းကြိုကျောင်းများမှ ရင်သွေးငယ်များ၊ အမျိုးသမီးလေးများ၊ သင်တန်းကျောင်း၊ ကျိုက်ဝိုင်းလူငယ် သင်တန်းကျောင်း၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၊ ခဝဲခြံမျက်မမြင်ကျောင်း၊ မေရီချက်ပ်မင်း နားမကြားသော ကလေးများကျောင်းနှင့် မသန်စွမ်းသင်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများနှင့် ရင်သွေးငယ်များက အကပဒေသာများဖြင့်လည်းကောင်း ခေတ်ပေါ်တေးဂီတများနှင့် အငြိမ့်များဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

မဟာသတင်းဂျာနယ် အတွဲ(၂)၊အမှတ်(၁၃) ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၅

မဟာသတင်းဂျာနယ် အတွဲ(၂)၊ အမှတ်(၁၃)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်ရာ မျက်နှာဖုံးသတင်းတွင် ၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၄ ရက် ည ၁၂နာရီတိတိတွင် အနုပညာလုပ်ငန်းများအားလုံး ရပ်ပစ်မည်ဆိုသည့် ကျော်ဟိန်း၊ သတင်းနှင့်အတူ စွန်ရဲ၏ တွေ့ကြုံခဲ့ရလူ့ဘဝ (၄၆)၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ နတ်မောက်ထွန်းရှိန်၊ ဆူဒိုနင်တို့၏ ဆောင်းပါးများနှင့်အတူ ကျောက်ဘီလူး တင်မောင်ဆွေ၊ ကျော့မောင်(မင်္ဂလာတောင်ညွန့်)တို့၏ ပြည်ပအားကစားသတင်းများ၊ စိုးသိဏ်း၊ ဇေယျာမြတ်ခိုင်၊ မောင်မျိုး (ကြောင်နှစ်ကောင်)၊ သက်ကိုကိုတို့၏ ပြည်တွင်းပြည်ပ အနုပညာသတင်းများ အပြင် မြတ်ခိုင်၏ မေးခွန်း ၁၀၀၀၊ အင်္ဂါစကားဝိုင်းတို့ပါဝင်ပြီး ပရိသတ်အကြိုက် 3 D အစီအစဉ်လည်း ပါဝင်ကြောင်းသိရသည်။**(အပေါ်ပုံ)** **(က–ပ)**

ဒါတွေကိုသိဖို့လိုတယ်

- ❖ မြောက်တိုင်းလည်း မမြောက်နဲ့
- ❖ ခြောက်တိုင်းလည်း မကြောက်နဲ့
- ❖ ချော့တိုင်းလည်း မပျော့နဲ့

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

ပူဇော်ကန်တော့

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၆၅ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပစဉ်။
(သတင်းစဉ်)

▼ *ကလောင်ပျို့မှ*

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်) က ၁၃၆၅ ခုနှစ်အတွက် အသက်(၈၀)နှစ်နှင့်အထက် ကန်တော့ခံ သက်ကြီးစာပေပညာရှင် ၁၁၉ ဦးအနက် ယနေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် ကန်တော့ခံ သက်ကြီးစာပေပညာရှင် ၇၇ ဦးတို့အား တစ်ဦးချင်းစီ မိတ်ဆက်ပေးသည်။

ငွေလှူဒါန်း

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးအေးထွန်း(ထူးအောင်)က ၁၃၆၅ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၅၉၅၀၀၀၊ ပြည်ထဲရေးဝန်ကြီးဌာန (စာပေစိစစ်နှင့်မှတ်ပုံတင်ဌာန)က ငွေကျပ် ၈၂ သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ငွေကျပ် ၂၅၀၀၀၀၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ်နှစ်သိန်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ်သုံးသိန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့်ဇနီး ဒေါ်ခင်ခင်လေး မိသားစုကငွေကျပ်တစ်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း မိသားစုက ငွေကျပ် ၅၀၀၀၀၊ ဒေါက်တာသာထွန်းဦး (TODAY စာအုပ်တိုက်)က ငွေကျပ်သုံးသိန်း၊ ဦးမြသိန်း (မိုးထက်မြင့်-မြစ်ဝကျွန်းပေါ်)က ငွေကျပ်သုံးသိန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်း (အောင်စည်ဟိန်း)နှင့် ဇနီး ဒေါ်ခင်မြနွယ် မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါက်တာတင်ထွန်းဦး - ဒေါက်တာခင်မိုးမိုး (သုတစွယ်စုံစာအုပ်တိုက်)က ငွေကျပ်တစ်သိန်း၊ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း) (မြင်းမူမောင်နိုင်မိုး)နှင့် ဇနီး ဒေါ်ခင်အေးမူတို့က ငွေကျပ်တစ်သိန်း၊ ကဗျာဆရာ ဘုတလင်ချစ်လေး၏သား ဦးရဲဝေ(မြန်မာစာ)နှင့် ဦးရဲဝင်း (ဝင်းဝေနောင်)တို့ကငွေကျပ်တစ်သိန်း၊ တေးသံရှင်မောင်မောင်အေး(အလင်္ကာဝတ်ရည်)က ငွေကျပ်တစ်သိန်း၊ သီဟသုခမ္မသိင်္ဂီ၊ သီရိသုခမ္မသိင်္ဂီလူမှုထူးချွန်ပထမဆင့် ဒေါ်မိမိခင်က ငွေကျပ်တစ်သိန်း၊ဦးဝင်းဆွေ-သီရိသုခမ္မသိင်္ဂီဒေါ်ရီရီလှ (ယုဝတီခင်ဦး) WYZ ကုမ္ပဏီက ငွေကျပ်တစ်သိန်း၊ ဦးမြင့်လွင်-ဒေါ်ရွှေရွှေစိန်မိုး(King & Queen Co.)က ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီက ငွေကျပ်တစ်သိန်း၊ ဦးစံတင်အောင်(ရွှေဘို)က ငွေကျပ်တစ်သိန်း၊ ဦးကျော်ညွန့် (ကျော်ညွန့်ရည်)နှင့် ဇနီးက ငွေကျပ်တစ်သိန်း၊ ဦးကျော်စိန်(မိုးကုတ်) (ဖြူစင်မေတ္တာဆေးတိုက်)က ငွေကျပ်တစ်သိန်း၊ ဦးစန်းဦး (စိတ်ကူးချိုချိုစာပေ)က ငွေကျပ်တစ်သိန်း၊ ဦးညွန့်ဝေ(ပြုံးပန်းတစ်ရာစာပေ)၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပေါ်ပြူလာဂျာနယ်၊ ဦးနေဇင်လတ်-ဒေါ်ခင်စန်း(အမ်ဘိုကုမ္ပဏီ)နှင့် ဦးခင်မောင်လေး - ဒေါ်ကြူကြူ (ဂန္ဓမာကုမ္ပဏီ)တို့က ငွေကျပ် ၅၀၀၀၀ စီ အပါအဝင် နိုဝင်ဘာ ၂၃ ရက်နေ့အထိ အလှူငွေကျပ် ၁၂၇၀၇၄၀၀နှင့် အလှူပစ္စည်းများရရှိမှု အခြေအနေကို ဖတ်ကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ကန်တော့ခံ သက်ကြီးစာပေရှင်များအား ကန်တော့ပန်ကြားလွှာကိုဖတ်ကြားသည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသူများက ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများအား လက်အုပ်ချီကန်တော့ကြသည်။

ကန်တော့ပစ္စည်းပေးအပ်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမှူးပြုသော အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများအား တစ်ဦးလျှင်ငွေကျပ် ၆၀၀၀၀ စီနှင့် ငွေကျပ် ၁၅၀၀၀ စီ တန်ဖိုးရှိ ကန်တော့ပစ္စည်းတို့ဖြင့် တစ်ဦးချင်း ဂါရဝပြုပေးအပ်ကြသည်။

ဆက်လက်၍ ၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်သာဆုရ ဆရာကြီး ဦးထင်ဖတ်(မောင်ထင်)က ကန်တော့ခံ စာပေပညာရှင်ကြီးများ ကိုယ်စား ဩဝါဒစကားပြောကြားရာတွင် မြန်မာလူမျိုးများသည် သမိုင်းလူငယ် စာပေပညာရှင်များအနေဖြင့် နိုင်ငံချစ်စိတ်၊မျိုးချစ်စိတ်၊အမျိုးဘာသာသာသနာ ထိန်းသိမ်းစောင့်ရှောက်လိုစိတ်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍမှ စွမ်းစွမ်းတမံကြိုးစားအားထုတ်လိုစိတ် ပြန့်ပွားတိုးတက်လာရေးအတွက် မိမိတို့၏စာပေလက်နက်ဖြင့် စည်းရုံးဆောင်ရွက်သွားကြရေးကို ဥပမာအစဉ်အလာကြီးမားသော လူမျိုးများဖြစ်ကြကြောင်း၊ ရှေးပဝေသဏီကာလကပင် မိသားစုစိတ်ဓာတ်ဖြင့် စုစုစည်းစည်း နေထိုင်လုပ်ကိုင်ခဲ့ကြသော လူမျိုးများဖြစ်ကြကြောင်း။

သို့ဖြစ်ရာ ယနေ့ မျိုးဆက်သစ်စကားများဖြင့် ဩဝါဒစကား မြွက်ကြားသွားသည်။

ထို့နောက် အခမ်းအနားမှူး ဒေါက်တာတင်ထွန်းဦး(ဒေါက်တာတင်ထွန်းဦး)က ကျေးဇူးတင်စကားပြောကြားပြီးအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ကန်တော့ခံပစ္စည်းပေးအပ်

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ကန်တော့ခံ စာပေပညာရှင်များအား ကန်တော့ခံပစ္စည်းများပေးအပ်စဉ်။
(သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ကန်တော့ခံစာပေပညာရှင်များအား ကန်တော့ခံပစ္စည်းများပေးအပ်စဉ်။ (သတင်းစဉ်)

၁၃၆၅ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲတွင် အသက်(၈၀)နှင့်အထက် ကန်တော့ခံ စာပေပညာရှင် ၁၁၉ ဦးရှိသည့်အနက် ယနေ့အခမ်းအနားသို့ စာပေပညာရှင် ၇၇ ဦး တက်ရောက်ကြပြီး အခမ်းအနားသို့မတက်ရောက်နိုင်သည့် စာပေပညာရှင်ကြီးများအား မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က အိမ်တိုင်ရာရောက် သွားရောက်၍ ကန်တော့ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က ကန်တော့ခံသက်ကြီးစာပေပညာရှင်များအား ကန်တော့ပန်ကြားလွှာကို ဖတ်ကြားစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ (တက္ကသိုလ်တင်ခ)က ၁၃၆၅ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံတေး)က ၁၃၆၅ခုနှစ် စာဆိုတော်နေ့အတွက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကိုဖတ်ကြားစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)က ကန်တော့ခံ စာပေပညာရှင်များနှင့် မိတ်ဆက်ပေးစဉ်။
(သတင်းစဉ်)

အလိုတော်ပြည့်ဘုရား ဗုဒ္ဓပူဇနီယပွဲတော်နှင့်အဓိဋ္ဌာန်ပြုဆုတောင်းပွဲ

ရန်ကုန် နိုဝင်ဘာ ၂၅

မန္တလေးတိုင်း ပုဂံညောင်ဦးမြို့ရှိ ရှေးဟောင်း အလိုတော်ပြည့်ဘုရား(ဝဲပုံ) ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ဒီဇင်ဘာ ၇ရက်(တနင်္ဂနွေနေ့) ၁၃၆၅ ခုနှစ် နတ်တော်လဆန်း ၁၄ ရက် မွန်းလွဲပိုင်းတွင် အလိုတော်ပြည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပုဂံ-ညောင်ဦးမြို့တွင်းသို့ လှည့်လည် အပူဇော်ခံကြွရောက်ပြီး ညနေပိုင်းတွင် အကြိုဆုတောင်းပွဲကိုကျင်းပမည်ဖြစ်၍ ဒီဇင်ဘာ ၈ရက် (တနင်္လာနေ့) ၁၃၆၅ ခုနှစ် နတ်တော်လပြည့်နေ့ နံနက် ၇ နာရီတွင် အဓိဋ္ဌာန်ပြုအထူးဆုတောင်းပွဲနှင့် ပင့်ဖိတ်ထားသော သံဃာတော် အပါး ၅၂၈ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဒါယကာ ဒါယိကာမ အပေါင်းတို့အား ဖိတ်ကြားထားကြောင်းသိရသည်။

(မြန်မာ့အလင်း)

မဏိရတနာသိမ်တော်ကြီး ရေစက်ချအလှူတော်မင်္ဂလာ

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဗဟိုလမ်း အရှေ့ဥယျာဉ်တိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၂၉၂) မဏိရတနာကျောင်း၌ ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲနှင့် အများပေါင်းစု၍ ကောင်းမှုဖြစ်သော မဏိရတနာသိမ်တော်ကြီး ရေစက်ချအလှူတော်မင်္ဂလာ ဓမ္မသဘင်ကို ၁၃၆၅ ခုနှစ် နတ်တော်လဆန်း၇ရက် (နိုဝင်ဘာ ၃၀ ရက်) တနင်္ဂနွေနေ့ နံနက် ၈ နာရီမှ ၁၀ နာရီထိ ဆင်ယင်ကျင်းပမည်ဖြစ်ရာ မဏိရတနာကျောင်းတိုက်သို့ ရပ်ဝေးရပ်နီးမှ သိမ်ဒါယကာ ဒါယိကာမ အပေါင်းတို့အား ကြွရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

▼ မြန်မာတစ်ပြည်လုံးမှ

ဦးဌေးဦးက ၂၀၀၃ ခုနှစ် ထူးချွန်လူငယ်များအား ဂုဏ်ပြုလက်ဆောင်ပေးအပ်၍ ဆုများချီးမြှင့်သည်။ ထူးချွန်သူလူငယ်များထံမှ မြန်မာတစ်ပြည်လုံး သိပ္ပံဘာသာတွဲဖြင့်လည်းကောင်း၊ ဝိဇ္ဇာဘာသာတွဲဖြင့် လည်းကောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ကြိုးကြိုးစားစားဖြေဆိုအောင်မြင်၍ အမှတ်များများ ရရှိခဲ့သော ကျောင်းသားကျောင်းသူအချို့အား ရနိုင်သည့်အချိန်အတောအတွင်း တွေ့ဆုံမေးမြန်းခဲ့သည်။

မြန်မာတစ်ပြည်လုံး သိပ္ပံဘာသာတွဲ အမှတ်အများဆုံးဖြင့် ပထမရရှိသူ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မခိုင်သက်ဆု၊ ဒုတိယရရှိသော မန္တလေးတိုင်း မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်စိုင်းခမ်းစိုးလိတ်နှင့် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်စောထွဋ်၊ တတိယရရှိကြသော မန္တလေးတိုင်း မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဖောင်တော်ဦးတွဲဖက်အထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မစိုးဝေဝေနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် စောအယ်ဖိုးထူး၊ ဝိဇ္ဇာဘာသာတွဲ အမှတ်အများဆုံးဖြင့် ပထမရရှိကြသူ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အခြေခံပညာအထက်တန်းကျောင်းမှ သုံးဘာသာဂုဏ်ထူးရှင် မောင်ထွန်းမင်း၊ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ သုံးဘာသာဂုဏ်ထူးရှင်မောင်တင်မောင်ဝင်း၊ ဒုတိယရရှိသူ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ သုံးဘာသာဂုဏ်ထူးရှင်မောင်ကျော်သူရ၊ တတိယရရှိသူ ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ လေးဘာသာဂုဏ်ထူးရှင်မဟေမာမြင့် စသူတို့ကို တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။

ထိုသို့တွေ့ဆုံ၍ ၂၀၀၃ ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲတွင် သိပ္ပံဘာသာတွဲ၊ ဝိဇ္ဇာဘာသာတွဲများ အမှတ်များများရအောင်၊ ဂုဏ်ထူးများရရှိအောင် မည်သို့မည်ပုံ ကြိုးစားလေ့ကျက် ဖတ်မှတ်ခဲ့သလဲဟု မေးမြန်းရာတွင် အားလုံးလိုလိုက ကျောင်းမဖွင့်မီကတည်းက ကြိုတင်ပြင်ဆင်လေ့လာသည်။ တစ်နေ့စာကြည့်ချိန် အနည်းဆုံး၄ နာရီအထက်မှာရှိသည်။ အထူးသဖြင့် ရေးကျက် ကျက်မှတ်၍ အလွတ်ရအောင်ကြိုးစားသည်။ ဆရာသင်ပြမှုများကို အထူးဂရုစိုက်ပြီး မရှင်းသည်ကို၊ နားမလည်ကို ဆရာ ဆရာမများအား မေးမြန်းသည်ဟု ပြောပြကြသည်။

ခွဲခြားကျက်မှတ်

မြန်မာစာနှင့်ပတ်သက်၍ ကိုယ်ပိုင်ရေးသားနိုင်အောင် အထူးလေ့ကျင့်သည်။ ခက်ဆစ်ကိုတိတိကျကျကျက်မှတ်ပြီး ရောထွေးနိုင်သည့် စကားလုံးများကို သတ်သတ်မှတ်မှတ် ခွဲခြား ကျက်မှတ်သည်။ ကဗျာစာသားများကို အလွတ်ရွတ်နိုင်အောင် ကျက်မှတ်ထားပြီး ကိုယ်တိုင်စကားပြေ ရေးသားနိုင်အောင် လေ့ကျင့်သည်။ စာစီစာကုံးကို ပုံနှိပ်ထုတ်ဝေသည့် စာအုပ်များကိုဖတ်မှတ်၍ အနည်းဆုံး တစ်ပတ်နှစ်ပုဒ်လောက် ရေးသားလေ့ကျင့်သည်။

အင်္ဂလိပ်စာနှင့်ပတ်သက်၍ အချိန်တိုင်းလိုလို ကျက်မှတ်သည်။ Text ကို နေ့တိုင်းဖတ်သည်။ ကဗျာကို အလွတ်ကျက်သည်။ သဒ္ဒါကို ပိုင်နိုင်ကျွမ်းကျင်အောင် လုပ်သည်။ အပြင်စာအုပ်များကို လေ့လာသည်။ Essay နှင့် Letter Writing ကို စနစ်တကျဖြင့် ပုံစံကျအောင် လေ့ကျင့်မှတ်သားသည်။ တစ်ပတ်ကို အနည်းဆုံး Essay နှင့် Letter Writing နှစ်ပုဒ်၊သုံးပုဒ် ကိုယ်ပိုင်ရေးသားလေ့ကျင့်သည်။ English Text မူရင်းစာသား နားလည်အောင်၊ အဓိပ္ပာယ်ပြန်ဆို ရေးသားနိုင်အောင် အချိန်ရသလောက် ကျက်မှတ် လေ့ကျင့်သည်။

သင်္ချာဘာသာနှင့် ပတ်သက်၍ အမှတ်ပြည့်ရနိုင်သည့် ဘာသာရပ်ဖြစ်၍ ပုဒ်စာတိုင်း ကျေညက်နေအောင် တွက်ချက်သည်။ ပြဌာန်းချက် Text ကို ပိုင်နိုင်အောင်တွက်သည့် ဓမ္မဓိဋ္ဌာန်မေးခွန်းများ ဖြေဆိုနိုင်အောင် မေးခွန်းဟောင်းများ လေ့ကျင့်သည်။ စာမေးပွဲ အထောက်အကူပြုစာအုပ်များကိုလည်း ဖတ်သည်။ Theorem များ သက်သေပြနိုင်အောင် အလွတ်နီးပါးရအောင် ကျက်မှတ်လေ့ကျင့်သည်။

ပိုင်နိုင်အောင်

ဓာတုဗေဒဘာသာနှင့် ပတ်သက်၍ Defination များကို တိတိကျကျ မှတ်မိပြီး အလွတ်ရေးနိုင်အောင် အခေါက်ခေါက်အခါခါကျက်မှတ်သည်။ Equation များ အလွတ်ရအောင်ရေးကျက်သည်။ ဓာတ်ငွေ့ ထုတ်ဖော်ပုံ မျက်စိထဲမြင်နေအောင် ပုံဆွဲလေ့ကျင့်သည်။ ပုစ္ဆာများ တွက် ချက်နိုင်အောင် လေ့ကျင့်ထားပြီး ဓာတ်ပြုမှုများကိုလည်း ပိုင်နိုင်အောင် ပြုလုပ်သည်။

ရူပဗေဒဘာသာနှင့်ပတ်သက်၍လည်း Defination များကို တိတိကျကျ မိမိရရဖြစ်အောင် အာဂုံဆောင်သည်။ အလွတ်ရအောင် ကျက်မှတ်သည်။ ပုစ္ဆာများကို မှန်မှန် ကန်ကန် တွက်ချက်နိုင်အောင် လေ့ကျင့်သည်။ Modern Physics ကိုလည်း ပိုင်နိုင်အောင် ကျက်မှတ်သည်။ Textထဲပါသည့် လေ့ကျင့်ခန်းများ တစ်ပုဒ်မကျန် တွက်ချက်သည်။

ဇီဝဗေဒဘာသာနှင့်ပတ်သက်သည်များကို သေသေချာချာနားလည်အောင် ကြိုးစားပြီးပိုင်ပိုင်နိုင်နိုင်ရှိအောင် လေ့ကျင့်သည်။ အရေးကြီးသည့် ပုံများ၊ အချက်အလက်များမကျန် ရအောင် Text စာ အုပ်တစ်အုပ်လုံး ဖတ်မှတ်ထားသည်။ အရေးကြီးသည့်ဖွင့်ဆိုချက်များ၊ ပုံများကို တစ်ပတ်ပြီးတိုင်း အလွတ်ပြန်ရေး သည်။

ပထဝီဝင်ဘာသာနှင့် ပတ်သက်၍ အရေးကြီးသည့် အကြောင်းအရာရာများ၊ စာမေးပွဲတွင် မေးနိုင်သည်ကို အထူးပေးကျက်မှတ်ထားသည်။ ပုံများကိုလည်း အမြဲမြင်နေအောင် ရေးဆွဲမှတ်သားလေ့ကျင့်သည်။ တိုင်းပြည်၊ နိုင်ငံ၊ ရာသီဥတုဆက်သွယ်ပုံများကိုလည်း မှတ်မိနေအောင် မှတ်သားသည်။ အဓိက ကွန်တိုပုံများမှန်ကန်ရေးဆွဲပြီး စနစ်တကျဖြေဆိုနိုင်အောင် လေ့ကျင့်သည်။ သဘာဝအပိုင်းအခြားများ၊ ရာသီဥတုများကို သိရှိနေအောင် ဖတ်မှတ်ထားသည်။

မှတ်မိနေအောင်

သမိုင်းဘာသာနှင့် ပတ်သက်၍ အဖြစ်အပျက်များ၊ ခုနှစ်သက္ကရာဇ်များ၊ အမည်နာမများ၊ အခေါက်ခေါက်အခါခါ ရေးသားကျက်မှတ်သည်။ အမြဲမှတ်မိနေအောင် ပြုလုပ်သည့် ဓမ္မဓိဋ္ဌာန်မေးခွန်းများ အပိုင်ဖြေဆိုနိုင်အောင် ပြင်ပ စာအုပ်စာတမ်းများဖတ်သည့် မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်း၏ အဓိကအချက်အလက်ကို ပိုင်နိုင်နေအောင် ဖတ်မှတ်လေ့ကျက်သည်။

ဘောဂဗေဒနှင့် ပတ်သက်၍ Defination ကို ကောင်းစွာ ဖြေဆိုနိုင်အောင် လေ့ကျက်သည်။ မေးခွန်းဟောင်း၊စာအုပ်ဟောင်းများကိုရှာဖွေ၍ စာမေးပွဲတွင် ပါနိုင်သည်များကို ကျက်မှတ်တွက်ချက်သည်။ ဘောဂဗေဒ၏အဆိုများကို နားလည်သဘောပေါက်အောင်ကြိုးစား၏။စာမေးပွဲတွင် ဖြေဆိုနိုင်အောင် ဖတ်မှတ်တွက်ချက်သည်ဟု ပြောကြားကြသည်။

ထူးချွန် ကျောင်းသား ကျောင်းသူများသည် ကျောင်းစာကို အလေးထားသူ၊ နေ့စဉ် စာကျက်သူများ၊ ဖြေဆိုရမည့် စာမေးပွဲကိုတန်ဖိုးထားပြီး ဖြေရမည့်အရေးကို အစွမ်းကုန်ပြင်ဆင်ကာ အမှတ်များများ၊ အမှတ်ကောင်းကောင်းရအောင် ကြိုးစားသည့် မျိုးဆက်သစ် လူငယ်များပင် ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

● အသက်(၁၇)နှစ်အောက်မှ

အနေအထားနှင့်ပတ်သက်၍ သိရှိနိုင်ရန် အသင်းတာဝန်ရှိသူများနှင့် မြန်မာ့အလင်းက သွားရောက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

ပထမဦးစွာ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်း အုပ်ချုပ်သူ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဆန်းအား စခန်းဝင်လေ့ကျင့်မှုနှင့် ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ရန် စီစဉ်ထားရှိမှုများနှင့် ပတ်သက်၍ မေးမြန်းရာ "အသက်(၁၇)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်အသင်းကို ၂၀၀၃ ခုနှစ် ဇန်နဝါရီလမှစ၍ စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်ခဲ့ကြောင်း၊ စတင်ဖွဲ့စည်းစဉ်က အားကစားသမား ၃၀ ပါဝင်ခဲ့ပြီး အောက်တိုဘာလတွင် အားကစားသမား ၂၀ ကို အပြီးသတ်ရွေးချယ်ခဲ့ကြောင်း၊ မြန်မာလူငယ်အသင်းကို လေးပွင့်ဆိုင် အသက်(၁၆)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲကို အခြေခံ၍ ရွေးချယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ အုပ်စုအနေအထားအရ ပြိုင်ဘက်အသင်းများကို အနိုင်ရပြီး ခြေစစ်ပွဲအောင်မည်ဟု မျှော်လင့်ထားကြောင်း၊ပွဲစဉ်အနေအထားအရလည်း အိမ်ရှင်အသင်းနှင့် ဒုတိယပွဲကစားရသလို ပြိုင်ဘက်အသင်းများ၏ ခြေကိုကြိုတင်လေ့လာရမည်ဖြစ်၍ အားသာချက်ဖြစ်ကြောင်း၊ အားကစားသမားများအား စိတ်ဓာတ်မြင့်မားရေးအတွက် မြန်မာဘောလုံးလောက၏ အောင်မြင်မှုအစဉ်အလာရှိခဲ့ပုံများနှင့် မြန်မာ(ယူ-၁၈)အသင်း၏ လတ်တလော အောင်မြင်မှုများကို အားကျအတုယူပြီး ကြိုးစားအားထုတ်မှုနှင့် စည်းကမ်းပိုင်း အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားကြောင်း၊ ပြိုင်ပွဲမကစားမီ ငါးရက်ခန့်ကြိုတင် ရောက်ရှိနေ၍ အိမ်ရှင်နိုင်ငံ၏ ရာသီဥတုနှင့် အသားကျသွားနိုင်ကြောင်း၊ ရာသီဥတုမှာ မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် ကွာခြားချက်မရှိ၍ ပြဿနာ မရှိကြောင်း၊ အောင်မြင်မှုရရှိရေးအတွက် အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ပြောကြားသည်။

လေ့ကျင့်ချိန်

ဆက်လက်၍ အသက်(၁၇)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းနည်းပြ ဦးသန်းထိုက်အား မေးမြန်းဖြစ်ခဲ့သည်။ နည်းပြဆရာဦးသန်းထိုက်က ပြောကြားရာတွင် "အားကစားသမားများကို လေ့ကျင့်ချိန် တစ်နှစ်ခန့်ရရှိခဲ့ကြောင်း၊ လေ့ကျင့်ချိန်တစ်နှစ်အတွင်း ကာလအပိုင်းအခြားသုံးခု သတ်မှတ်၍ အခြေအနေအချိန်အခါနှင့် လျော်ညီစွာ လေ့ကျင့်ပေးခဲ့ကြောင်း၊ ပထမလေးလအတွင်း ဘောလုံးအခြေခံ ကျေညက်မှုရှိရေးအတွက် ဦးစားပေးလုပ်ဆောင်ခဲ့ကြောင်း၊ ဒုတိယလေးလအတွင်း သက်လုံနှင့်ကြံ့ခိုင်မှုကို အဓိကထား လေ့ကျင့်ပေးခဲ့ကြောင်း၊ ပြိုင်ပွဲနီးကပ်လာသည့်ကာလတွင် ယခင်လေ့ကျင့်ပေးမှုများကို မလွတ်စေဘဲ နည်းစနစ်ပိုင်းကို လေ့ကျင့်ပေးကြောင်း၊ အသင်းလိုက် ညီညွတ်မှုရရှိရေးအတွက်ခြေစမ်းပွဲများ ကစားကာလေ့ကျင့်ခဲ့ကြောင်း၊ လူငယ်ဘောလုံးသမားများဖြစ်၍ ကစားကွက် အမျိုးမျိုးပြောင်းလဲလေ့ကျင့်ခြင်းမလုပ်ဘဲ ၄-၄-၂ကစားကွက်ကိုသာ ဦးစားပေးလေ့ကျင့်ပြီး ထိုကစားကွက် အသားကျအောင်သာ အထပ်ထပ် လေ့ကျင့်ပေးကြောင်း၊ မြန်မာလူငယ် လက်ရွေးစင်အသင်းတွင် ထူးချွန်သည့် ကစားသမားများ ပါဝင်ကြောင်း၊ အုပ်စု ပထမရရှိပြီး ခြေစစ်ပွဲအောင်မြင်မည်ဟု ယုံကြည်ကြောင်း၊ အကောင်းဆုံး ပြင်ဆင်လေ့ကျင့်ထားသည့်အပြင် အားကစားသမားကလည်း စိတ်ဓာတ် မြင့်မားနေကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

အသက်(၁၇)နှစ်အောက် အာရှလူငယ်ဘောလုံးပြိုင်ပွဲ အုပ်စု(၁၀) ခြေစစ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် အသက်(၁၇)နှစ်အောက် မြန်မာလူငယ် လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူ၊ နည်းပြလေးဦး၊ အသင်းဆရာဝန်တစ်ဦးနှင့် အားကစားသမား ၂၀ စုစုပေါင်းအဖွဲ့ဝင် ၂၅ ဦးပါဝင်ကြမည်ဖြစ်သည်။ အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါက်တာသန်းတိုး၊ အုပ်ချုပ်သူအဖြစ် ဦးကျော်ဆန်း(ဒုတိယညွှန်ကြားရေးမှူး၊အား/ကာဦးစီးဌာန)၊ နည်းပြအဖြစ် ဦးသန်းထိုက်၊ လက်ထောက်နည်းပြအဖြစ် ဦးတင်မျိုးအောင်၊ အသင်းဆရာဝန်အဖြစ် ဒေါက်တာတင့်လွင်ဦးတို့က ဆောင်ရွက်ကြမည်ဖြစ်သည်။

သူတို့ပါဝင်

အားကစားသမားများအဖြစ် (ဂိုး) အောင်မြင့်နိုင်၊ မျိုးအောင်၊ (နောက်တန်း)အောင်မြင့်မြတ်လျှမ်းကြိုင်၊ အောင်နိုင်ဦး၊ သိန်းဇော်မျိုး၊ အောင်ကျော်ဦး၊ ကျော်ဇေယျာဝင်း၊ အေးစန်း၊ ညီညီလွင်၊ (အလယ်တန်း)အောင်သန်းဝင်း၊ နေဝင်း၊ အောင်မြင့်အေး၊ အောင်ကျော်ဖြိုး၊ ဇင်မင်းဦး၊ လှအေးထွေး၊ထွန်းနောင်ဦး၊(ရှေ့တန်း)မင်းသူအောင်၊ ထက်အောင်၊ ရဲမောင်မောင်နှင့် မျိုးဇော်ဦးတို့ ပါဝင်ကြသည်။

ယှဉ်ပြိုင်မည်

အုပ်စုပွဲစဉ် ရေးဆွဲထားမှုအရ နိုဝင်ဘာ ၂၈ ရက်တွင် အိမ်ရှင်လာအိုနှင့် မော်လဒိုက်၊ နိုဝင်ဘာ ၃၀ ရက်တွင် မြန်မာနှင့် မော်လဒိုက်၊ ဒီဇင်ဘာ ၂ ရက်တွင် မြန်မာနှင့် အိမ်ရှင်လာအိုတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စုပထမရသောအသင်းသည် ခြေစစ်ပွဲအောင်မြင်ပြီး ၂၀၀၄ခုနှစ် ဂျပန်နိုင်ငံ၌ကျင်းပမည့် အသက်(၁၇)နှစ်အောက် အာရှလူငယ်ဘောလုံးပြိုင်ပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ၂၀၀၄ခုနှစ် အာရှလူငယ်ဘောလုံးပြိုင်ပွဲတွင် အုပ်စု၁၅ ခုမှ ခြေစစ်ပွဲအောင်မြင်သော ၁၅ သင်းနှင့် အိမ်ရှင် ဂျပန်အသင်း စုစုပေါင်း ၁၆ သင်းပါဝင်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်သည်။

အသက်(၁၇)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင် အသင်းသည် ၂၀၀၃ခုနှစ် အသက်(၁၇)နှစ်အောက် အာရှလူငယ် ဘောလုံးပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ပြီး နောက်ဆုံးအဆင့်ပွဲစဉ်များသို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သလို ယခုအကြိမ်တွင်လည်း ခြေစစ်ပွဲအောင်မြင်နိုင်ကြောင်း တင်ပြလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

၁၃၆၅ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ်

စာအုပ်စျေးပွဲတော်

နှင့်

ဝတ္ထုရှည် မြန်မာနှစ်တစ်ရာပြပွဲ

၂၂-၁၁-၂၀၀၃ မှ ၃၀-၁၁-၂၀၀၃ ထိ

စာအုပ်စျေးပွဲတော် နှင့် ဝတ္ထုရှည်မြန်မာ နှစ်တစ်ရာပြပွဲ | နံနက် (၉း၀၀) နာရီမှ ညနေ (၅း၀၀) နာရီအထိ

[illegible]

❖ ရင်ချင်းဆက်မှ

ပြည်မြို့၌ ရင်ချင်းဆက်အမွှာညီအစ်မအား မွေးဖွားသည့်နေ့ခြင်းတွင်ပင် ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်လှလှကိုယ်တိုင် ကြီးကြပ်လိုက်ပါပြီး ရန်ကုန် ကလေးဆေးရုံကြီးသို့ ပို့ဆောင်ရာ ညနေ၃နာရီခွဲတွင် ရောက်ရှိလွှဲပြောင်းပေးအပ်နိုင်သည်။

ကလေးများ၏ ကျန်းမာရေး စောင့်ရှောက်မှုများကို ရန်ကုန် ကလေးဆေးရုံအုပ်ကြီး ဒေါက်တာမြသိမ်းနှင့် ကလေးအထူးကု ဆရာဝန်ကြီးများနှင့် သူနာပြုများက ကြိုးပမ်း စောင့်ရှောက်လျက်ရှိပြီး ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ အထူးကောင်းမွန်လျက်ရှိကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ရင်ချင်းဆက် အမွှာညီအစ်မကို ပြည်မြို့၌ အောင်မြင်စွာ မွေးဖွားခဲ့သည်ကို တွေ့ရစဉ်။

(သတင်းစဉ်)

ပတ္တမြားရတုဝိဇာတမင်္ဂလာပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၅

ပဲခူးတိုင်း(အနောက်ပိုင်း)မင်းလှမြို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၏ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုဏ္ဍလမထေရ်ဆရာတော်၏သက်တော်(၈၀)ပြည့် ပတ္တမြားရတုဝိဇာတမင်္ဂလာပူဇော်ပွဲကို ဒီဇင်ဘာ ၇၊၈၊၉ ရက်တို့တွင် ယင်းစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများ ကြွရောက်ကြည်ညိုတော်မူကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

သားငါးပွံ့ဖြိုး ပြည်အကျိုး

ပုဂံမြေသာသည့် နန်းဆီသို့

မိုးထက်မြင့်
(မြစ်ဝကျွန်းပေါ်)

မြန်မာအစ၊ မြန်မာကတည့်
ဇီဝရှေးဟောင်း၊ သမိုင်းကြောင်းကို
ပြန်ပြောင်းစိတ်ဖြာ၊ ဖွေလှစ်ရှာသော်
ခိုင်မာဇာစ်မြစ်၊ ဘုံမြေခေတ်မှ
ကျောက်ဖြစ်"ပရိုင်းမိတ်"၊ ပြည့်ဂုဏ်ဟိတ်က
ခပ်နှိပ်ဖော်ညွှန်း၊ ဩဘာထွန်းခဲ့
ပျံ့မွှန်းအသိ၊ အံ့လွန်းဘိမျှ
ဇာတိဂုဏ်ရောင် ဝေလေပြီ
သာဘိပုံတောင် ရွှေမြေဆီ။ ။

အညာလေ ပူနွေးနွေးအရသာကို ခံစားရင်း အထက်ဖော်ပြပါ တပ်မတော်နေ့ ကဗျာပြိုင်ပွဲဆုရ ကဗျာလေးက ခေါင်းထဲဝင်လာသည်။ မှန်ပါသည်၊ မြန်မာအစ မြန်မာကပင်ဖြစ်ပါသည်။ မြန်မာမှန်လျှင် ပုဂံကိုရောက်ဖူးရမည်ဟု ဆိုရိုးရှိပေသည်။ မြန်မာပြည်သို့ ဒေသန္တရဗဟုသုတရှာမှီးရန် ရောက်လာကြသော တိုင်းတစ်ပါးသား ကမ္ဘာလှည့်ခရီးသည်များသည် မိမိတို့ ခရီးစဉ်တွင် အားလုံးလိုလို ပုဂံသို့ ရောက်သွားကြသည်ချည်း ဖြစ်သည်။

ပထမဆုံး ပုဂံပြည်အကြောင်းကို ဖောက်သည်ချခဲ့သူမှာ ကမ္ဘာလှည့်ခရီးသည် ဗင်းနစ်မြို့သား မာကိုပိုလိုပင်ဖြစ်သည်။ (အေဒီ-၁၂၉၈)တွင် ပုဂံပြည်၏ ကြီးကျယ်ခမ်းနားပုံ အံ့ဩဖွယ်ရာ အစုံစုံတို့ကို စာပေဖြင့်မှတ်တမ်းတင်ကာ ကမ္ဘာသို့ လက်ဆင့်ကမ်း ကြေညာခဲ့ပြီးဖြစ်လေသည်။

လူအများသည် အန်ကောဝပ်သမိုင်း အမွေအနှစ်များကို ကြည့်ပြီး အံ့မခန်း ဖြစ်ကြသည်။ အီဂျစ်မှာရှိသော ပိရမစ်များကိုတွေ့ပြီး စိတ်လှုပ်ရှားကြသည်။ သို့သော်ပုဂံ၌ ဖူးတွေ့နေရသော စေတီပုထိုးရှုခင်းတွေလောက် နှလုံးသားကို လှုပ်ရှားစေနိုင်သော အရာသည် အခြားမှာရှိနိုင်ပါဦးမည်လားဟု စာရေးသူက တွေးထင်ခဲ့မိ၏။

ရှေးဟောင်းပုဂံယဉ်ကျေးမှု၌ ကျင်းပသော ၂၁ရာစုအကြိုလူထုအစည်း အဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန်(၆)ရပ်မှာ **"ကျွန်ုပ်တို့သည် ဒို့တာဝန် အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးသွားမည်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုံ့ အကောင်အထည်ဖော်သွားမည်၊ မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်၊ လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်၊ နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်၊ နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်"**ဟူ၍ မွန်မြတ်လှသော သန္နိဋ္ဌာန်ကို ချမှတ်ထားရာ စာရေးသူသည် ကြက်သီးမွေးညင်းများပင်ထ၍ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ အားမာန်ထက်မြက်သော စိတ်ဓာတ်များ ပေါ်ပေါက် ခံစားရပါသည်။

ယနေ့ခေတ် ပုဂံနိုင်ငံတော်၏ အားမာန်များကို ဖော်ညွှန်းရင်း ပုဂံပြည်ဖြစ်ထွန်းလာပုံကို စဉ်းစားနေမိသည်။ ချင်းတွင်းနှင့် ဧရာဝတီဆုံရာ အလယ်ပိုင်း၌ တမ္ဗဒီပနိုင်ငံငယ်အဖြစ် စတင်ပေါ်ပေါက်ခဲ့ရာမှ ၁၀၄၄ ခုနှစ်တွင်မူ ရှင်အနုရုဒ္ဓါဒေဝ(ခေါ်)အနော်ရထာမင်းကြီးသည် အင်အားခိုင်မာတောင့်တင်းသော မဟာနိုင်ငံတော်ကြီးကို ဩဇာအာဏာကြီးမားစွာဖြင့် တည်တည်တံ့တံ့ ထူထောင်နိုင်ခဲ့လေသည်။

ပုဂံသည် မြန်မာတို့၏ နှလုံးသည်းပွတ်ဖြစ်သည်။ ပုဂံသည် မြန်မာ့လူ့အဖွဲ့အစည်း၏ ဂုဏ်ကျက်သရေကို ဆောင်သော ကြေးမုံလည်းဖြစ်သည်။ ပုဂံကို သမုဒ္ဒရာဇ်မင်းသည် အေဒီ-၁ရာစု၌ ထူထောင်ခဲ့ခြင်းဖြစ်ရာ ပုဂံသက်တမ်းမှာ အနှစ် ၂၀၀၀ ခန့် ရှိနေပြီဖြစ်သည်။

တိုင်းကျိုးပြည်ပြု မင်းတစ်ပါး ဖြစ်သော အနုရုဒ္ဓါမင်းကြီးသည် အေဒီ ၁၀၄၄-၁၀၇၇ ပုဂံ၌ ထီးနန်းစိုးစံစဉ် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခိုင်အမာ တည်ဆောက်တော်မူခဲ့သည်။

ပုဂံနိုင်ငံတော်ကြီးသည် မြန်မာတို့ ကမ္ဘာ့အလယ်တွင် ပထမမြန်မာနိုင်ငံတော်ကြီးအဖြစ် တင့်တယ်စွာ၊ ဂုဏ်ရှိစွာ ရပ်တည်ခဲ့သည်။ မျက်မှောက်ကာလတွင် ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း လေးနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက် မဟာဗျူဟာအကောင်အထည်ဖော်ရေး ထိပ်သီးအစည်းအဝေးကို မန္တလေးတိုင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံရှေးဟောင်း သုတေသနပြတိုက်၌ ကျင်းပခဲ့သည်။

အဆိုပါ ထိပ်သီးအစည်းအဝေးသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်မစ္စတာ ဘွန်ညံဘိုရာချစ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် Mr. Somkid Jatusriptak အပါအဝင် မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ပုဂံဘူတာကို တွေ့ရစဉ်။

ရှေးဖျား ပုဂံပြည်မှာဖြင့်
မြန်မာတစ်တွေမှာ ရတနာရွှေငွေ အပေါင်းငဲ့ပြင်
မင်းကောင်းနော်ရထာတဲ့
မော်စရာ ဟိုတစ်ခေတ်ကိုဖြင့်
ဉာဏ်သစ်ကာ တရှင်ရှင်နဲ့
ဘဝင်မှာ အမြင့်မှန်းကာပါ့
တမ်းတ၍ ကြည်ညိုပါ။ ။

လေးနိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်အပေါ် ဆွေးနွေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အောက်ပါအတိုင်း ဆွေးနွေးပြောကြားသည်။

"ယခုကဲ့သို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ထိုင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာဆိုင်ရာ ပထမဆုံးအကြိမ် ထိပ်သီးညီလာခံကို မြန်မာနိုင်ငံအနေဖြင့် ကျင်းပခွင့်ရရှိသည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူမိကြောင်း၊ အစည်းအဝေးကို ပထမမြန်မာနိုင်ငံတော်၏ မြို့တော်လည်းဖြစ်၊ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်လည်းဖြစ်သည့် ပုဂံမြို့ကို ရွေးချယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ အစည်းအဝေးအပြီးတွင် ထုတ်ပြန်မည့် ပုဂံကြေညာချက်နှင့် ရှေ့လုပ်ငန်းစဉ်တို့သည် မိမိတို့လေးနိုင်ငံပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးတက်ခိုင်မာစေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ၏ မွန်မြတ်သော ရည်ရွယ်ချက်ပန်းတိုင်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အတည်ပြု ပြောကြားလိုကြောင်း"

ဟူ၍ ဝန်ကြီးချုပ်က မိန့်ကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် မန္တလေးနှင့် လွမ်ပရာဘန်၊ ရန်ကုန်နှင့် ဗန်ကောက်၊ မန္တလေးနှင့် ချင်းမိုင်၊ မြဝတီနှင့် မဲဆောက်၊ တာချီလိတ်နှင့် မယ်ဆိုင်မြို့များကို ညီအစ်မမြို့အဖြစ်သတ်မှတ်ရန် အဆိုပြုသည်။ နယ်စပ် ဒေသများသို့ စက်မှုလက်မှု လုပ်ငန်းများ ပြောင်းလဲ ထူထောင်ခြင်းကို ထောက်ခံသည်။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပိုမို ရရှိစေရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လယ်ယာ ကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍများတွင် အလားအလာများစွာ ကောင်းမွန်လျက်ရှိသည်။ ရေအား လျှပ်စစ် လုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒ ရှိသည်။ နိုင်ငံအကြား လမ်းပန်းအဆက်အသွယ်များ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူး များစွာ ရရှိနိုင်မည်ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသည် လုပ်ငန်း နှင့် လူသားစွမ်းရည် အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရန် ဆန္ဒရှိသည်။

ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ချေးငွေနှင့် အကူအညီပေးရေး၊ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းတိုးမြှင့်ရေးနှင့် ငွေကြေးရရှိရေးနည်းလမ်းများဖြင့် ဆောင်ရွက်ကြမည် ဖြစ်သည်။ လေးနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ငွေကြေးအထောက်အပံ့ရရှိရေး၊ ပူးတွဲကုန်စည်ပြပွဲများ ကျင်းပရေးကိစ္စများကို ဆောင်ရွက်သွားမည် ဖြစ်သည်။

နိုင်ငံများ၏ စီးပွားရေး အလားအလာများ အပြည့်အဝ အသုံးချရေး၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ နယ်စပ်ဒေသများ အေးချမ်းတည်ငြိမ်ရေး၊ နယ်စပ်ဒေသများတွင် ကုန်းလမ်းအဆက်အသွယ်များတိုးမြှင့်ရေးနှင့် လာအိုနိုင်ငံ ကုန်းပိတ်နိုင်ငံဖြစ်နေသည့် အခြေအနေများကို ပွင့်လင်းရိုးသားစွာ ဆွေးနွေးဆောင်ရွက်ကြသည်။

ပုဂံပြတိုက်ကို တွေ့ရစဉ်။

လေးနိုင်ငံစလုံးကို စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်သွားရန် သန္နိဋ္ဌာန်ချမှတ်ထားကြသည်။ လေးနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်သွားရန် သဘောတူညီထားသည့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊ လေးနိုင်ငံအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟမှုကို လျှော့ချသွားရန် ကိစ္စရပ်များနှင့် ပတ်သက်ပြီး ဆောင်ရွက်ကြမည်ဖြစ်သည်။

ထို့နောက် လေးနိုင်ငံ ခေါင်းဆောင်ကြီးများသည် သဘောတူ ဆုံးဖြတ်ချက်ချမှတ်ကြသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် မန္တလေးတိုင်းပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ၁၂-၁၁-၂၀၀၃ရက်နေ့က ကျင်းပသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း လေးနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာ အကောင်အထည်ဖော်ရေး ထိပ်သီးအစည်းအဝေး သဘာပတိ၏ သတင်းထုတ်ပြန်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံအစိုးရအဖွဲ့ခေါင်းဆောင်များသည် ၁၂-၁၁-၂၀၀၃ ရက်နေ့ နံနက်ပိုင်းတွင် အပြုသဘောဆောင်၍ အကျိုးရှိသော အစည်းအဝေးတစ်ရပ်ကျင်းပခဲ့သည်။ အစည်းအဝေးသည် လေးနိုင်ငံခေါင်းဆောင်များအကြား ခင်မင်ရင်းနှီးမှုကို အခြေခံ၍ ဆွေးနွေးခဲ့သောကြောင့် အောင်မြင်မှုအကျိုးရလဒ်များရရှိခဲ့သည်။

၂။ မိမိတို့ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုစေမည့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ၏ ရှေ့လုပ်ငန်းစဉ် Plan of Action ကို အမြင်ခြင်းဖလှယ်ကြသည်။ အထူးသဖြင့် အာဆီယံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (ASEAN Economic Cooperation) နှင့် လက်ရှိအကောင်အထည်ဖော်လျက်ရှိသော နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို ဖြည့်စွက်ပေးနိုင်ရန် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

၃။ ထိပ်သီးအစည်းအဝေးတွင် ပုဂံကြေညာချက်(Bagan Declaration)ကို သဘောတူအတည်ပြုကာ မိမိတို့ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ တိုးတက်မှုလုပ်ငန်းများ အရှိန်တိုးမြှင့်ဆောင်ရွက်ရန် မိမိတို့သန္နိဋ္ဌာန်ချမှတ်ခဲ့ကြသည်။ ငြိမ်းချမ်း၍ သာယာဝပြောသည့်နိုင်ငံများ (Prosperous and Peaceful Community of Nations)အဖြစ် တည်ဆောက်ရန် အခြေခံအုတ်မြစ်ခိုင်မာစေရေးအတွက် သာတူညီမျှမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဆုံးဖြတ်ခဲ့ကြပါသည်။

ဟူ၍ အပိုဒ် ၁၄ ပိုဒ်ပါသော သမိုင်းဝင်သတင်းထုတ်ပြန်ချက်ကို သဘာပတိ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်က ထုတ်ပြန်ကြေညာခဲ့သည်။

ကမ္ဘာတွင် ဥဒါန်းတွင်ရစ်သော ဤဆောင်ရွက်ချက်အတွက် ဂုဏ်ယူဝင့်ကြွားစွာ မှတ်တမ်းတင် ရေးသားတင်ပြလိုက်ရပါသည်။ ။

တရားအလွှပေးဝေမည်

ရန်ကုန် နိုဝင်ဘာ ၂၅

ဗုဒ္ဓဘာသာ၏အနှစ်သာရနှင့် ချမ်းသာအစစ်ဖြစ်သော နိဗ္ဗာန်ခရီးအတွက် ရှင်းလင်းလွယ်ကူသော ဝိပဿနာအားထုတ်နည်းများ ပြန့်ပွားစေရန်ရည်ရွယ်၍ ဆင်မင်းညီနောင် သင်္ကန်းပရိက္ခရာဆိုင်အမှတ် မ(၁၈) လှိုင်မြစ်လမ်း(ပေါက်တောမီးပွိုင့်အနီး) ကွက်သစ်ရပ်ကွက် အင်းစိန်မြို့၌ ဖွင့်လှစ်ထားရှိသော အဝိဇ္ဇာမှ ဝိဇ္ဇာသို့ တရားအလှူတော်လုပ်ငန်း လုပ်ငန်းခွဲ(၁၆)တွင် သစ္စာတရားခွေနှင့် တရားစာအုပ်များကို မည်သူမဆို အခမဲ့ ငှားရမ်းနိုင်ရန် ဓမ္မဒါနပြုလုပ်ထားကြောင်း သိရသည်။

(က–ပ)

ခြိုးခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

ကမ္ဘာချဉ်းမည့်သင်းရနံ့များ ဖန်ဆင်းပေးနေသည့်

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်

“မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သည် သန်လျင်မြို့နယ် သီလဝါဒေသ၌ ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၁ရက်နေ့တွင် ရွှေ့ပြောင်းဖွင့်လှစ်တော့မည် ဖြစ်ကြောင်း သတင်းကောင်းပါးလိုပါသည်”

ပင်လယ်ကမ်းရိုးတန်းရှည်လျားပြီး မြစ်ချောင်းအင်းအိုင်ပေါများလှသည့် ရွှေနိုင်ငံ၊ မြန်မာနိုင်ငံအနေဖြင့် အရေးပါအရာရောက်လှသည့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သည် မရှိမဖြစ်လိုအပ်သည့်အလျောက် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်အရ ၂၀၀၁ခုနှစ် စက်တင်ဘာလ ၁၃ရက်နေ့တွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဦးစီးဦးဆောင်ပြုလုပ်၍ ဆက်နွှယ်လျက်ရှိသော ဝန်ကြီးဌာနအသီးသီးမှ ဝန်ကြီးများ၊ အတတ်ပညာ၊ အသိပညာဆိုင်ရာ အတွေ့အကြုံရှိသူများ အားလုံးကို ဖိတ်ခေါ်၍ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဖွင့်လှစ်ရေးနှင့် ပတ်သက်၍ ပွင့်လင်းစွာ ဆွေးနွေးခဲ့ပြီးလျှင် ရေယာဉ်တည်ဆောက်မှုပညာရပ်ကို သင်ကြားပေးရန်နှင့် ရေယာဉ်တည်ဆောက်မှုလုပ်ငန်းအား အထောက်အကူပြုနိုင်သည့် နီးနွှယ်ရာ အင်ဂျင်နီယာဘာသာရပ်များနှင့် အသုံးချသိပ္ပံဘာသာရပ်တို့ကိုပါ တစ်ပါတည်း သင်ကြားပို့ချနိုင်ရေးကို စီစဉ်တင်ပြရန် ညွှန်ကြားခဲ့သည်။

၎င်းအပြင် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်အား အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ပေး၍ မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်ကြီးအား အချိန်တိုတိုအတွင်း အကောင်အထည်ပေါ်လာစေရန် ဆောင်ရွက်စေခဲ့သည်။ ထို့အပြင် လုပ်ငန်းကော်မတီငယ်များ သီးခြားဖွဲ့စည်း၍ တက္ကသိုလ်ဥပဒေရေးဆွဲပြုစုရေးကော်မတီ၊ သင်ရိုးညွှန်းတမ်းစာရင်းဇယားရေးဆွဲရေးကော်မတီ၊ သင်ကြားရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီနှင့် အဆောက်အအုံဆောက်လုပ်ရေး ဆပ်ကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်စေခဲ့သည်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နာယကအဖြစ်ဆောင်ရွက်၍ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ဖြစ်မြောက်ရေးကော်မတီအား ဖွဲ့စည်းကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားခြင်း၊ အကြံပြုခြင်း၊ မူဝါဒနှင့်ပတ်သက်၍ ဆုံးဖြတ်ပေးခြင်းများကို ဆောင်ရွက်၍ ရေကြောင်းပညာတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများ လျင်မြန်စွာ ဆောင်ရွက်နိုင်စေရန် အစဉ်မပြတ် ကြီးကြပ်လမ်းညွှန်မှုများကို ပေးခဲ့သည်။

မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်ကို အချိန်တိုတိုအတွင်း ပြီးစီးအကောင်အထည်ဖော်နိုင်ရန်အတွက် ယာယီ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်အား ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းမကြီးပေါ်ရှိ ရေကြောင်းပညာသိပ္ပံဝင်းအတွင်းတွင် လေးထပ်အဆောက်အအုံတစ်ခုနှင့် စာသင်ဆောင် (Theatre) နှစ်ခုတို့အား အရေးပေါ်ဆောက်လုပ်၍ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၏ ပထမဦးဆုံးအသုတ် ကျောင်းသားများအား ၂၀၀၃ခုနှစ် ဩဂုတ်လ ၁ရက်နေ့တွင် သစ်လွင်မောင်ကြိုဆိုပွဲ အခမ်းအနားဖွင့်လှစ်၍ ပထမနှစ်သင်တန်းကို အောင်မြင်စွာ ပို့ချသင်ကြားပေးနိုင်ခဲ့သည်။

အဆိုပါ ၂၀၀၃ခုနှစ် ဩဂုတ်လ ၁ရက်နေ့တွင် မောင်သစ်လွင်များအား ကြိုဆိုပွဲအခမ်းအနားတစ်ရပ်ကို ဆောင်ရွက်ကြရာတွင် မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်ပါမောက္ခချုပ်က ရေကြောင်းပညာနှင့်ပတ်သက်၍ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ၊ သင်ကြားမည့်ဘာသာရပ်များ၊ ၎င်းဘာသာရပ်အသီးသီး၏ အကျိုးသက်ရောက်မှုများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ပထမနှစ် ဘွဲ့ကြိုသင်တန်းများတွင် သင်တန်းသား ၁၉၃ဦး တက်ရောက်ခဲ့ပြီး ဆရာဆရာမ ၉၄ဦးဖြင့် ပို့ချသင်ကြားပေးခဲ့သည်။ ဒုတိယအသုတ် ၂၈၇ဦး၊ တတိယအသုတ် ၃၇၀တို့ တက်ရောက်ရန် စာရင်းပေးထားသည်။ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာများကို နိုဝင်ဘာ ၂၄၊ ၂၅၊ ၂၆ရက်များတွင် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဘုရင့်နောင်လမ်း ဆင်မလိုက်တွင် လက်ခံစိစစ်မည် ဖြစ်သည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ ယခုလောလောဆယ်တွင် အင်ဂျင်နီယာဘာသာရပ် ငါးမျိုးနှင့် အသုံးချသိပ္ပံဘာသာရပ်တစ်မျိုး စုစုပေါင်း ဘာသာရပ် ခြောက်မျိုးတို့အား သင်တန်းကာလ ငါးနှစ်သတ်မှတ်၍ သက်ဆိုင်ရာ အင်ဂျင်နီယာဘွဲ့၊ ဒီဂရီများ ချီးမြှင့်သွားရန် အစီအစဉ်များ ပြုလုပ်ထားသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကြီးအား အရှိန်အဟုန်မြှင့် သင်ကြားနိုင်သည့် ကာလရောက်ရှိလာပါက ဘွဲ့ကြိုဒီပလိုမာ နှစ်ခုအား နှစ်နှစ်သင်တန်းအဖြစ်လည်းကောင်း၊ ဘွဲ့လွန်ဒီပလိုမာနှစ်ခုအား နှစ်နှစ်သင်တန်းအဖြစ်လည်းကောင်း တိုးချဲ့အကောင်အထည်ဖော်သင်ကြားပေးရန် ရည်မှန်းချက်ရှိသည်။

အင်ဂျင်နီယာဘာသာရပ်များနှင့် သိပ္ပံပညာဘာသာရပ်များကို အောက်ပါအတိုင်းသင်ကြားပေးရန် အစီအစဉ်ထားရှိသည်။

(၁) အင်ဂျင်နီယာသိပ္ပံ (ရေယာဉ်တည်ဆောက်မှု ဗိသုကာပညာ)
(၂) အင်ဂျင်နီယာသိပ္ပံ (ရေကြောင်းစက်မှုအင်ဂျင်နီယာပညာ)
(၃) အင်ဂျင်နီယာသိပ္ပံ (ဆိပ်ကမ်းအင်ဂျင်နီယာပညာ)
(၄) အင်ဂျင်နီယာသိပ္ပံ (မြစ်ချောင်းနှင့်အဏ္ဏဝါဆိုင်ရာ အင်ဂျင်နီယာပညာ)
(၅) အင်ဂျင်နီယာသိပ္ပံ (ရေကြောင်းဆိုင်ရာလျှပ်စစ်နှင့် အီလက်ထရွန်နစ်ပညာ)

နိုင်ငံတော်၏ လိုအပ်ချက်အရ ဖွင့်လှစ်မည့် ဘွဲ့ကြိုနှင့် ဒီပလိုမာသင်တန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) သင်္ဘောလုပ်ငန်း စီမံခန့်ခွဲမှုပညာဒီပလိုမာ
(၂) ရေကြောင်းသွားလာမှု စီမံခန့်ခွဲရေးပညာဒီပလိုမာ
(၃) ဆိပ်ကမ်းစီမံခန့်ခွဲမှုပညာ
(၄) ရေကြောင်းစက်မှုပညာ ဒီပလိုမာတို့ဖြစ်သည်။

၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁ရက်နေ့တွင် ပထမနှစ် ပထမနှင့်ဒုတိယအသုတ် ကျောင်းသား၄၀၀အား ဒုတိယနှစ်တွင် လက်ခံသင်ကြားပေးလျက်ရှိသည်။ ပထမနှစ် ဒုတိယအသုတ်သင်တန်းသား စုစုပေါင်း ၃၇၀ ထပ်မံတိုးမြှင့်လာမည်ဖြစ်သဖြင့် စုစုပေါင်း ၈၃၀ ရှိလာမည်ဖြစ်သည်။ ဒုတိယနှစ်တွင် တက်ရောက်နေသူကျောင်းသားများမှာလည်း မိမိတို့နှစ်သက်ရာ ပညာရပ်များကို စိတ်ပါဝင်စားစွာ ကြိုးစားပညာ သင်ယူလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်ကြီးအား သန်လျင်မြို့တွင် တည်ဆောက်ရန်အတွက် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ဧက ၁၀၀ခန့် ကျယ်ဝန်းသည့်နေရာတွင် ပထမအဆင့်တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်သည့်အနေဖြင့် ၂၀၀၃ခုနှစ် မတ်လ ၁၅ရက်နေ့တွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရတနာအုတ်မြစ်စီအခမ်းအနားကို တက်ရောက်ချီးမြှင့်ခဲ့သည်။ ဆောက်လုပ်ရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်တည်ဆောက်ခဲ့သည်။

မောင်ကြင်နာ

လက်ရှိ ဘုရင့်နောင်လမ်း ဆင်မလိုက်တွင် လောလောဆယ် သင်တန်းသား ၄၈၀ တက်ရောက်နေပြီး တတိယအသုတ်ကျောင်းသားများအား အထက်မှ သတ်မှတ်ပေးသည့် အနည်းဆုံးရမှတ် ၄၃၀ရရှိပြီး ကျန်းမာရေး ကောင်းမွန်သော ကျောင်းသားများကို ရွေးချယ်ခဲ့ရာ တတိယအသုတ် သင်တန်းသား ၃၇၀ဦး တက်ရောက်ခွင့်ရရှိခဲ့ကြသည်။ မြန်မာနိုင်ငံ ရေကြောင်း ပညာတက္ကသိုလ် လက်ရှိနေရာတွင် နေရာကန့်သတ်မှုအခက်အခဲရှိသဖြင့် ၁–၁၂–၂၀၀၃ရက်မှ စတင်ပြီး မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် (သန်လျင်)တွင် ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ ပထမဆင့် တည်ဆောက်ရေးလုပ်ငန်းများကို အချိန်မီပြီးစီးသဖြင့် ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၁ရက်နေ့တွင် တတိယအသုတ် ကျောင်းသားများအား မောင်သစ်လွင် ကြိုဆိုပွဲပြုလုပ်ခြင်း၊ ရေကြောင်းပညာတက္ကသိုလ် အခြေခံဘာသာရပ်များ သင်ကြားပို့ချခြင်း၊ ဒုတိယနှစ်သို့ ရောက်ရှိလာသော သင်တန်းသားနှစ်သုတ်အား သက်ဆိုင်ရာ ဘာသာများအလိုက် အတန်းခွဲများဖွဲ့စည်း၍ ဘာသာရပ်အလိုက် အထူးပြုသင်တန်းများကို စတင်ပို့ချသင်ကြားပေးရန် စီစဉ်ထားရှိသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သည် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကြီးဖြစ်ရမည်ဟု နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုအရ လက်တွေ့စာတွေ့ပါ ဟန်ချက်ညီညီပေါင်းစပ်၍ သင်ကြားပေးသွားမည်ဖြစ်သည်။ လက်တွေ့သင်တန်းများဖြစ်သော အင်ဂျင်နီယာရူပဗေဒပညာရပ်၊ ဓာတ်ခွဲခန်းနှင့် လက်တွေ့သင်တန်းအင်ဂျင်နီယာ ဓာတုဗေဒဘာသာရပ်၊ စက်မှုနှင့် ရေကြောင်းအင်ဂျင်နီယာ၊ စက်မှုလက်တွေ့ပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ဆိုင်ရာ သင်ကြားမှုအထောက်အကူပြု လက်တွေ့ပစ္စည်းများ၊ အခြားသော အင်ဂျင်နီယာဆိုင်ရာ လက်တွေ့ပစ္စည်းများ ဝယ်ယူဖြည့်တင်းရာတွင်လည်း လိုအပ်သည့်နှစ်အလိုက် သင်ရိုးညွှန်းတမ်းများနှင့်အညီ လိုအပ်သည်များကိုသာ ရွေးချယ်ဖြည့်ဆည်းတပ်ဆင်ပေးခဲ့သည်။

ကွန်ပျူတာ ဘာသာရပ်နှင့် ပတ်သက်၍ ကွန်ပျူတာများအပြင် Softwareများ ဝယ်ယူထည့်သွင်းခြင်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာသင်ကြားမှု ဘာသာရပ်အတွက်လည်း ပြည့်စုံသည်ထက် ပြည့်စုံအောင်သင်ကြားပေးပြီး အဆင့်အတန်းမီစေရေးအတွက် လိုအပ်သလို ဆောင်ရွက်စီစဉ်ထားသည်။

သင်ကြားပို့ချသည့် အထက်ပါဘာသာရပ်များ ကမ္ဘာ့အဆင့်မီမှုရှိစေရန်နှင့် ခေတ်နှင့်အညီ တိုးတက်တတ်မြောက်စေရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ဆက်သွယ်ညှိနှိုင်းလျက်ရှိသည်။ ဥပမာ–ပင်လယ်ရေကြောင်းသွားလာမှု ပညာရပ်များအတွက် သင်ရိုးညွှန်းတမ်းများကို I.M.O (International Maritime Organisation)နှင့် ဆက်သွယ်၍ ၎င်းတို့၏ သင်ရိုးညွှန်းတမ်းများနှင့် ကိုက်ညီမှုရှိသည့် ဥပဒေ၊ နည်းဥပဒေ၊ ကိရိယာပစ္စည်းများတပ်ဆင်မှု၊ သင်တန်းပေးမှု၊ တက္ကသိုလ်အချင်းချင်း အပြန်အလှန်ကူညီပံ့ပိုးမှုများကို အဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ S.T.C.W 95 ဆိုင်ရာ လိုအပ်ချက်များကိုလည်း သင်ရိုးညွှန်းတမ်းများ ရေးဆွဲသည့် ကထိကများအနေဖြင့် ပြည့်စုံစွာ ထည့်သွင်း သင်ကြားပို့ချပေးရန် လုပ်ငန်းများ ဆောင်ရွက်ထားသည်။ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သည် အချိန်တိုအတွင်း၌ နိုင်ငံတကာနှင့် ဆက်သွယ်၍ နည်းပညာများ ဖလှယ်ခြင်း၊ သင်ရိုးညွှန်းတမ်းများ ပိုမိုပြည့်စုံစေခြင်း၊ အခြားသော တက္ကသိုလ်များနှင့် ဆက်သွယ်ညှိနှိုင်း၍ တိုးတက်မှုများ ဆောင်ရွက်ခဲ့သည်။

လောလောဆယ်တွင် အင်္ဂလန်နိုင်ငံမှ တော်ဝင်ရေယာဉ်ဗိသုကာပညာရှင်များအသင်းနှင့် ဆက်သွယ်၍သော်လည်းကောင်း၊ အင်္ဂလန်နိုင်ငံရေကြောင်းပညာအဖွဲ့အစည်းနှင့်လည်း ဆက်သွယ်မှုရရှိပြီး သင်ရိုးညွှန်းတမ်းများ၊ ဓာတ်ခွဲခန်းကိရိယာများ တပ်ဆင်ထားခြင်းနှင့် ပတ်သက်၍ မှတ်ချက်များတောင်းခံပြီး ညှိနှိုင်းပေါင်းစပ်၍ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် PACON Internationalအဖွဲ့နှင့် ဆက်သွယ်ရရှိထားပြီး မြန်မာနိုင်ငံတွင်လည်း ဌာနခွဲတစ်ခု(PACON Myanmar)အခန်းကဏ္ဍ ဖွင့်လှစ်နိုင်ရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးမူဝါဒကော်မတီသို့ တင်ပြခဲ့ပြီးဖြစ်ရာ သဘောတူခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်သဖြင့် "PACON" Myanmar Chapter ကို ဖွဲ့စည်းပြီးဖြစ်သည်။ မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်သည် ဆိပ်ကမ်းဆိုင်ရာ၊ ကမ်းရိုးတန်းဆိုင်ရာ၊ ရေကြောင်းဆိုင်ရာ၊ မိုးလေဝသဆိုင်ရာ၊ အပြည်ပြည်ဆိုင်ရာ ပညာရှင်များ ပါဝင်သည့် PACON Myanmar အသင်းတွင် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ဒုတိယပါမောက္ခချုပ်(သင်ကြားရေး)က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းဌာနများမှ ပညာရှင်များဖြစ်သော မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ ပညာရှင်များ၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပညာရှင်များ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ပညာရှင်များ၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဦးစီးဌာနမှပညာရှင်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပညာရှင်များ ပါဝင်ဖွဲ့စည်းထားသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တွင် သင်ကြားပို့ချမည့်ဘာသာရပ်များကို ကျွမ်းကျွမ်းကျင်ကျင်သင်ပြနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများရှိ ဆရာများအနက် အချို့ကို ထုတ်နုတ်၍ ပြည်တွင်းတွင် ဘွဲ့လွန်သင်တန်းများ တက်ရောက်စေခြင်း၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံများသို့ မဟာအင်ဂျင်နီယာသင်တန်းများ တက်ရောက်စေခဲ့သည်။ တစ်ချိန်တည်းမှာပင် DAAD° Germany, World Maritime University (Sweden)နိုင်ငံများနှင့်လည်း အဆက်အသွယ်ရယူ၍ သင်တန်းများစေလွှတ်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ထားလျက်ရှိသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်သည် အခြားသော အင်ဂျင်နီယာတက္ကသိုလ်များနှင့် သင်ရိုးကျဘာသာရပ်များ သင်ကြားမှုလုပ်ငန်းများတွင် တူညီမှုရှိသော်လည်း လက်တွေ့ပညာရပ်များတွင် ကွာဟမှုရှိသည်။ အခြေခံ ပညာသင်နှစ် ပထမနှစ်သင်တန်းကို ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် ညှိနှိုင်း၍ ၎င်းတို့သင်ရိုးများအတိုင်း သင်ကြားပို့ချခဲ့သည်။ ဒုတိယနှစ်မှစတင်၍ ကျောင်းသားများအား စာတွေ့လက်တွေ့နှစ်မျိုးလုံးကို ဟန်ချက်ညီညီ ဦးစားပေး ဆောင်ရွက်ရန် စီစဉ်ထားသည်။ မိမိတက္ကသိုလ်ရှိ စက်ရုံ၊ အလုပ်ရုံများတွင် လက်တွေ့ဆောင်ရွက်ရန်ရှိသလို ပင်လယ်ပြင်လေ့ကျင့်ရေးအပါအဝင် ပြည်ပဌာနများသို့လည်း လက်တွေ့ပညာဆည်းပူးနိုင်ရန် စီစဉ်ထားရှိသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ ကျောင်းသားများအနေဖြင့် တက္ကသိုလ်မှ ကျောင်းဆင်းပြီးလျှင် အလုပ်ခွင်သို့ဝင်သည့်အခါတွင် အချိန် တိုတိုဖြင့် ပညာရပ်များကို နားလည်သဘောပေါက်စေပြီး ပါဝင်လုပ်ဆောင်နိုင်ရန် ရည်ရွယ်သည်။ ထို့အပြင် အင်ဂျင်နီယာသိပ္ပံဘွဲ့ထူးများလည်း ရရှိကြပြီး လုပ်ငန်းခွင်သို့ ချက်ချင်း ဝင်ရောက်လုပ်ကိုင်နိုင်ခြင်း ရရှိနိုင်မည်ဖြစ်သည်။ ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူဝန်ကြီးနှင့် ဒုတိယဝန်ကြီးများအပါအဝင် ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်များကလည်း လိုအပ်သည်များကို ကူညီပံ့ပိုးပေးခဲ့သဖြင့် တိုတောင်းသော အချိန်အတွင်း အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

နိုဝင်ဘာ ၂၂ ရက်က သာကေတမြို့နယ် အမက (၁၁)၌ ၂၀၀၂–၂၀၀၃ ခုနှစ် မိဘ ဆရာ အသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ကျောင်းပရာအတန်းပိုင်ဆရာမ ဒေါ်ခင်စန်းဌေးက ထူးချွန်ဆုရရှိသော ပထမတန်း(က)မှ မယုအိန္ဒြာဖြိုးအား ဆုချီးမြှင့်စဉ်။(က–ပ)

မြန်မာ-ထိုင်း ယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအသင်း ထိုင်း-မြန်မာယဉ်ကျေးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း တတိယအကြိမ် ပူးတွဲစည်းဝေး

ရန်ကုန် နိုဝင်ဘာ ၂၅

မြန်မာ-ထိုင်း ယဉ်ကျေးမှုနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအသင်းနှင့် ထိုင်း-မြန်မာ ယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး အသင်းတို့၏ တတိယအကြိမ် ပူးတွဲအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ဟိုတယ်နီကိုး၌ကျင်းပရာ မြန်မာ-ထိုင်း ယဉ်ကျေးမှုနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအသင်း နာယကအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ မြန်မာ-ထိုင်း ယဉ်ကျေးမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း(ငြိမ်း)နှင့်အဖွဲ့ဝင်များ၊ ထိုင်း-မြန်မာ ယဉ်ကျေးမှုနှင့်စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေး အသင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ပတ်အကာနီပွတ် (Gen. Pat Akkanibut)နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ-ထိုင်းယဉ်ကျေးမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း(ငြိမ်း)က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

ထို့နောက် ထိုင်း-မြန်မာယဉ်ကျေးမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ပတ်အကာနီပွတ်က အမှာစကား ပြောကြားသည်။

ပြသရှင်းလင်း

ဆက်လက်၍ မြန်မာ-ထိုင်းယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင် ရွက်ရေးအသင်း၏ လုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ဗီဒီယိုဖြင့် ပြသရှင်းလင်းသည်။

ပြန်လည်ပေးအပ်

ထို့နောက် မြန်မာ-ထိုင်းယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက် ရေးအသင်းနှင့် ထိုင်း-မြန်မာယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး အသင်းတို့၏ တတိယအကြိမ် ပူးတွဲအစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် ထိုင်း-မြန်မာ ယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး အသင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ပတ်အကာနီပွတ်က အမေရိကန်ဒေါ်လာ ၁၀၀၀၊ MDX Group of Companies, Thailandက အမေရိကန်ဒေါ်လာ ၂၅၀၀၀၊ Bangkok First Union Co., Ltd, Thailandက အမေရိကန်ဒေါ်လာ ၁၂၀၀၀ တန်ဖိုးရှိ တစ်ခါသုံးဆေးထိုးပိုက် ငါးသောင်းနှင့် Hotel & Golf Club, Tachileikက အမေရိကန်ဒေါ်လာ ၄၀၀၀ တို့ကိုပေးအပ်လှူဒါန်းကြရာ မြန်မာ-ထိုင်း ယဉ်ကျေးမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး အသင်းနာယက အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းနှင့် ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ထို့နောက် မြန်မာ-ထိုင်းယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအသင်းနာယက အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယ ဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်တို့အား ထိုင်း-မြန်မာယဉ်ကျေးမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ပတ်အကာနီပွတ်က ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ မွန်းလွဲပိုင်းတွင် တတိယအကြိမ်ပူးတွဲအစည်း အဝေးတွင် အစုအဖွဲ့ သုံးစုခွဲ၍ ဆွေးနွေးပွဲများကို ကျင်းပရာ အစုအဖွဲ့(၁)က ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အစုအဖွဲ့(၂)က စီးပွားရေးနှင့် ကုန်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍လည်းကောင်း၊ အစုအဖွဲ့(၃)က ကျန်းမာရေး၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာနှင့် လူမှုရေးကဏ္ဍများနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် မြန်မာ-ထိုင်းယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင် ရွက်ရေးအသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း(ငြိမ်း)က ထိုင်း-မြန်မာ ယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ပတ်အကာနီပွတ်နှင့် အဖွဲ့ဝင်များအား ဟိုတယ်နီကိုး၌ ဂုဏ်ပြုညစာစားပွဲ ဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

ဆင်ပေါင်ဝဲမြို့နယ် အေးချမ်းသာ ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကျင်းပသော(၁၅)ကြိမ်မြောက် ဝန်ထမ်းပေါင်းစုံ မဟာဘုံကထိန်ကို နိုဝင်ဘာ ၈ ရက်က ကျောင်းမော်ကျောင်းတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် ဇနီးတို့က ဆရာတော် ဦးဝိမလထံ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (၃၈၅)

ရွှေနံ့သာမိုးကုတ်ဝိပဿနာ (၁၀)ရက်တရားစခန်းပွဲဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၅

သန်လျင် ရွှေနံ့သာ ပရိယတ္တိကျောင်း မိုးကုတ်ဓမ္မရိပ်သာတွင် ဒီဇင်ဘာ ၇ရက်မှ ၁၆ ရက်အထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာမဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက နယ်လှည့်မိုးကုတ် ကမ္မဋ္ဌာနာစရိယ(ဓမ္မကထိက)ရွှေနံ့သာ အရှင်ဉာဏောဘာသက ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး တရားတော်များကို ဟောကြားပြသပေးမည်ဖြစ်သည်။

တရားစခန်းဝင်ရောက်တရားအားထုတ်မည့် ယောဂီများ တရားစခန်း ပတ်အတွင်း အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ အအေးဖျော်ရည်စသည်တို့ကိုလှူဒါန်းလိုသော မြတ်ဒါနပါရမီရှင်များသည် ဖုန်း ၀၅၆-၂၁၉၆၁ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

World AIDS Day အထိမ်းအမှတ် ခရိုင်အဆင့် စကားရည်လု ပြိုင်ပွဲကို နိုဝင်ဘာ၂၂ရက်က အင်းစိန် အထက(၃) ခန်းမ၌ ကျင်းပရာ ရန်ကုန်မြောက် ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ဇနီးဒေါ်ခင်ဆွေမြင့်က ပထမဆုရ မင်္ဂလာဒုံမြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းအား ဆုချီးမြှင့်စဉ်။ (ပြန်/ဆက်)

ပထမလတ်တန်းအတွက်အထူးထုတ် အာဂုံဆောင် ရူပသိဒ္ဓိစာအုပ်ထုတ်ဝေ

ရန်ကုန် နိုဝင်ဘာ ၂၅

နိုင်ငံတော်အစိုးရပါဠိ ပထမပြန် စာမေးပွဲ ဖြေဆိုကြမည့် ရဟန်းသာမဏေနှင့် သီလရှင်များ လက်စွဲပြုရမည့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မသုခကျောင်း တိုက်အောင်သိဒ္ဓိကျောင်း စာချကထိက အရှင်စန္ဒဇောတိ (ပါဠိပါရဂူ၊ ပိဋကတ် တစ်ပုံဆောင်) အရှင်မြတ် ရေးသား ပြုစုထားသော ပထမလတ်တန်းအတွက်အထူးထုတ် အာဂုံဆောင် ရူပသိဒ္ဓိကျမ်းကို ရွှေတိဂုံ ဘုရားတောင် ဘက်မုခ် စျေးတော်ရုံအမှတ်(၁၉)ရွှေမီးအိမ်စာပေနှင့်ဣန္ဒာသယစာပေတို့က မြန်မာ တစ်ပြည်လုံးသို့ စတင်ဖြန့်ချိလိုက်သည်။ ယင်းစာအုပ်၌ မေးခွန်း မေးကွက်ကောင်း သော အဓိပ္ပာယ်များ၊ အစိုးရပါဠိပထမပြန်စာမေးပွဲ၌ နှစ်ပေါင်း ၄၀ ကျော် ပုစ္ဆာအဖြေများပါရှိပြီး ရွှေတိဂုံ ဘုရားရှိ စာအုပ်ဆိုင်များ၊မန္တလေးစျေးချိုတော်ရှိ စာအုပ်ဆိုင်များနှင့် မြန်မာတစ်ပြည်လုံးရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြား

၂၆-၁၁-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုမြှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ ကျန်းမာခြင်းသည် နိုင်ငံ့ခွန်အား
၄:၅၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ဒုတိယနှစ်(မြန်မာစာ) (ခ)တတိယနှစ်(စိတ်ပညာ)
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၆:၃၅ ၁၅။ မိုးလေဝသသတင်း
၆:၄၀ ၁၆။ မြန်မာ့ရှုခင်း
၆:၅၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိရီဂေဟာ"** (အပိုင်း-၉)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လွှဲပုနှင့်သောင်းချမ်"** (အပိုင်း-၇)



နိုဝင်ဘာ ၁၈ ရက်က မြောက်ဥက္ကလာပမြို့နယ် စံပြ(ဂ)ရပ်ကွက်၊ အရှည်ပေ၂၁၀၀ရှိ ဥက္ကာလမ်းမကြီး ကတ္တရာလမ်းခင်းရန် ပန္နက်တင်မင်္ဂလာ အခမ်းအနားတွင် မြို့နယ် ဥက္ကဋ္ဌ ဦးမောင်ဝင်း၊ စံပြ(ဂ)ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းဦး နှင့် လမ်း ကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့် တို့က မင်္ဂလာပန္နက်တင်ပေးကြစဉ်။ (၃၂၂)

Fastorward ဝန်ဆောင်မှုအသစ် မိတ်ဆက်ပွဲနှင့် ကံစမ်းမဲဆုချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၅

Myanmar DHL Ltdမှ ကြီးမှူးကျင်းပသော Fastorward Launching Ceremony အခမ်းအနားကို ရန်ကုန်မြို့ Sedona Hotel တွင် နိုဝင်ဘာ ၁၄ ရက် (သောကြာနေ့) ညနေပိုင်းတွင် ကျင်းပရာ ဖိတ်ကြားထားသောဧည့်သည်များနှင့်ကံစမ်းမဲ ချီးမြှင့်ခံရသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် Myanmar DHL Ltd. ဥက္ကဋ္ဌ ဦးတင်ထွေးက အဖွင့် အမှာစကားပြောကြားပြီး အထွေထွေမန်နေဂျာက ဝန်ဆောင်မှုအသစ်နှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက် ၍ ကံစမ်းမဲပေါက်သူများအားဆုချီးမြှင့်ခြင်း အစီအစဉ်တွင် ပထမဆုအဖြစ် ကီလိုမီတာ ၂၄၀၀၀ အထိ စီးနင်းလိုက်ပါနိုင်သော Round the World Air Ticketအထူးတန်းလေယာဉ်လက်မှတ်ကို Win International Ltd. မှ ချီးမြှင့်ခြင်းခံရပြီး ကျန်ဆုများ အဖြစ် Samsonite အမှတ်တံဆိပ် ခရီးဆောင်အိတ်များကို ချီးမြှင့်သည်။ **(က-ပ)**

ဆရာဝန်အသင်းဂေါက်ရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်ရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲ ဖြစ်သော ဂေါက်ရိုက်ပြိုင်ပွဲအတွက် နိုဝင်ဘာလဂေါက်ရိုက်ပြိုင်ပွဲကို နိုဝင်ဘာ၃၀ရက် (တနင်္ဂနွေနေ့) နံနက်၅ နာရီခွဲတွင် ဒဂုံဂေါက်ကလပ်(မင်္ဂလာဒုံ)၌ကျင်းပမည် ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်နေသည့် အလုပ်သမားရေးရာကဏ္ဍ

မကျန်းမာသော လူနာများအား အလုပ်သမားဆေးရုံကြီးတွင် ခေတ်မီ X-Ray စက်ကြီးများဖြင့် ကြပ်မတ် ကုသပေးလျက်ရှိသည်။

အလုပ်သမားများ ကျန်းမာရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသည့် ရန်ကုန်မြို့ ခုတင် ၂၀၀ ဆံ့ အလုပ်သမားဆေးရုံကြီး။



အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် အလုပ်သမားများသည် တစ်တပ်တစ်အား တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အလုပ်သမားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်သည့် အသွင်သဏ္ဍာန်ဖြင့် အလုပ်သမားဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ စွမ်းရည်မြင့်မားသော အလုပ်သမားများ ကြိုးပမ်းဆောင်ရွက်မှုကြောင့် နိုင်ငံတော်၏လုပ်ငန်းဌာန၊ စက်ရုံ၊ အလုပ်ရုံနှင့် တည်ဆောက်ရေးလုပ်ငန်းများ ပိုမိုမြင့်မားစွာဖြင့် တိုးတက်ဆောင်ရွက်လာနိုင်သည်ကို မြင်တွေ့နေရသည်။

(မြန်မာ့အလင်း)



စက်ရုံအလုပ်ရုံများရှိအလုပ်သမားများ၏ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် ကွင်းဆင်းလေ့လာစစ်ဆေး၍ လိုအပ်ချက်ကို ညှိနှိုင်း ဖြည့်ဆည်းပေါင်းစပ်ပေးလျက်ရှိသည်။

အမြဲတမ်း ထိတွေ့

လူမှုဖူလုံရေးအဖွဲ့ ဆေးကုဌာနများက အလုပ်သမားများ၏ ကျန်းမာရေးအတွက် အမြဲတမ်း ထိတွေ့ဆောင်ရွက် ဖြည့်ဆည်းပေးလျက်ရှိသည်။

ထိန်းသိမ်းဆောင်ရွက်

ရန်ကုန်မြို့ရှိ လူမှုဖူလုံရေးအဖွဲ့ရုံးတွင် အလုပ်သမားရေးရာကိစ္စများကိုကွန်ပျူတာ မှတ်တမ်းဖြင့်ထိန်းသိမ်း၍ အလုပ်သမားများ၏ အကျိုးခံစားခွင့် ဆိုင်ရာများကို ဆောင် ရွက် ပေး လျက် ရှိသည်။

ပြည်ပနိုင်ငံများသို့ စေလွှတ်၍ လုပ်ငန်းဆိုင်ရာသင်တန်းများ လေ့လာသင်ကြားစေခြင်းဖြင့် အလုပ်သမားများ၏ အရည်အသွေး ပိုမိုတိုးတက်မြင့်မားစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။



လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

မြိတ်မြို့၊ မြစ်မရပ်၊ ခွာညိုလမ်းနှင့် ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းလမ်း၊ အမှတ် ၁၂၆ နေ
ဦးရွှေထူးတင်–ဒေါ်လှလှတို့၏သားထွေး၊ ကိုဝင်းတင်၊ ကိုမင်းလွင်(ခေတ္တ–ဂျပန်)တို့၏ညီ၊
မကြူကြူသင်း(JAT၊ မြိတ်မြို့)၊ မနုနုငွေ၊ မနုနုအေးတို့၏မောင်

မောင်ထိန်လင်း B.E (Electrical Power)

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အောင်ချမ်းသာလမ်း၊ အမှတ် ၁၃၉ နေ
ဦးထွန်းရွှေ(မန်နေဂျာ–ရွှေဘဲစားတော်ဆက်)–ဒေါ်ခင်မြင့်တို့၏သမီး၊ ကိုမင်းမင်းထွန်း(ရှမ်းကန်–၃)၏ညီမ၊
မရီရီချို၊ မသန်းယုနွယ်တို့၏အစ်မ

မအေးမြင့်ထွန်း(ခ)စန္ဒာ G.T.I(E.C), Final Year (Laws)

မြို့တော်စည်ပင်(အင်ဂျင်နီယာဌာန၊ ရေနှင့်သန့်ရှင်းမှု)

တို့၏ ၁၈–၁၁–၂၀၀၂ ရက်နေ့ ရှမ်းကန်(၃)၌ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် အောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစံအေးလှနှင့်ဇနီး ဒေါ်ခင်မာဝင်းချစ်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဗိုလ်မှူးကြီးလှသိန်း(ငြိမ်း)နှင့် ဇနီး ဒေါ်အေးအေးနု၊ မင်္ဂလာလက်ဖွဲ့ ချီးမြှင့်ပေးသော ရွှေဘဲစားတော်ဆက်မှ မိခင်ကြီး ဒေါ်အဝါနှင့် သား ဦးခင်မောင်ဦးမိသားစု၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးဝင်းတင်၊ ရှမ်းကန်(၃)မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ထိန်လင်း–မအေးမြင့်ထွန်း(ခ)စန္ဒာ။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ

ရန်ကုန်–သန်လျင်တံတားအနီးက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရဲ့ တိုင်းရင်းသားရိုးရာအိမ်စစ်စစ်တွေပေါ်မှာ သမိုင်းအစဉ်အလာကြီးမားတဲ့ သွေးချင်းများရဲ့ဂုဏ်ယူဖွယ်ရာ ဓလေ့ထုံးတမ်းအစဉ်အလာတွေကို ခံစားကြည့်နိုင်ပြီ

- ကချင်ပြည်နယ်က ခါကာဘိုရာဇီရေခဲတောင်၊ ကယားပြည်နယ်က တောင်ကွဲစေတီ၊ ကရင်ပြည်နယ်က ဇွဲကပင်တောင်၊ ချင်းပြည်နယ်က ရိဒ်ရေကန်၊ မွန်ပြည်နယ်က ကျိုက်ထီးရိုးဘုရား၊ ရခိုင်ပြည်နယ်က ထုပ္ပန္နသိမ်နဲ့ ရှမ်းပြည်နယ်က အင်းလေးကန်တွေကို အပျော်စီးကားလေးနဲ့ လည်ပတ်နိုင်ပြီ။
- ရန်ကုန်မြို့တော်နဲ့ ပဲခူးမြစ်ရှုခင်းကို နန်းမြင့်မျှော်စင်ပေါ်က ဆန်းသစ်တဲ့အပေါ်စီးမြင်ကွင်းဖြင့် ကြည့်ရှုနိုင်ပြီ။

  ရွှေမြန်မာတို့ရဲ့ ရတနာတန်းဝင် သစ်တောပင်တွေနဲ့ ချစ်စဖွယ် ကျေးငှက်တောတိရစ္ဆာန်တွေကို ကိုယ်တိုင်ကြည့်ရှုနိုင်ပြီ။
- ကမ္ဘာမှာ ရှားပါးလာပြီဖြစ်တဲ့ ဒီရောက်လမုတောထဲက ဂေဟစနစ်တွေ လက်တွေ့သိမြင်လေ့လာနိုင်ပြီ။

ရန်ကုန်မြို့လယ်က ၁၅ မိနစ်ခရီး ရန်ကုန်–သန်လျင်တံတားထိပ်မှာရှိတဲ့

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ

ကို ဖိတ်ခေါ်ပါတယ်။

- သားသား၊ မီးမီးလေးတွေ ဆော့ကစားဖို့ Free Game ကစားကွင်း၊ မိသားစုအပန်းဖြေဖို့ အပန်းဖြေတဲများနဲ့ မိတ်ဆွေအပေါင်းအသင်းတွေ ပျော်ပွဲစားဖို့ သဘာဝအရိပ်ကွင်းတွေရှိတယ်။

နေ့စဉ်ပိတ်ရက်မရှိ၊ နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ
ဝင်ကြေး – လူကြီးကျပ် ၅၀၊ ကလေး ၂၅ ကျပ်၊ နိုင်ငံခြားသား 3 FEC
မည်သူမဆို ဝင်ရောက်နိုင်ပါသည်။
[အမှတ် ၃၂ နှင့် အမှတ် ၄၉ (အဝါ) ကားများ တိုက်ရိုက်ရောက်ပါသည်။]

မြန်မာP.G.Aနှင့်ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်

ရန်ကုန် နိုဝင်ဘာ ၂၅

Myanmar P.G.Aနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ၂၀၀၃ (Myanmar Golf Tour 2003)၏ စတုတ္ထပွဲစဉ် Myanmar P.G.Aနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၇နာရီခွဲတွင် ပဲခူးတိုင်း Hanthawaddy Golf and Country Club၌ကျင်းပသည်။

ဖွင့်ပွဲတွင် ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အားကစားမောင်မယ်များသည် သတ်မှတ်ထားသည့် တီခုံ ၁၀၌ နေရာယူထားကြပြီး Myanmar P.G.Aနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်၊ Rothmans of Pall Mall Myanmar Pte.,Ltd. မှ Brand Developmentမန်နေဂျာ ဦးမင်းတလညာဏ်၊ ပဲခူးတိုင်း ရဲမှူးကြီးသိန်းကြည်နှင့် Hanthawaddy Golf and Country Club မှဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးလေးမြင့်(ငြိမ်း)တို့က အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးပြီး ပထမနေ့၁၈ ကျင်းပြိုင်ပွဲကိုစတင်ကျင်းပသည်။

ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီး၌ Professional Golfers ပြိုင်ပွဲတွင် ဖော်ဖော်လတ်(Pan-West)ကသတ်မှတ်ရိုက်ချက်ထက် လေးချက်လျှော့ရိုက်ပြီး ၆၈ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

စိုးကျော်နိုင်(Pan-West) က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ပြီး ၇၀ချက်ဖြင့် ဒုတိယ၊ အောင်ဝင်း (Y.C.D.C)နှင့် မြင့်ရွှေ (Wilson)တို့ကလည်း သတ်မှတ်ရိုက်ချက်ထက် တစ်ချက်စီလျှော့ရိုက်ကာ တတိယလိုက်နေကြသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် ဖော်ဇင်ဝင်းနှင့် အောင်အောင်ကျော်တို့က ၇၂ ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

နေဗလဝင်းမြင့်က ၇၃ ချက်ဖြင့် ဒုတိယလိုက်ပြီး၊ သိန်းဇော်မြင့်၊ ယဉ်အောင်လတ်နှင့် မျိုးမင်းအောင်တို့က ၇၄ ချက်စီဖြင့် တတိယလိုက်နေကြသည်။

ယင်းပြိုင်ပွဲကို Main Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte.,Ltd. က တာဝန်ယူပြီး၊ Official Airline အဖြစ် Air Mandalay က လည်းကောင်း၊ Official Sports Wear အဖြစ် Grand Siam(Munsing Wear)က လည်းကောင်း၊ Official Drinking Water အဖြစ် Loi-Hein (Alpine) က လည်းကောင်း၊ Official Golf Equipment Supplier အဖြစ် K.M Golf Centre၊ Maruman နှင့် Wilson တို့က လည်းကောင်း၊ Official Office Equipment Supplierအဖြစ် Canon က လည်းကောင်း၊ Official Paint Supplier အဖြစ် UPG က လည်းကောင်း၊ Hole-In-One ဆုကို Sun Far Travels And Tour ကလည်းကောင်း၊ Pan-West နှင့် Easten Pro Enterprise Ltd. တို့က လည်းကောင်း အသီးသီးပံ့ပိုးကူညီပေးကြသည်။

စတုတ္ထပွဲစဉ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူဆောင်ရွက်ပေးသည်။

ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက် ၈ နာရီတွင်ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ် ဥက္ကဋ္ဌဖလား ဖွင့်ပွဲတွင် Myanmar P.G.Aနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ဝက်(ဘ်)ဆိုက်(တ်)လုပ်ငန်းများ ဆောင်ရွက်ပေးနေပြီ

ရန်ကုန် နိုဝင်ဘာ ၂၅

Internet Website လွှင့်တင်ခြင်းဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ WWW Media သည် Domain Nameကိုယ်ပိုင်တရားဝင်မှတ်ပုံတင်ထားသည့် အမည်ရယူပေးခြင်း၊ နိုင်ငံတကာအဆင့်မီ Web Pageများရေးဆွဲဖန်တီးပေးခြင်း၊Internet Website သို့ လွှင့်တင်ခြင်း၊ Internet Website တွင်နှစ်ခြိုက်ရာကဏ္ဍများနှင့်အတူ ကြော်ငြာများဖန်တီးထည့်သွင်းဖော်ပြပေးခြင်းတို့ကိုဆောင်ရွက်ပေးလျက်ရှိရာ သမဝါယမဦးစီးဌာန (shopping. com. mm)၊ ငါးလုပ်ငန်းဦးစီးဌာန (Myanmar fishery. com)၊ မြန်မာနိုင်ငံရိုးရာပညာရှင်များအသင်း (Myanartists. com)၊ မြန်မာနိုင်ငံဝေဒပညာရှင်များအသင်း(Myanmarastro.com)စသော ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အောင်မြင်ကျော်ကြားနေသော အနုပညာရှင်များနှင့် စာပေပညာရှင်များသည် ကိုယ်ပိုင်တရားဝင် မှတ်ပုံတင်ထားသည့် အမည်များဖြင့် အင်တာနက် ဝက်(ဘ်)ဆိုက်(တ်)တွင် လုပ်ငန်းကိစ္စများ၊ ဆက်စပ်နေသည့် အချက်အလက်များ၊ ဖော်ပြလိုသော ကိုယ်ရေးအကြောင်းအရာများကို ပြည့်စုံစွာပြုစုလွှင့်တင်နိုင်ခဲ့ရာ ယခုအခါ လုပ်ငန်းများတွင် ပိုမိုတိုးတက်အောင်မြင်မှုရရှိလာခြင်း၊ ဆိုင်ရာမိတ်ဆွေသစ်များ၊ ဖောက်သည်သစ်များတိုးပွားလာခြင်း၊ယခင်ကထက် အကျိုးအမြတ်ရရှိလာခြင်းများ ရှိနေပြီဖြစ်သည်ဟု သိရသည်။

WWW Mediaသည် အထက်ပါလုပ်ငန်းများကို ပိုမိုကောင်းမွန်၍ အရည်အသွေးမြင့်မားစေရန် အပတ်တကုတ် ကြိုးပမ်းလျက်ရှိပြီး လုပ်ငန်းများကိုလည်း စနစ်တကျလက်ခံဆောင်ရွက်ပေးလျက်ရှိရာ စိတ်ပါဝင်စားသူများသည် WWW Media Co.,Ltd.ဖုန်း–၂၀၄၀၂၀၊ ၂၀၄၀၉၂၊ ၂၀၄၂၀၀၊ အမှတ်၁၆၅(ပထမထပ်) ၃၅လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ Fax:245230,E-mail: info@www.com.mm, Website:htpp//www.com.mm သို့ Domain Nameကိုယ်ပိုင်တရားဝင်မှတ်ပုံတင်အမည် ဆောလျင်စွာရရှိရေးနှင့် Internet လွှင့်တင်နိုင်ရေး အစီအစဉ်များကို ဆောင်ရွက်နိုင်ကြောင်းသိရသည်။

(က–ပ)

ကုန်စည်ပြပွဲများကျင်းပမည်

Tel : 01-547279, 0980-34294

ရန်ကုန် နိုဝင်ဘာ ၂၅

Ve Veစူပါစီက အဓိကကူညီပံ့ပိုးပြီး ပီအမ်ဂျီကုမ္ပဏီမှ တွဲဖက် ကူညီပံ့ပိုးသည့် စစ်မှန်သောလူသုံးကုန်ပစ္စည်းများကို စားသုံးသူပြည်သူများလက်ဝယ်သို့ ချိုသာသောဈေးနှုန်းဖြင့် တိုက်ရိုက်ရောက်ရှိနိုင်စေရန် ရည်ရွယ်၍ ရောဝတီတိုင်း မြောင်းမြမြို့တွင် ဒီဇင်ဘာ ၆ ရက်မှ ၁၀ရက်အထိလည်းကောင်း၊ ဒီဇင်ဘာ ၁၄ ရက်မှ ၁၈ ရက်အထိ ဘိုကလေးမြို့တွင်လည်းကောင်း၊ ဒီဇင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၂၆ ရက်အထိ ဖျာပုံမြို့တွင် လည်းကောင်း မြန်မာ့ထုတ်ကုန်အဆင့်မြင့် ကုန်စည်ပြပွဲနှင့်ဈေးရောင်းပွဲတော်ကို Horizon မှ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် အဆင့်မြင့် တိုင်းရင်းဆေးဝါးနှင့် မြန်မာနိုင်ငံလုပ် အနောက်တိုင်း တိုင်းရင်းဆေးဝါးများ၊ အားဖြည့်အချိုရည်များနှင့် စားသောက်ကုန်အမျိုးမျိုး၊ အလှကုန်များ၊ လယ်ယာသုံးဆက်စပ်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ ပလတ်စတစ်ဖိုင်ဘာပစ္စည်းများ၊ ဆပ်ပြာမှုန့်အမျိုးမျိုး၊ ကိုယ်တိုက်ဆပ်ပြာများ၊ ကျောင်းသုံး၊ ရုံးသုံး ဗလာစာအုပ်များ၊ အဆင့်မြင့်ဒီဇိုင်းသစ်ဖိနပ်များ၊ အထည်အလိပ်များနှင့် ဖက်ရှင်ဒီဇိုင်းဝတ်စုံများကို ကုမ္ပဏီပေါင်း ၆၀ ကျော်တို့မှ ပါဝင်ပြသရောင်းချမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ဖျော်ဖြေရေးအစီအစဉ် ပါဝင်မည်ဖြစ်သည်။ အဆိုပါ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကြီးကို စိတ်ပါဝင်စားသော ကုမ္ပဏီလုပ်ငန်းရှင်ကြီးများအနေဖြင့် Horizon ဖုန်း–၀၁–၅၄၇၂၇၉၊ ၀၉–၈၀–၃၄၂၉၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မော်တော်ယာဉ်ပြုပြင်ထုတ်လုပ်နေသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့်မော်တော်ယာဉ်ဌာန

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်အတွင်း ဘက်ပေါင်းစုံမှ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးကို ရည်ရွယ်၍ စီးပွားရေး ဦးတည်ချက်လေးရပ်ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့မော်တော်ယာဉ်ပြပွဲ ၂၀၀၃ ကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ **မေ ၁၉ ရက်မှ မေ ၁၅ ရက်**အထိပြသခဲ့သည်။ မော်တော်ယာဉ်ပြပွဲကို အောက်ဖော်ပြပါ ဦးတည်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ **နိုင်ငံတော် စီးပွားရေးဦးတည်ချက် လေးရပ်တွင် စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအား အဓိကမောင်းနှင်အားအဖြစ် ပါဝင်ဆောင်ရွက်သွားနိုင်ရေး၊ ဈေးကွက်စီးပွားရေးစနစ်ကို အခြေခံ၍ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး၊ ပြည်ပသွင်းကုန် အစားထိုးနိုင်ရေးနှင့် ပြည်ပပို့ကုန် မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး၊ ပြည်တွင်းမော်တော်ယာဉ်ထုတ်လုပ်မှု နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးမြင့်မားသော ဘက်စုံသုံး မော်တော်ယာဉ်များ တိုးချဲ့ထုတ်လုပ်သွားနိုင်ရေး၊ ပြည်တွင်းပြည်ပမှ တိုးတက်ကောင်းမွန်သော စက်မှုနည်းပညာများနှင့် အသိပညာ၊ အတတ်ပညာများအား နှီးနှောဖလှယ်၍ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြု ဆောင်ရွက်သွားနိုင်ရေးများဖြစ်သည်။**

နိုင်ငံတော်အကြီးအကဲက စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးမှ နိုင်ငံတော်၏စက်မှုကဏ္ဍဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း မိန့်မှာထားခဲ့သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် နိုဝင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တွင် ဧရာဝတီ အနောက်ဘက်ကမ်း ပဲခူးတိုင်း ပန်းတောင်း မြို့နယ်နှင့် မကွေးတိုင်း မင်းလှမြို့နယ်တို့ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ စက်ရုံများသို့သွားရောက်ပြီး စက်ရုံများက စမ်းသပ်တီထွင်ထုတ်လုပ်လျက်ရှိသည့် သွင်းကုန် အစားထိုးစက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေး အားပေးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရ၏ အားပေးမှုကြောင့် မြန်မာပြည် အရပ်ရပ်ရှိ ပုဂ္ဂလိကစက်မှုဇုန် ၁၈ ခုသည် ပြည်ပက မပါမဖြစ်သည့် စက်အစိတ်အပိုင်းများမှလွဲ၍ ပြည်တွင်းဖြစ်ပစ္စည်းများကို အဓိကထားကာ ကားများလှိုင်လှိုင်ထုတ်လုပ်နေသည်ကို တွေ့နေရသည်။

ပုဂ္ဂလိကစက်မှုဇုန် ၁၈ခု မပေါ်မီကတည်းက ရန်ကုန်မြို့တွင် မိမိဌာနအတွက် မော်တော်ယာဉ် ပြုပြင်ထုတ်လုပ်နေသော ဌာနတစ်ခုရှိနေသည်။ ယင်းဌာနသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီလက်အောက်ရှိ စက်ရုံနှင့် မော်တော်ယာဉ်ဌာနဖြစ်သည်။

ဤဌာနသည် ဟိုက်ဒရောလစ်သုံး အမှိုက်သယ်ယာဉ်များ၊ ကျောက်သယ်ယာဉ်များထုတ်လုပ်နေကြောင်း သိရှိရ၍ စာရေးသူသွားရောက် လေ့လာခဲ့ရာ စက်ရုံနှင့်မော်တော်ယာဉ်ဌာန ဌာနမှူး ဦးမင်းလွင်၊ ကားကြီးများ တည်ဆောက်ရာတွင် တာဝန်ခံဖြစ်သည့် လက်ထောက်ဌာနမှူး အင်ဂျင်နီယာ ဦးအောင်ခင်ဇံတို့က ရှင်းလင်းပြသခဲ့သည်။

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
သတင်းထောက် သန်းဆွေ(ပန်းဘဲတန်း)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းအား ဟိုက်ဒရောလစ်သုံး အမှိုက်သယ်ယာဉ်အဖြစ် တည်ဆောက်ပြီးစီးမှုကို ဌာနမှူး ဦးမင်းလွင်နှင့် လက်ထောက်ဌာနမှူး ဦးအောင်ခင်ဇံတို့က ရှင်းလင်းတင်ပြစဉ်။

"စက်ရုံနှင့် မော်တော်ယာဉ်ဌာနက ယခင်ကတည်းက ကားတစ်စီးလုံးအထိထုတ်လုပ်နိုင်တယ်ဆိုတာသိရပါတယ်။ အဲဒါလေးပြောပြပေးပါလား"

"လုပ်နိုင်ပါတယ်ခင်ဗျာ၊ အခုဆိုရင် လက်ရှိအမှိုက်ကား အဟောင်းတွေကို တစ်စီးလုံးအသစ် ဖြစ်သွားတဲ့အထိ ဆောင်ရွက်ပါတယ်။ ကားရဲ့ဖရိန်ကစပြီးတော့ အင်ဂျင်၊ ဟိုက်ဒရောလစ်၊ ကိုယ်ထည်စသဖြင့် အစအဆုံး အသစ်တစ်စီးကဲ့သို့ ပြောင်းလဲပစ်ပါတယ်"

"ဖရိန်ဆိုရင်လဲ အသစ်ချိုးပါသလား"

"ဟုတ်ပါတယ်၊ကျွန်တော်တို့က ဖရိန်ကိုချိုးပြီးတော့ ဆောင်ရွက်ပါတယ်။ ကားတစ်စီးမှာ ဖရိန်က အဓိကပါ၊ ဖရိန်ကနွဲ့ရမယ်၊ပျော့ပျော့လေးနဲ့ သွားရပါတယ်။ မာမာကြီး မဖြစ်ရပါဘူး၊ နွဲ့နေမှသူ့ရဲ့ အလိုက်သင့်နဲ့ မကျိုးဘဲ နွဲ့ပြီးလိုက်သွားမှာပါ။ သိပ်မာနေမယ်ဆိုရင် အလေးချိန် သက်ရောက်ခဲ့ရင်၊ မလှုပ်ရှားနိုင်ရင်၊ သူ့ဒဏ်အားနဲ့ ပိုလို့ရှိရင် ဖရိန်ကွဲတတ်ပါတယ်။ ဒါကြောင့် ဖရိန်က နွဲ့နေအောင် လုပ်ရပါတယ်။ ဖရိန်နွဲ့အောင်လုပ်ဖို့ ဒီဇိုင်း

TE-21 ကားကို ဟိုက်ဒရောလစ်စနစ်သုံး အမှိုက်သယ်ယာဉ်အဖြစ် စက်ရုံနှင့် မော်တော်ယာဉ်ဌာနမှ တီထွင်ပြောင်းလဲတည်ဆောက်ပြီး အသင့်သုံးနိုင်သည့်အဆင့် ရောက်ရှိနေသည်ကို တွေ့ရစဉ်။

လုပ်ရပါတယ်။ အပြန်ပြန်အလှန်လှန်တွက်ရပါတယ်။ အဲဒီဖရိန်နွဲ့အောင်လုပ်မယ့် သံထည်ကို အစိမ်းချိုး ချိုးရပါတယ်၊ မီးလုံးဝမပါရပါဘူး"

"နိုင်ငံခြားမှာသုံးပြီး ကားတစ်ပတ်ရစ်များ ဝယ်ယူအသုံးပြုတာနဲ့ ကိုယ့်ဌာနရှိ စက်ရုံမှာ စိတ်တိုင်းကျ တည်ဆောက် အသုံးပြုတာ ကွာဟချက်များရှိပါသလား"

"ရှိပါတယ်၊ ကျွန်တော်တို့ ကားတည်ဆောက်တဲ့ နေရာမှာ သံထုခိုကပ်ခြင်း လုံးဝမရှိပါဘူး၊ ချွေတာခြင်းလဲ မရှိပါဘူး။ သေသေချာချာ လိုအပ်တဲ့နေရာတွေမှာ လိုအပ်သလို အရေအတွက် အရည်အသွေးကောင်းကောင်း ထည့်ပြီး ဆောင်ရွက်ပါတယ်။ ယခုလိုဆောင်ရွက်လိုက်တဲ့ အတွက်ကြောင့်လဲ သံသားကလဲ ထူထူထဲထဲဖြစ်တော့ ရေရှည်ခံမှာဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့နိုင်ငံက အမှိုက်တွေဟာ အမှိုက်နဲ့အတူ အညစ်အကြေး အရည်တွေကြောင့် သံကိုယ်ထည်၊ ဖရိန် စသဖြင့် သံနှင့်ပတ်သက်သမျှ အားလုံးစားကုန်ပါတယ်"

"ဒါကြောင့်လဲ သံကိုယ်ထည်ကအစ သံသုံးထားသမျှ နေရာအားလုံးကို အရည်အသွေးမြင့် ထူထူထဲထဲ ကောင်းမွန်တဲ့ သံထည်များနဲ့ တည်ဆောက်ထားတဲ့အတွက် ယခုကဲ့သို့ ကွာဟချက်ရှိပါတယ်။ ကျွန်တော်တို့သုံးနေတဲ့ကားတွေက သူတို့နိုင်ငံအတွက် အဓိကထား ဒီဇိုင်းလုပ်ထားတာဖြစ်တဲ့ အတွက် သံထည်အသုံးပြုထားတာခြင်းကိုက အတော်ကွာပါတယ်။ ဒါကြောင့် ခြုံငုံသုံးသပ်ပါက ကျွန်တော်တို့ တည်ဆောက်ထားတာက နှစ်ရှည်ပိုခံမယ်လို့ပြောရပါတယ်"

"ယခုတည်ဆောက်နေတဲ့ အမှိုက်သယ်ယာဉ်နဲ့ ကျောက်သယ်ယာဉ်များကို ယခင်ကားဟောင်း အစိတ်အပိုင်းများနဲ့ တည်ဆောက်နေပါသလားခင်ဗျာ"

"မဟုတ်ပါဘူး၊ အမှိုက်သယ်ယာဉ်တွေ၊ ကျောက်သယ်ယာဉ်တွေဟာ ကားသစ်တွေဖြစ်ပါတယ်။ တစ်ပတ်ရစ်ကားတွေ မဟုတ်ပါဘူး။ ကျွန်တော်တို့ဌာနအနေနဲ့ အမှတ်(၂)စက်မှုဝန်ကြီးဌာနက ထုတ်လုပ်တဲ့ TE-21 ကားတွေဝယ်ပြီးတော့ ဟိုက်ဒရောလစ်သုံး အမှိုက်သယ်ယာဉ်၊ ကျောက်သယ်ယာဉ်အဖြစ် ပြန်လည် တည်ဆောက်တာဖြစ်ပါတယ်"

"အမှတ်(၂)စက်မှုဝန်ကြီးဌာနက အထွေထွေသုံးအဖြစ် ထုတ်လုပ်တဲ့ TE-21ကားသစ်များကို အမှိုက်သယ်ယာဉ်၊ ကျောက်သယ်ယာဉ်အဖြစ် ပြန်လည်တည်ဆောက်ရာမှာ ကုန်ကျစရိတ်နဲ့ ဟိုက်ဒရောလစ်စနစ် တပ်ဆင်ပုံ၊ ကိုယ်ထည် တည်ဆောက်ပုံ၊ ဖရိန်အဆင့်ဆင့် တည်ဆောက်ပုံများကို ပြောပြပေးပါခင်ဗျာ"

"နိုင်ငံခြားဖြစ် အမှိုက်သယ်ယာဉ်၊ ကျောက်သယ်ယာဉ်တစ်စီးချင်း၏ တန်ဖိုးမှာ ကျပ်သိန်း ၅၀၀ ခန့်ရှိပါတယ်။ အမှတ်(၂)စက်မှုဝန်ကြီးဌာနက ထုတ်လုပ်တဲ့ TE-21 ကားအသစ်တစ်စီးကို အမှိုက်သယ်ယာဉ်၊ ကျောက်သယ်ယာဉ်အဖြစ် အသုံးပြုရန် တည်ဆောက်စရိတ်၊ ကားတန်ဖိုးအားလုံးပေါင်းမှ ကားတစ်စီးလျှင် ကျပ်သိန်း ၁၆၀၊ ၁၇၀ ဝန်းကျင်ခန့်သာကုန်ကျပါတယ်"

"ဟိုက်ဒရောလစ်ကားတစ်စီး ပြုလုပ်ပုံအဆင့်ဆင့်ကို ပြောပြပေးပါလားခင်ဗျာ"

"ပထမဆုံးက ဒီဇိုင်းတွက်ချက်ရပါတယ်။ ဒီကားကြီးရဲ့ နောက်ကဘော်ဒီကို ဘယ်လိုအပေါ်မြှောက်တင်မလဲ၊ ဘယ်နေရာကနေထောက်ပြီး မြှောက်တင်မလဲ၊ အလေးချိန်က ဘယ်နေရာမှာသက်ရောက်နေမလဲ၊ အလေးချိန်သက်ရောက်တဲ့နေရာမှာ တွန်းအားခံနိုင်တဲ့ သံအမာခိုင်အောင် ဘယ်လိုဆောင်ရွက်မလဲ၊ ဟိုက်ဒရောလစ် အားသက်ရောက်မယ့်နေရာတွေအားလုံးမှာ ခိုင်ခံ့အောင်တည်ဆောက်ရပါတယ်။ကျွန်တော်တို့အနေနဲ့လဲဘယ်နေရာမှာ အားအများဆုံးသက်ရောက်မယ်၊ ဘယ်နေရာမှာ အားနည်းနည်းသက်ရောက်မယ်၊ ဒါတွေအားလုံးလေ့လာဆောင်ရွက်ရပါတယ်"

"ယခုတည်ဆောက်ပြီး ယာဉ်က ဟိုက်ဒရောလစ်စလင်ဒါနှစ်လုံးနဲ့ တွေ့နေရပါတယ်။ ဟိုက်ဒရောလစ်အကြီးတစ်လုံးတည်းသုံးတာနဲ့ ဘယ်လိုကွာခြားပါသလဲ"

"ဟိုက်ဒရောလစ်စလင်ဒါအကြီးက အလွန်ဈေးများပါတယ်၊ အကျိုးသက်ရောက်ပုံက မကွာခြားတဲ့အပြင် စလင်ဒါ အသေးနှစ်လုံး သုံးထားလို့ နှစ်ဖက်မျှပြီး ဝန်ကိုတင်ပေးနိုင်လို့ ထိန်းသိမ်းအားပိုကောင်းပါတယ်၊ နောက်အမှိုက်တင်၊ ကျောက်တင်ဘော်ဒီတွေ အတွက် ပိုပြီးငြိမ်ပါတယ်၊ ငွေကုန်လဲသက်သာပါတယ်"

"အမှိုက်သယ်ယာဉ်ဖြစ်စေ၊ ကျောက်တင်ယာဉ်ဖြစ်စေ ဟိုက်ဒရောလစ်စလင်ဒါစနစ် တည်ဆောက်တဲ့နေရာမှာ ရရှိထားတဲ့ အသုံးပြုမည့် ဟိုက်ဒရောလစ်စလင်ဒါ အရှည်အတိုပေါ်မှာမူတည်ပြီး တွက်ချက်ရပါသေးတယ်။ တွက်ချက်၍ရသည့်အဖြေပေါ်မူတည်ပြီး TE-21 ကား ဖရိန်မှာ အမှိုက်တင်မည့် ခန္ဓာကိုယ်အရှည်ဘယ်လောက်ထားမလဲ၊ ထားတဲ့အခါမှာ မြေမထောက်ရအောင်နောက်ပိုင်း ကိုယ်ထည်အဆုံးကို ဖရိန်ကနေ ဘယ်လောက်ထုတ်မလဲ စသည်ဖြင့် ဆုံးဖြတ်ရပါတယ်။ ဟိုက်ဒရောလစ်သုံးလိုက်တဲ့ အပိုင်းကိုလဲ TE-21အင်ဂျင်နဲ့ တွဲသုံးပါတယ်။ ဒါပေမယ့် အင်ဂျင်အပိုင်းမှာ နည်းနည်းပါးပါး အင်ဂျက်ရှင်းပန့် နည်းနည်းပါးပါးပြင်ရတာလေးတွေရှိသလို ဂါဗာနာစပိကိုလဲ နည်းနည်းပါးပါး ပြောင်းရတာလေးတွေရှိပါတယ်၊ သိပ်မခက်ပါဘူး"

"ကားကိုယ်ထည်ဖရိန်နဲ့ ဟိုက်ဒရောလစ်စလင်ဒါ ဖရိန်တွဲနေတာတွေ့ရပါတယ်၊ ကားကိုယ်ထည်ဖရိန်မှာပဲ ဟိုက်ဒရောလစ်စလင်ဒါတွဲထားလို့ မရဘူးလားခင်ဗျာ"

"ဒီအပိုင်းကိုရှင်းပြဖို့ကျန်သွားပါတယ်၊ အကြမ်းဖျင်းအားဖြင့် TE -21ကားနောက် ဘော်ဒီကိုယ်ထည်ကြီးကို အပြီးဖြုတ်ချရပါတယ်၊ဘော်ဒီဖြုတ်ချပြီးတော့ မူရင်းကျန်ခဲ့တဲ့ကားနဲ့ တွဲလျက်ရှိတဲ့ ကားဖရိန်ပေါ်မှာမှ ဟိုက်ဒရောလစ် တပ်ဆင်မယ့်ဖရိန်ကို တွဲဆင်ရပါတယ် ဟိုက်ဒရောလစ် ဖရိန်ပေါ်မှာမှ ပစ္စည်းတင်မယ့် ကိုယ်ထည်ဖရိန်ထပ်မံ တပ်ဆင်ရပါတယ်၊ အားလုံးတပ်ဆင်ပြီးတဲ့ အချိန်မှာမှ ဟိုက်ဒရောလစ်စနစ်ကို ပြန်လည်တည်ဆောက်ရပါတယ်။

"ဟိုက်ဒရောလစ်စနစ်တည်ဆောက်ပြီးမှ ဟိုက်ဒရောလစ်စနစ်ကို အင်ဂျင်ကနေ ပါဝါယူရပါတယ်။ ပါဝါယူပြီးမှ ဟိုက်ဒရောလစ်ပန့်ကိုလှည့်ဖို့ ပြန်လည်ဆင်ရပါတယ်၊ အထက်ပါလုပ်ငန်းများပြီးမှ ဟိုက်ဒရောလစ်စနစ်တစ်စုံ ကောင်းကောင်းမွန်မွန်ဖြစ်လာပြီး ကားတစ်စီးလုံး ပြီးဆုံးခန်းရောက်ရှိသွားပါတယ်"

"စက်ရုံနဲ့ မော်တော်ယာဉ်ဌာနမှာ ယာဉ်များပြုလုပ်ရန် စက်ပစ္စည်းတော်တော်စုံပါသလားခင်ဗျာ"

"ကျွန်တော်တို့ စက်ရုံနှင့် မော်တော်ယာဉ်ဌာနမှာ စက်ပစ္စည်းအစုံအလင်ရှိပါတယ်။ တွင်ခုံမျိုးစုံ၊ ဖောက်ခုံမျိုးစုံရှိပါတယ်။ နောက်ကရိုင်းရှပ် သတဲ့စက်၊ နော်ဇယ်ချိန်တဲ့စက်၊ သံဖြတ်၊ သံချောင်းကွေး၊ သံပြားကွေး၊ သံပြား ခေါက်စက် စုံလင်ပါတယ်၊ စက်တွေကလဲ ခေတ်မီစက်တွေဖြစ်ပါတယ်"

"ထပ်ပြီးတင်ပြရရင် ယာဉ်များအတွက် စက်များကို အတိအကျလုပ်ပေးနိုင်ရန် တစ်လက်မရဲ့တစ်ထောင်ပုံတစ်ပုံအထိ တိကျအောင်လဲလုပ်ပေးနိုင်တဲ့စက်တွေ ရှိပါတယ်။ ကျွမ်းကျင်တဲ့ အင်ဂျင်နီယာတွေ၊ ယာဉ်စက်ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေလဲရှိပါတယ်"

"ကျွန်တော်တို့အနေနဲ့ အင်ဂျင်နီယာပိုင်းဆိုင်ရာ တွက်ချက်မှုအားလုံးကို အသေးစိတ်တွက်ချက် ဆောင်ရွက်ပါတယ်၊ ဆောင်ရွက်ပြီးမှ ကျွမ်းကျင်လုပ်သားများနဲ့ ဆောင်ရွက်ပါတယ်။ ကျွန်တော်တို့မှာ ရှိတဲ့ စက်ကိရိယာပိုင်းကလဲ ခေတ်မီတဲ့ စက်ကိရိယာတွေရှိတဲ့အတွက် ကောင်းကောင်းမွန်မွန် ဆောင်ရွက်နိုင်ပါတယ်"ဟု စာရေးသူအား ဌာနမှူးနှင့် လက်ထောက်ဌာနမှူးက အသေးစိတ်လိုက်လံပြသရင်း ရှင်းလင်းပြောကြားခဲ့ပေသည်။ ။

ဝယ်ယူလိုသည်

ကျူရိုး၊ ကိုင်းရိုး၊ စပါးပင်ရိုးပြတ်များကို လှိုင်သာယာ စက်မှုဇုန်အရောက်ပို့ အမြောက်အမြား ဝယ်ယူလိုသည်။ ပေးသွင်းနိုင်သူများ ဆက်သွယ်ပါ။

ဆက်သွယ်ရန်
ဖုန်း- ၀၁-၆၈၅၄၄၁၊ ၆၈၅၄၄၅၊ ၆၈၅၄၄၇

ဘုရင့်နောင်ပွဲရုံ ငှားမည်

ရေတမာလမ်း
ဖုန်း- ၀၉-၅၀၁၂၈၅၄၊ ၅၂၆၇၈၇

စိန်မြား
စန်းဆီးနှင့်လိုက်ကာ

၁၃၉၊ ဗားကရာလမ်း၊
စမ်းချောင်း။
ဖုန်း-၅၃၉၉၉၈



လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
(ရန်ကုန်စီးပွားရေးတက္ကသိုလ်)

၁။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် အစီအစဉ်ဖြင့် အောက်ပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။
၂။ Certificate in Book-Keeping (CBK) သင်တန်းပြီးဆုံးပါက စာမေးပွဲစစ်ဆေး၍ အောင်လက်မှတ် ထုတ်ပေးပါမည်။
၃။ Certificate in Advanced Accounting (CAA) သင်တန်းပြီးဆုံးပါက စာမေးပွဲစစ်ဆေး၍ အောင်လက်မှတ်ထုတ်ပေးပါမည်။
၄။ CBKနှင့် CAAသင်တန်းတို့အတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင် (သို့) အခြေခံပညာအထက်တန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ရရှိထားသူ ဖြစ်ရမည်။ (လက်မှတ်မူရင်းနှင့်မိတ္တူ ပူးတွဲတင်ပြရန်)
၅။ **စတင်လက်ခံမည့်ရက်။** ။ ၁၇-၁၁-၂၀၀၃(တနင်္လာနေ့)
၆။ **ဖွင့်လှစ်မည့်ရက်** ။ ။ ၁-၁၂-၂၀၀၃ (တနင်္လာနေ့)
၇။ **ဆက်သွယ်ရန်လိပ်စာ** - ဝါဏိဇ္ဇဗေဒဌာန ရန်ကုန်စီးပွားရေးတက္ကသိုလ်
၈။ **အသေးစိတ်သိလိုပါက**- ဖုန်း- ၅၃၆၄၃၃၊ ၅၃၆၄၃၄၊ ၅၃၆၄၃၆၊ ၆၆၂၅၁၅၊ ၅၉၁၄၁၅၊ ၅၉၁၄၁၆ တို့တွင် စုံစမ်းနိုင်ပါသည်။

တင်အောင် (မော်ကွန်းထိန်းအဆင့်-၁)

အမြန်လာရောက်ဖြေရှင်းပါ

ကိုသန်းနိုင်(ဘ)ဦးတင်ရွှေ ၆/ထဝန (နိုင်) ၀၀၁၉၆၂သည် လူမှုရေးဖောက်ပြားပြီး နေအိမ်မှထွက်ခွာသွားသည်မှာ ကိုးလကျော်ရှိပါပြီ။ ကိစ္စအရပ်ရပ်ဖြေရှင်းရန်အတွက် ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ဖြေရှင်းပါရန်။ ဤသတ်မှတ်ရက်မှ ကျော်လွန်ပါက ကိုသန်းနိုင်မှ ဝင်ရောက်စွက်ဖက်မှုမှန်သမျှကို လုံးဝလက်မခံနိုင်ပါကြောင်း။

မညိုညိုဝင်း (ဘ) ဦးစီလင်
၆/ ထဝန (နိုင်)၀၀၄၂၆၈

ခွေစပ်ကြောင်းလမ်း ဖျက်သိမ်းခြင်း

မောင်မျိုးသွင်နှင့် မအေးမြတ်သီတာတို့၏ ၂၇-၄-၂၀၀၃ရက်တွင် စေ့စပ်ကြောင်းလမ်းခဲ့ခြင်းကို ယခုအခါ စိတ်သဘောထားချင်း မည်သို့မှ တိုက်ဆိုင်ခြင်းမရှိတော့ပါ၍ ကျွန်မ၏သဘောဆန္ဒအလျောက် ဖျက်သိမ်းလိုက်ပါသည်။

မအေးမြတ်သီတာ
၁၄/ဝခမ(နိုင်)၀၀၈၁၉၉

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လ/၅၃၄၄ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း**

ကျေးဇူးဆပ်ပါမည်

ကျွန်မ မမီမီညွန့်၏ နိုင်ငံကူးလက်မှတ်(No.376542)သည်ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အောက်ပါလိပ်စာအတိုင်း ပြန်လည်ပေးပို့ပါရန်။
တိုက်အမှတ် ၂၇၄၊ အခန်း ၈၊ အရှေ့ ရန်ကင်း၊ ရန်ကုန်မြို့

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ၏သမီးဖြစ်သူ မအေးအေးမြင့် ၁၂/သကတ(နိုင်)၀၂၆၇၁၁သည် မိဘ၊ ညီအစ်ကို မောင်နှမ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၁-၃-၂၀၀၃ ရက်မှစ၍ နေအိမ်မှ ဆင်းသွားပါသဖြင့် ၂၀-၁၁-၂၀၀၃ရက်မှစ၍ ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝကိုလုံးဝတာဝန်မယူကြောင်း အသိပေးကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
ဒေါ်အေးသိန်းကြည် AE-၁၃၉၄၈၃
အမှတ် ၁၂၃၄၊ မြရတနာလမ်း၊ (၉)ရပ်ကွက်၊ သာကေတ

ဝါးခယ်မ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးမော်လွင်နှင့်အဖွဲ့ အောက်တိုဘာ ၂၇ ရက်က သံကြိုးတိုင်ရပ်ကွက်တွင် အလှူရှင်တို့ လှူဒါန်းငွေဖြင့်ဆောင်ရွက်သောကုန်းတို့ ဆိပ်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။

(၃၇၆)

မြစ်ကြီးနား-ဗန်းမော် ကုန်စည်ပြပွဲများ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၅

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ခွင့်ပြု ကူညီပံ့ပိုးမှုဖြင့် Alpha Group သည် မြစ်ကြီးနား ကုန်စည်ပြပွဲ-၂၀၀၄ကို မြစ်ကြီးနားမြို့ မိုးလုံလေလုံ အားကစားခန်းမတွင် ၂၀၀၄ ခုနှစ်ဇန်နဝါရီ၇ရက်မှ၁၁ ရက် အထိ၊ ဗန်းမော် ကုန်စည်ပြပွဲ-၂၀၀၄ကို ဗန်းမော်မြို့ မြို့တော်ခန်းမတွင် ၂၀၀၄ခုနှစ်ဇန်နဝါရီ ၁၇ရက်မှ၂၁ရက် အထိ အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်စီစဉ် ဆောင်ရွက်လျက် ရှိသည်။

အဆိုပါကုန်စည် ပြပွဲတွင်အလှကုန် ပစ္စည်းအမျိုးမျိုး၊ ကြိမ်နှင့်ယွန်းထည် ပစ္စည်းအမျိုးမျိုး၊ စိုက်ပျိုးမွေးမြူရေး သုံးဆေးနှင့်ဆက်စပ်ပစ္စည်းအမျိုးမျိုး၊လျှပ်စစ်နှင့်အီလက်ထရွန်နစ် ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ ကလေး အာဟာရနို့မှုန့်အမျိုးမျိုး၊ ဖိနပ်အမျိုးမျိုး၊ ပလတ်စတစ်ပစ္စည်း အမျိုးမျိုး၊ တိုင်းရင်းဆေးဝါးနှင့်အနောက်တိုင်းဆေးဝါးအမျိုးမျိုး၊ စက်မှုလက်မှု လုပ်ငန်းသုံး စက်ပစ္စည်းအမျိုးမျိုး၊ဆောက်လုပ်ရေးလုပ်ငန်းသုံးစက်နှင့် ဆက်စပ်ပစ္စည်း အမျိုးမျိုး၊ သတင်းနှင့် နည်းပညာဆိုင်ရာ ပြခန်းများ၊ သကြားလုံး၊ ခေါက်ဆွဲနှင့် စားသောက်ကုန်ပစ္စည်း အမျိုးမျိုးတို့ကို ပြခန်းများဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။

ဖျော်ဖြေမည်

ပြပွဲလာပြည်သူများအားအဆင့်မြင့် ထုတ်ကုန်ပစ္စည်းများကိုလက်တွေ့သရုပ်ပြကြော်ငြာခြင်းများ၊အရောင်းမြှင့်တင်ရေးအစီအစဉ်များကိုနေ့စဉ်အခမဲ့ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်သည်။ အဆိုပါကုန်စည်ပြပွဲတွင် မည်သူမဆို အခမဲ့ဝင်ရောက် ကြည့်ရှုလေ့လာဝယ်ယူနိုင်မည် ဖြစ်သည်။

မိမိတို့၏ အရည်အသွေးစံချိန်မီ ထုတ်လုပ်ထားသော အဆင့်မြင့် ထုတ်ကုန်ပစ္စည်းများကို ပြသရောင်းချလိုသော ပြည်တွင်း ပြည်ပကုမ္ပဏီများ၊ ပုဂ္ဂလိက တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ အတတ်ပညာရှင်များ အနေဖြင့် Alpha Group ဖုန်း-၀၁-၇၀၁၂၁၅ သို့ ဆက်သွယ်စုံစမ်း၍ ဝင်ရောက်ပြသနိုင်ကြောင်း သိရသည်။**(က-ပ)**

ကွန်ပျူတာသင်တန်းများဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၂၅

သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး ကွန်ပျူတာသင်တန်းကျောင်းတွင် အခြေခံကွန်ပျူတာသင်တန်းနှင့် ကွန်ပျူတာသုံးစာရင်းကိုင်သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိရာ အနိမ့်ဆုံး အခြေခံပညာအထက်တန်း အဆင့်ရှိသူများ တက်ရောက်နိုင်သည်။

အခြေခံသင်တန်းတွင် Computer System ဖွဲ့စည်းတည်ဆောက်ထားပုံများ၊ Window O/S, Word Processing, Spreadsheet, Database, Drawing, Painting, Myanmar Fontsစသည့် ကွန်ပျူတာဖြင့် လုပ်ဆောင်နိုင်သည့် ယေဘုယျလုပ်ငန်းများအားလုံးအား အခြေခံအဆင့်မှာပင် သင်ကြားပေးလျက်ရှိသည်။စာရင်းကိုင်သင်တန်းတွင် အခြေခံစာရင်းရေးစာရင်းကိုင်ပညာ Book-Keeping Theoryအား ဦးစွာသင်ကြားပေးပြီး Computer Operating ကွန်ပျူတာ ကိုင်တွယ်အသုံးပြုနည်းများနှင့် ကွန်ပျူတာဖြင့် စာရင်းကိုင်နည်း Computerised Accountingပညာများအား အချိန်တိုအတွင်း လုပ်ငန်းခွင်တွင် ကွန်ပျူတာသုံးစာရင်းကိုင် တစ်ယောက်အဖြစ် ကျွမ်းကျင်စွာ လုပ်ဆောင်နိုင်သည်အထိ သင်ကြားပေးလျက် ရှိသည်။

သင်တန်းကျောင်းမှာ ဌာနဆိုင်ရာမှ ITနည်းပညာများ ပြန့်ပွားရေးကိုသာ အဓိကအလေးထား တည်ထောင်ဖွင့်လှစ်ထားသည်ဖြစ်ရာ သင်တန်းကြေးအားဖြင့် ပြင်ပသင်တန်းများထက် ထက်ဝက်ခန့်သက်သာမှုရှိပြီး Apple နှင့် IBM-PCကွန်ပျူတာနှစ်မျိုးစလုံးဖြင့် သုံးတတ်ရန် အထူးပြုသင်ကြားပေးလျက်ရှိသည်။ တန်းခွဲသစ်များကို နိုဝင်ဘာ နောက်ဆုံးပတ်အတွင်း ဖွင့်လှစ်မည်ဖြစ်ရာ သမဝါယမ ကွန်ပျူတာသင်တန်းကျောင်း အမှတ် ၂၉၀/၃၀၀၊ ဆိပ်ကမ်းသာလမ်း(ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၄၀၄၅၆သို့ စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်သည့် အခမ်းအနားကို နိုဝင်ဘာ ၇ ရက်က သထုံမြို့နယ် ဂေါ့ကျေးရွာ၌ ကျင်းပရာ မြို့နယ် ဦးစီးဌာနမှူး ဦးကျော်ဇင်က ကျေးရွာ ဥက္ကဋ္ဌ ဦးခင်ရွှေထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။(က-ပ)

စာကြည့်တိုက်ပညာ(ဆင့်ပွား)သင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၂၅

မုံရွာခရိုင် အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ စာကြည့်တိုက်ပညာ (ဆင့်ပွား)သင်တန်းအမှတ်စဉ် (၁/၂၀၀၃)ဖွင့်ပွဲအခမ်းအနားကိုနိုဝင်ဘာ ၁၇ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုတိယရဲမှူးလှမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းလွင်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

မွေးနေ့ဆုတောင်းလွှာ

သမီးလေးဆုမြတ်ဖြူစင်(ခ)ယုကီစံဘော် (၂၆–၁၁–၂၀၀၃)ရက်နေ့တွင် ကျရောက်သော တစ်နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်း ၁၂၀ တိုင် ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ အောင်မြင်ခြင်း၊ ပျော်ရွှင်ခြင်းတို့နှင့် ပြည့်စုံလျက် ထူးချွန်ထက်မြက်လိမ္မာသော သမီးရတနာလေးဖြစ်ပါစေလို့...

ဆုမွန်ကောင်းတောင်းလျက်–

ဘွားဘွား – ဒေါ်စန်းစန်းဝင်း(ခ)မိမိ

လေးလေး – ပြည့်ဖြိုးကျော်

(ခေတ္တ Nagoya Japan)

ဖေဖေ ဦးတင်ဝင်းအောင် – မေမေ ဒေါ်အေးငြိမ်းသူ

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း GSM မိုဘိုင်း တယ်လီဖုန်းစနစ်တည်ဆောက်ရေးစီမံကိန်း၊ ရန်ကုန်မြို့ GSM မိုဘိုင်းတယ်လီဖုန်းသုံးစွဲသူများ သိသာရန်

၂၀၀၃ခုနှစ် အောက်တိုဘာလအတွက် ရန်ကုန်မြို့ GSM မိုဘိုင်း တယ်လီဖုန်းများ၏ ပြည်တွင်း၊ ပြည်ပ ခေါ်ဆိုခ အခွန်တောင်းခံလွှာများကို ပေးဝေထားပြီးဖြစ်ပါသည်။ စမ်းချောင်းမြို့နယ် ဟံသာဝတီလမ်းရှိ ဝေဠုဝန်ငွေလက်ခံစခန်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ငွေစာရင်းဌာန အမှတ်–၄၆၅/၄၆၉၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့တို့တွင် ၁၇–၁၁–၂၀၀၃ရက်မှ ၂၈–၁၁–၂၀၀၃ရက်အထိ ငွေပေးသွင်းနိုင်ကြပါသည်။ သတ်မှတ်သည့် ကာလအတွင်း ငွေတောင်းခံလွှာမရရှိပါက ဝေဠုဝန်ငွေလက်ခံစခန်းတွင် ငွေတောင်းခံလွှာ မိတ္တူများတောင်းယူ၍ ငွေပေးသွင်းနိုင်ကြပါသည်။ အခွန်ငွေကြွေးကျန် တယ်လီဖုန်းများကို ဆက်သွယ်မှုဖြတ်တောက်မည်ဖြစ်၍ ဆောလျင်စွာ ပေးသွင်းကြပါရန် နှိုးဆော်အပ်ပါသည်။

အခွန်ငွေများကို လစဉ်ပေးသွင်းခြင်းမပြုလိုသူများအတွက် ကြိုတင်ငွေပေးသွင်းသည့် စနစ်ကို ကျင့်သုံးလိုပါက တစ်လပျမ်းမျှကျသင့်ငွေ၏ အနည်းဆုံး သုံးလစာကို ကြိုတင်ငွေအဖြစ် ပေးသွင်းထားရှိနိုင်ပါသည်။ အသေးစိတ် သိရှိလိုပါက GSM မိုဘိုင်း တယ်လီဖုန်း ငွေလက်ခံစခန်း၊ ငွေစာရင်းဌာန (ဝေဠုဝန်)၊ ဖုန်း–၅၀၅၂၀၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
GSM မိုဘိုင်းတယ်လီဖုန်းစနစ် တည်ဆောက်ရေးစီမံကိန်း

ရန်ကုန်မြို့ မြိတ်အသင်း အမှုဆောင်အဖြစ်ရွေးချယ်ရန်ဆန္ဒရှိသူများအားဖိတ်ခေါ်ခြင်း

၁။ အောက်ပါအရည်အချင်းနှင့် ပြည့်စုံသည့် အမှုဆောင်အဖြစ် အရွေးချယ်ခံရန် ဆန္ဒရှိသူများအား ဖိတ်ခေါ်အပ်ပါသည်။

(က) အသင်းဝင်သက်တမ်း သုံးနှစ်ပြည့်သူ၊
(ခ) အသက် (၃၀)နှစ်ပြည့်ပြီးဖြစ်သူ၊
(ဂ) အသင်းဝင်ကြေး ကြွေးကျန်မရှိသူ၊
(ဃ) အသင်းစည်းမျဉ်းအရ အရေးယူခြင်းမခံရဘူးသူ။

၂။ အထက်ပါအရည်အချင်းနှင့်ပြည့်စုံသည့် အမှုဆောင်အဖြစ် တာဝန်ယူဆောင်ရွက်ရန် ဆန္ဒရှိသူများ အသင်းတွင် အဆိုပြုပုံစံတောင်းယူ ဖြည့်စွက်ပြီး ၃၀–၁၁–၂၀၀၃ရက်အရောက် မြိတ်အသင်းသို့ အမည်စာရင်းတင်သွင်းကြပါရန် လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

အမှုဆောင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့
ရန်ကုန်မြို့၊ မြိတ်အသင်း

ရန်ကုန်မြို့(မြိတ်အသင်း) ပညာရေးဆုများအတွက် လျှောက်လွှာဖိတ်ခေါ်ခြင်း

၁။ ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြိတ်ခရိုင်မြို့နယ်မှ ဖြေဆိုသူဖြစ်လျှင် ငါးဘာသာဂုဏ်ထူးနှင့်အထက် သို့မဟုတ် အမှတ်ပေါင်း ၄၅၀ရရှိသူ၊ အခြားမြို့နယ်များမှ ဖြေဆိုသူဖြစ်လျှင် ငါးဘာသာဂုဏ်ထူးနှင့်အထက် သို့မဟုတ် အမှတ်ပေါင်း ၄၆၅ရရှိသူ မြိတ်ကျောင်းသူ ကျောင်းသားများသည် "ပညာထူးချွန်ဆု"ကိုလည်းကောင်း၊ ယင်းတက္ကသိုလ်ဝင်စာမေးပွဲကို မြိတ် ခရိုင်မြို့နယ်များမှ ဖြေဆိုသူဖြစ်လျှင် တစ်နိုင်ငံလုံး၌ ပထမ၊ ဒုတိယ၊ တတိယရရှိသူ သို့မဟုတ် အခြားမြို့နယ်များမှ ဖြေဆိုသူဖြစ်လျှင် တစ်နိုင်ငံလုံး၌ပထမရရှိသူ မြိတ်ကျောင်းသူ ကျောင်းသားများသည် "ပညာတံခွန်ဆု"ကိုလည်းကောင်း၊ ပညာထူးချွန်ပြီး စီးပွားရေးချို့တဲ့သည့် တက္ကသိုလ်၊ ကောလိပ်တစ်ခုခုသို့ ဝင်ခွင့်ရသည့်မြိတ်ကျောင်းသူ ကျောင်းသားများသည် "ပညာသင်ထောက်ပံ့ကြေး" ကိုလည်းကောင်း မြိတ်/ကော့သောင်း အဝေးရောက်အမှုဆောင်အဖွဲ့မှ တစ်ဆင့်ဖြစ်စေ၊ ရန်ကုန်မြို့ မြိတ်အသင်းသို့ဖြစ်စေ ၃၀–၁၁–၂၀၀၃ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၂။ "ပညာထူးချွန်ဆု"ကို ၂၅–၁၂–၂၀၀၃ရက်တွင် ကျင်းပမည့် မြိတ်အသင်း နှစ်ပတ်လည်အစည်းအဝေး၌ ချီးမြှင့်မည်ဖြစ်ပါ၍ ဆုချီးမြှင့်လိုသည့် စေတနာရှင်များ မြိတ်အသင်း၌ ကြိုတင်၍ ငွေလှူဒါန်းနိုင်ကြပါသည်။

၃။ အသေးစိတ်ကို ရန်ကုန်မြို့၊ မြိတ်အသင်း၊ ဖုန်း–၂၂၄၃၄၀တွင် စုံစမ်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့
ရန်ကုန်မြို့ (မြိတ်အသင်း)
အမှတ် ၆၈၊ လှည်းတန်းလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

လက်ထပ်ပြီးစီးခြင်း

ကလေးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ဘုရင့်နောင်လမ်းနေ ဦးရွှေသောင်း–ဒေါ်ကီကီတို့၏ သားထွေး

မောင်တင်မောင်ရွှေ B.Sc (Geology)

(ဝင်းညီနောင်ပွဲရုံ)

နှင့်

ပြင်ဦးလွင်မြို့၊ အခန်း ၈၊ စာတိုက်အိမ်ရာ၊ ၅ ရပ်ကွက်နေ ဦးမျိုးဝင်း–ဒေါ်ခင်အေးမြင့်တို့၏ သမီးကြီး

မခင်သီတာမျိုး B.Sc (Physics)

တို့သည် နှစ်ဖက်မိဘများ၏ သဘောတူညီချက်အရ ထိမ်းမြားလက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်တင်မောင်ရွှေ–မခင်သီတာမျိုး

ကန့်ကွက်နိုင်ပါသည်

ကျွန်တော် ဦးအိုက်ကျောင်း ၁၃/နဆန(နိုင်) ၀၂၃၈၅၇မှ တိုက်အမှတ် ၆၁၊ ရှစ်ထပ်(ဝဲ–ယာ)နှစ်ခန်းတွဲ မြေနီကုန်းဈေးလမ်း၊မြေနီကုန်း မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ တိုက်ခန်းကို ဝယ်ယူပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ခုနစ်ရက်အတွင်းအောက်ပါလိပ်စာသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

ဦးအိုက်ကျောင်း
အမှတ် ၇၃(ငါးလွှာ)၊
အခန်း(C)
မြေနီကုန်းမြောက်ရပ်ကွက်၊
စမ်းချောင်း၊
ဖုန်း–၀၁–၅၆၅၄၀၉၊
၀၁–၅၃၅၉၄၇



အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်တင်မြင့်ထွန်း ၁၂/သကတ(နိုင်)၀၀၂၉၁၆ သည် မိဘများခွင့်မပြုသောသူနှင့် တိတ်တဆိတ် ၎င်းတို့ဆန္ဒအလျောက် လက်ထပ်၍ နေအိမ်မှဆင်းသွားပါသဖြင့် ၁၀–၁၁–၂၀၀၃ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝတို့ကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးခင်မောင်မြင့်(ဖခင်)
၁၂/သကတ(နိုင်)၀၁၄၅၀၄
သာကေတ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန ကြော်ငြာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြေတိုင်းရပ်ကွက် အမှတ်၄၈၊ဗိုလ်မှူးဗထူးလမ်းဘေးနေရာတွင် ဤကော်မတီ၏ ယာဉ်မောင်းသင် လေ့ကျင့်ကွင်းအသစ်ကို B.O.T စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ သို့ပါ၍ အဆိုပါလုပ်ငန်းအတွက် ဆောင်ရွက်လိုသူများရှိပါက ဖော်ပြထားသည့်နေရာအား သွားရောက်ကြည့်ရှုပြီး အဆိုပြုလျှောက်လွှာတင်နိုင်ကြောင်းနှင့် အသေးစိတ်သိလိုပါက အခွန်ဌာနတွင်စုံစမ်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ဌာနမှူး
အခွန်ဌာန

ဝမ်းနည်းကြေကွဲခြင်း

မကွေးတိုင်း၊ သရက်မြို့ အမှတ်(၁၂) ကာကွယ်ရေးပစ္စည်းစက်ရုံမှ စက်ရုံမှူး ဗိုလ်မှူးကြီးဝင်းကြည်၊ ဇနီး ဒေါ်စိန်စိန်တို့၏ သမီးဖြစ်သူ မသင်းသင်းဆွေ အသက် (၂၇)နှစ်သည် ၂၀–၁၁–၂၀၀၃ ရက် ကြာသပတေးနေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်း။

သရက်ခရိုင်နှင့်
မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်
ဖွံ့ဖြိုးရေးအသင်း၊
အလုပ်အမှုဆောင်အဖွဲ့နှင့်
အသင်းဝင်အသင်းသားများ

ဝမ်းနည်းကြေကွဲခြင်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးမောင်မောင် (၄၈)နှစ် ၂၃–၁၁–၂၀၀၃ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲမိပါသည်။ သူငယ်ချင်းကောင်းရာသုဂတိလားပါစေ။

သူငယ်ချင်းများ

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်
သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၁၆)နှစ်အောက်မငယ်ရ (၁၉)နှစ်ထက်မကြီးရ၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဘူးသူ(လူပျို)**ဖြစ်ရမည်၊

(ဂ) အနည်းဆုံးအရပ်(၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ၊

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ၊

(င) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်၊(အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို တိုင်းစစ်ဌာနချုပ်များတွင် ၁၇-၁၁-၂၀၀၃ ရက်နေ့မှစတင်၍အခမဲ့ရယူပြီး ၁၇-၁၂-၂၀၀၃ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်၊

၃။ လျှောက်လွှာနှင့်အတူအကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်း/မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှထောက်ခံစာ(မူရင်း)နှင့်(၁)လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံကို ပူးတွဲတင်ပြရမည်၊

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ် စာစစ်ဌာနများတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ၊

(ခ) ဇီဝဗေဒ၊

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်သည်၊

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်၊

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို **ရန်ကုန်မြို့**တွင် လူတွေ့စစ်ဆေးမည်၊ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်၊ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းနှင့် သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့်တိုင်းစစ်ဌာနချုပ်များတွင် (၂၆-၁-၂၀၀၄) မှ (၂၉-၁-၂၀၀၄) ရက်နေ့များအတွင်း မေးမြန်းနိုင်သည်၊

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၅၀၀၀ိ/-)၊ ဒုတိယနှစ်(၅၁၀၀ိ/-) တတိယနှစ်(၅၂၀ိ/-)၊ စတုတ္ထနှစ်(၅၃၀၀ိ/-)ရရှိမည်၊ သင်တန်းအောင်မြင်ပြီးလျှင် လစာ(၉၀၀၀ိ/-)နှုန်းဖြင့်စတင်ခန့်အပ်ပြီး သတ်မှတ်စည်းမျဉ်းနှင့်အညီ ဆက်လက်၍အဆင့်တိုးမြှင့်ပေးမည်၊

၉။ (၄)နှစ်သင်တန်းပြီးမြောက်အောင်မြင်သည့်အခါ ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည်-

(က) **သူနာပြုသိပ္ပံဘွဲ့** B.NSc(Bachelor of Nursing Science)

(ခ) **ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့** B. Pharm(Bachelor of Pharmacy)

(ဂ) **ဆေးဘက်ပညာသည်ဘွဲ့(ရောဂါရှာဖွေရေးပညာ)** B.P.Sc(Med. Tech)Bachelor of Paramedical Science(Medical Technology)

(ဃ) **ဆေးဘက်ပညာသည်ဘွဲ့(ဓာတ်မှန်ရိုက်ပညာ)** B.P.Sc(Radiography)Bachelor of Paramedical Science (Radiography)

(င) **ဆေးဘက်ပညာသည်ဘွဲ့(ကာယကုသမှုပညာ)** B.P.Sc(Physiotherapy)Bachelor of Paramedical Science (Physiotherapy)

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ်အမှုထမ်းဆောင်ရမည်၊

ရဟန်းဒါယိကာမကြီး
ဒေါ်ခေမာ(ခ)ဒေါ်ခင်မြင့် (သုံးခွမြို့)
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
(အမက–၆၊ ဒဂုံအရှေ့ပိုင်းမြို့နယ်)
အသက်(၆၂)နှစ်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ (အမက–၆)ဝင်းအတွင်းနေ (ဦးဘိုးရေး–ဒေါ်တင်)တို့၏သမီး၊ သုံးခွမြို့နေ ဦးစိန်မောင်–(ဒေါ်မြကြည်)၊ (ဦးမြင့်ဝေ)–ဒေါ်ခင်လှတို့၏အစ်မ၊ ဦးမောင်မြင့်၏ဇနီး၊ မခင်ထားရီ၊ ကိုအောင်မိုး(ကြေးမုံသတင်းစာတိုက်)–မခိုင်သန္တာဆွေ၊ ကိုဇော်နိုင်၊ ကိုအောင်သူရ (ခေတ္တ–မလေးရှား)၊ ကိုတင်မောင်ထွေး(ခေတ္တ–မလေးရှား)၊ မတင်မိုးခိုင်တို့၏မိခင်၊ မြေး သုံးယောက်တို့၏ အဘွားသည် ၂၄–၁၁–၂၀၀၃ရက်(တနင်္လာနေ့)နံနက် ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆–၁၁–၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်စု(ခ)အမေစု
အသက်(၉၁)နှစ်

ရမည်းသင်းမြို့၊ ညောင်ပင်ရပ်နေ (ဦးစိန်–ဒေါ်ဖွားမှုံ)တို့၏သမီး၊(ဦးကျော်ခင်)၏ဇနီး၊ ဦးသန်းထွန်း–ဒေါ်ခင်အုန်း၊ (ဦးသိန်းထွန်း)၊ (ဦးမောင်မောင်)–ဒေါ်သန်းနှစ်၊ (ဦးအောင်မြင့်)–ဒေါ်ခင်မြင့်၊ ဦးတင်ဝင်း–ဒေါ်ခင်မာလေးတို့၏မိခင်၊ မြေး ၂၇ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၂၄–၁၁–၂၀၀၃ရက် (တနင်္လာနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆–၁၁–၂၀၀၃ ရက်(ဗုဒ္ဓဟူးနေ့)တွင် ရမည်းသင်းမြို့ သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်အိ
အသက်(၈၇)နှစ်

(ဦးလီးကျင်းလျောင်–ဒေါ်ကွီ)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ အမှတ် ၈၁၀၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်မြို့နယ်၊ စိမ်းဂေဟာနေ (ဦးကျောက်စိမ်း)၏ဇနီး ၊ ဦးစောဘန်ချိုင်း၊ ဦးသန့်စင်–(ဒေါ်လှမြင့်)၊ ဦးအောင်မြတ်ကျော်(M.P.E၊ငြိမ်း)–ဒေါ်မြမြထွန်း၊ ဦးစောကြင်(Saw Pornphan Co,. Ltd.)–ဒေါ်ဖြူဖြူစိန်၊ ဒေါ်စောကြူကြူ(တွဲဖက်ပါမောက္ခ၊ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)တို့၏မိခင်၊ မြေး ရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၅–၁၁–၂၀၀၃ရက်(အင်္ဂါနေ့) နံနက် ၁၁း၁၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၇–၁၁–၂၀၀၃ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ တန်ဆောင်း၊မုခ်ဦးဒါယိကာမကြီး
ဒေါ်မြသွင်
(ကိုးငါးလုံးဆေးလိပ်ရုံ)(ပဲခူး)
အသက်(၇၂)နှစ်

ပဲခူးမြို့၊လိပ်ပြာကန် ၁ လမ်း၊ အမှတ် ၅၀၈ နေ (ဦးခန့်–ဒေါ်စိန်ဒွေး)တို့၏သမီး၊ (ဦးအောင်သိန်း–ဒေါ်အုန်းရွှေ)၊ (ဦးအောင်ငြိမ်း)–ဒေါ်ခင်ခင်၊(ဦးကြည်)–ဒေါ်သန်းသန်းစော၊ (ဦးအောင်သိန်း–ဒေါ်တင်အေး)တို့၏ညီမ၊ (ဦးပါ)–ဒေါ်မြရင်၊ ဦးရီ–ဒေါ်ကြင်သန်းအေးတို့၏အစ်မ၊ (ဦးထင်ကျော်)–ဒေါ်ရှုယဉ်၊ ဦးမင်းညွှန့်–ဒေါ်နီနီချို၊ ဦးစိုးညွှန့်–ဒေါ်ဝင်းမော်တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွား၊ ဦးသန်းညွှန့်၏ဇနီးသည် ၂၄–၁၁–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆–၁၁–၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်း သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ကြည် (သရက်မြို့)
အသက်(၆၃)နှစ်

အမှတ် ၄၄၁၊ သခင်ဖိုးလှကြီးလမ်း၊ (၂/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ ဦးခင်စိုး၏ဇနီး၊ ကိုအေးရွှေ–မအေးအေးစိုး၊ဒုအရာခံဗိုလ်အောင်ကျော်(တောင်ငူ)–မနိုင်နိုင်စိုး၊ ကိုစိုးနိုင်–မမာလာစိုး၊ မစန္ဒာစိုး၊ ကိုအောင်–မနော်တို့၏မိခင်၊ မြေး ရှစ်ယောက်တို့၏အဘွားသည် ၂၅–၁၁–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇–၁၁–၂၀၀၃ရက်(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်စိန်မောင်
မွေး/ကု ဦးစီးမှူး(ငြိမ်း)၊အင်းစိန် (ဘူးသီးတောင်မြို့)
အသက်(၆၉)နှစ်

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နေ (ဦးအောင်မင်း – ဒေါ်ကျော့ခိုင်)တို့၏သား၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၅)ရပ်ကွက်၊ ကနောင်လမ်း၊ အိမ်အမှတ် ၉၅၄ နေ ဒေါ်ဦးခင်၏ခင်ပွန်း၊ ဦးရွှေအေး–ဒေါ်ခင်မြတ်နွယ်(လ–၆၊တ/၃)၊ ဦးစံအေး–ဒေါ်ခင်အေး (ပြည်တွင်းအခွန်–တ/၃)၊ ဦးရွှေကျော်အောင်–ဒေါ်စာမြင့်၊ (ဦးရွှေကျော်–အကောက်ခွန်)–ဒေါ်ခင်စောဝေ၊ (ဦးအောင်ကျော်ဝင်း)တို့၏ယောက်ဖကြီး၊ (ဦးထွန်းအောင်) – ဒေါ်ခင်မေသန်း (ထ–၂၊ ဗဟန်း)၊ ဦးထွန်းအေးကျော်–ဒေါ်ဖြူဖြူခိုင် (အထပြ၊ ဘူးသီးတောင်)၊ ဦးစောနိုင်(ဒု–အကောက်ခွန်မှူး) – ဒေါ်သန္တာခိုင်၊ ဗိုလ်ကြီးထွန်းထွန်းနိုင်တို့၏ဖခင်၊ မောင်ရွှေသွေး၏အဘိုးရင်သည် ၂၄–၁၁–၂၀၀၃ရက် (တနင်္လာနေ့) နံနက် ၉း၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆–၁၁–၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးညီညီအေး
B.E (Chemical)
ကြည်း–၁၄၇၃၀ (OTS-54)
အသက်(၅၄)နှစ်

တောင်ကြီးမြို့နေ ကွယ်လွန်သူ ဦးအေးမောင်–ဒေါ်အုန်းခင်တို့၏ သား၊ လှိုင်လင်မြို့နေ (ဦးစံထူး)–ဒေါ်တင်တို့၏သားသမက်၊ကပစ(၄)၊အိမ်ထောင်သည်လိုင်းနေ ဒေါ်တင်တင်ထူး၏ခင်ပွန်း၊ တောင်ကြီးမြို့နေ ဦးသန်းမောင်(ကျောင်းအုပ်ကြီး၊ ငြိမ်း)–ဒေါ်မြသန်း၊ ရန်ကုန်မြို့နေ ဦးသန်းအောင် (လ/ထ အင်ဂျင်နီယာ၊ ငြိမ်း)–ဒေါ်သက်သက်၊ ကူမဲမြို့နေ ဦးပီတာ(တိရစ္ဆာန်ဆေးကု)–ဒေါ်မိုးရင်၊ အေးသာယာမြို့နေ ကိုမိုးခိုင်တို့၏ညီ၊ မောင်ကျော်စွာအေး၊ မကြာညီအေး၊ မောင်ပြည့်ဖြိုးအေးတို့၏ဖခင်သည် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ၂၅–၁၁–၂၀၀၃ရက် နံနက် ၁၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး အအေးတိုက်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ၂၇–၁၁–၂၀၀၃ရက် မွန်းတည့် ၁၂ နာရီတွင် သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြင့်ဦး
အသက်(၄၀)

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ အာဇာနည်လမ်း၊ အမှတ် ၂၆ နေ (ဦးစန်းအောင်)–ဒေါ်သန်းရီတို့၏သား၊ ဦးဝင်းကြည်–ဒေါ်ရွှေမာတို့၏သားသမက်၊ ဒေါ်လှလှဝင်း၏ခင်ပွန်း၊ မောင်ကျော်စွာဝင်း၏ဖခင် သည် ၂၅–၁၁–၂၀၀၃ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၇–၁၁–၂၀၀၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရောင်းမည်
ညိုနှင်းဈေး (ပွဲစားမလို)

၁၂ ပေခွဲ x ၃ပေ ၆၀၊ (H.T)၊ ပထပ်၊ တိုက်သစ်၊ ဆိပ်ကမ်းသာလမ်း၊ အလယ်ဘလောက်၊

ဖုန်း – ၅၆၁၅၂၇၊ ၅၄၄၈၆၈

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ခ/၇၄၆၉ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး(သာယာဝတီ)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ခရိုင်ရုံး(သာယာဝတီ)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏ သားဖြစ်သူ မောင်မြင့်ထွန်း ၁၂/ကမန(နိုင်) ၀၂၉၅၁၀ သည် မိဘများကိုစိတ်ဆင်းရဲအောင်လုပ်ပြီး မိမိ၏ဆန္ဒအလျောက် ၁၆–၁၁–၂၀၀၃ရက်တွင် နေအိမ်မှထွက်သွားပါသဖြင့် ၎င်းနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို (လုံးဝ) တာဝန်မယူပါ။

(မေးမြန်းခြင်းသည်းခံပါ)

ဖခင် ဦးထွန်းနီ
၁၂/ကမန (နိုင်) ၀၃၃၇၃၂

ဒေါ်စောရီ (ဈေးကလေး)
အသက်(၈၀)

ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ဈေးကလေး ၅လမ်း၊ အမှတ် ၃ နေ (ဦးပါ) ဇနီး၊ ဒေါ်ကျင်ရွှေ ၏ညီမ၊ ဦးမျိုးနိုင်(အင်ဂျင်နီယာဌာန၊လမ်းနှင့်တံတား၊ ရန်ကုန်မြို့တော်စည်ပင်)–ဒေါ်လှလှဝင်း (စာရင်းကိုင်ချုပ်၊ အပြည်ပြည်ဆိုင်ရာ ရေလုပ်ငန်း၊ တနင်္သာရီ လီမိတက်)တို့၏မိခင်သည် ၂၄–၁၁–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆–၁၁–၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျင်ဟင်း (ရှာကျင်ဟင်း)
(ညောင်လေးပင်မြို့)
အသက်(၇၀)

ညောင်လေးပင်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ဈေးအရှေ့လမ်းနေ (ဦးစံမင်း–ဒေါ်ကွာရာ)တို့၏သားကြီး၊ ဟဲဟိုးမြို့နေ (ဦးတွာတူ)–ဒေါ်ချုလန်းတို့၏ သားသမက်၊ ညောင်လေးပင်မြို့နေ (ဦးဖိုးကော်)–ဒေါ်မြစန်း၊ ဦးဗူးဟန်–ဒေါ်ကျင်မွေး၊ (ဒေါ်ကျင်လျန်း)၊ (ဒေါ်ကျင်ဟွား)၊ ဦးမြင့်သန်း–ဒေါ်ကျင်ကြူ (ခေတ္တ–U.S.A)၊ ဦးမျိုးလွင်–ဒေါ်ကျင်ကြူတ် (ခေတ္တ– U.S.A)၊ ဒေါ်စိန်စိန်ရီ(ခေတ္တ–U.S.A)၊ ဒေါ်လွင်လွင် (ခေတ္တ–U.S.A)၊ ဦးသိန်းပြည်–ဒေါ်မော်မော်(ခေတ္တ–U.S.A)တို့၏ အစ်ကိုကြီး၊ ညောင်လေးပင်မြို့၊ ဈေးအရှေ့လမ်းနေ ဒေါ်သန်းရင်၏ခင်ပွန်း၊ ဦးဝင်းနိုင်–ဒေါ်သန်းသန်းအေး၊ ဦးသိန်းဝင်း–ဒေါ်တင်ဇာခိုင်၊ မောင်ဘုန်းကျော်၊ မနန်းအေး၊ မောင်စန်းထိုက်တို့၏ဖခင်၊ မြေး ငါးယောက်တို့၏အဘိုးသည် ၂၅–၁၁–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၂၇–၁၁–၂၀၀၃ရက် မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ ညောင်လေးပင် တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့်(ခ)ဦးဆန်နီ
မထသဌာနခွဲ(၇)ဌာနစိတ်မှူး
အသက်(၅၆)နှစ်

အိမ်အမှတ် ၂၁၉၊ ခိုင်ရွှေဝါ (ဗဟိုလမ်း)၊ အမှတ်(၁)ရပ်ကွက်၊ လှည်းတန်း၊ ကမာရွတ်နေ (ဦးသိန်းထွန်း–ဒေါ်ရင်မေ)တို့၏သား၊ ဦးသာဂရ၊ ဒေါ်မြခိုင်၊ ဒေါ်ထားထားကြည်၊ ဒေါ်တင်တင်မြင့်၊ ဒေါ်မြမြညွှန့်တို့၏မောင်၊ မချောငယ်ငယ်ဝင်း (မြန်မာနိုင်ငံ စာစစ်အဖွဲ့)၏ဦးလေးသည် ၂၅–၁၁–၂၀၀၃ရက် (အင်္ဂါနေ့) နံနက် ၁ နာရီတွင် အနောက်ပိုင်းဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၇–၁၁–၂၀၀၃ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ကိုမြင့်သူ (အင်းမ)
ရွှေပန်းထိမ်ဆရာ
(သစ္စာရှင်ရွှေပန်းထိမ်နှင့် စက်ဖြတ်လုပ်ငန်း)
အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၃၂ နေ ဦးရွှေမောင်သာ–ဒေါ်ခင်မြင့်တို့၏သား၊ (ဦးကျော်ဖေမောင်)–ဒေါ်အေးခင်(နှင်းနန္ဒာ ရတနာဆိုင်၊ဗိုလ်ချုပ်ဈေး)တို့၏တူ၊ ကိုကျော်ကျော်ခိုင်–မသိန်းညွှန့်မေ (စန်းသိဂီ ပန်းထိမ်နှင့် စိန်မှုံးစက်ဖြတ်လုပ်ငန်း)တို့၏ညီ၊ ကိုတင်အောင်မိုး–မနှင်းသန္တာ (သစ္စာရှင်)တို့၏အစ်ကို၊ မသျှားခိုင်ဖေ၊ မနေနော်နှင်းတို့၏ ဦးလေးသည် ၂၄–၁၁–၂၀၀၃ရက် နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅–၁၁–၂၀၀၃ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးဇော်ဝင်း(ခ)ဦးခင်လှ
(မန္တလေးမြို့)
အသက်(၈၀)

မန္တလေးမြို့အကွက် ၃၀၀၊ ချမ်းအေးသာစံမြို့နယ်၊ပြည်ကြီးပျော်ဘွယ်အနောက် ၃၄ x၃၅ လမ်းကြား၊ ၈၈ x၈၉ လမ်းကြား၊ တိမ်ပြာတန်းရပ်နေ ဗလဆန်စက်ပိုင်ရှင် (ဦးစံဝ)–ဒေါ်စောလှိုင်တို့၏သားကြီး၊ (ဦးဘဦး–ဒေါ်တင်တင်လှ)တို့၏သားသမက်၊ [ဒေါ်ညွှန့်ညွှန့် ဦး(ခ)ဒေါ်အတာ]၏ခင်ပွန်း၊ (ဦးတင်အေး)–ဒေါ်အမလေး၊ ဦးမောင်ကို–ဒေါ်မြသောင်း၊ ဦးမြင့်စိုး–Dr. ဒေါ်လှမင်း၊ ဦးကျော်ညွှန့်–ဒေါ်တင်တင်မြတို့၏အစ်ကိုကြီး၊ ဦးချစ်ဆွေ၊ ဦးကျော်ဇော–ဒေါ်လှလှဝင်း၊ ဦးဟန်ထွန်း–ဒေါ်စန်းစန်းအေး၊ မသင်းသင်းထွေး၊ ကိုဇော်မြင့်တို့၏ဖခင်၊ မြေး ခြောက်ယောက်တို့၏ အဘိုးသည် ၂၄–၁၁–၂၀၀၃ရက်(တနင်္လာနေ့) ညနေ ၆း၃၀ နာရီတွင်ကွယ်လွန်ပါ၍ ၂၆–၁၁–၂၀၀၃ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ တောင်မြင့်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးကျော်စိန်မောင်
မွေး/ကုဦးစီးမှူး(ငြိမ်း)အင်းစိန်
(ဘူးသီးတောင်)
အသက်(၆၉)နှစ်

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နေ (ဦးအောင်မင်း–ဒေါ်ကျော့ခိုင်)တို့၏သားကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၅)ရပ်ကွက်၊ ကနောင်လမ်း၊ အမှတ် ၉၅၄ နေ ဒေါ်ဦးခင်၏ခင်ပွန်း၊ (ဦးခင်မောင်ညွှန့်–ဒေါ်စိန်စိန်)တို့၏ ညီ/မောင်၊ ဦးအောင်စိန်မြ–ဒေါ်မဖြူ၊ ဦးဦးထွန်းရှိန်–(ဒေါ်မအုံးခင်)၊ ဦးကျော်ဇောလှ–ဒေါ်ဒါလှတို့၏အစ်ကိုကြီး၊ (ဦးထွန်းအောင်)–ဒေါ်ခင်မေသန်း(အထက–၂၊ ဗဟန်း)၊ ဦးထွန်းအေးကျော်၊ ဒေါ်ဖြူဖြူခိုင်(အထက၊ ဘူးသီးတောင်)၊ ဦးစောနိုင်–ဒေါ်သန္တာခိုင်၊ ဗိုလ်ကြီးထွန်းထွန်းနိုင်တို့၏ဖခင်၊ မောင်ရွှေသွေး၏ အဘိုးရင်သည် ၂၄–၁၁–၂၀၀၃ရက် (တနင်္လာနေ့) နံနက် ၉း၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆–၁၁–၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးမြင့်ရွှေ
(ကနီရွာ၊ ဖျာပုံမြို့)
အသက်(၅၃)နှစ်

ဖျာပုံမြို့နယ်၊ ကနီကျေးရွာ၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၏ စတုပစ္စယဒါယကာကြီး (ဦးမောင်–ဒေါ်အေးစိန်)တို့၏သားထွေး၊ ကနီရွာနေ ဦးအုန်းကြည်–ဒေါ်ခင်သန်းတို့၏သားသမက်၊ ဒေါ်ညိုညိုနွဲ့၏ခင်ပွန်း၊ မောင်အောင်မိုးနိုင်–မခင်ဝင်းရီ၊ မတင်မိုးရွှေတို့၏ဖခင်၊ (ဦးသောင်း)၊ (ဦးရွှေ)၊ ဒေါ်တင်လှ၊ ဒေါ်ချို၊ ဦးဖိုးဆား၊ ဦးဖိုးပိန်၊ ဦးဆန်းမောင်တို့၏ညီ/မောင်၊ တူ တူမ ၁၈ ယောက်တို့၏ဦးလေးသည် ၂၄–၁၁–၂၀၀၃ရက်(တနင်္လာနေ့)နံနက် ၂ နာရီတွင် ကနီရွာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆–၁၁–၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင်ကနီသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
U Bawi Lian Bik(a) Hmung Hmung
အသက်(၂၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ် ၁၉၀၊ သစ္စာ ၆ လမ်း၊ ၃၉ (A) ရပ်ကွက်နေ U Lal Bik (ဦးစီးအရာရှိ၊ သစ်တော၊ ငြိမ်း)–Daw Kip Hlei တို့၏သားထွေး၊ U Thian Khaw Pau (ဓမ္မကထိက၊ METS)၏ ညီ၊ ဦးသန်းထွန်း၊ ဒေါ်မြင့်ရီတို့၏ သားသမက်၊ ဒေါ်ချိုချိုဦး၏ခင်ပွန်း၊ Mg Peter Van Biak Lal ၏ ဖခင်၊ Mg Za Lian Sum၏ ဦးလေး၊ U Maung Hla & Daw Mang Cuai၊ U Hau Khaw Kham & Daw Biak Kim၊ Miss Cung Hrin Zing တို့၏တူသည် ၂၅–၁၁–၂၀၀၃ရက် နံနက် ၉း၁၅ နာရီတွင် အထက်ပါနေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၆–၁၁–၂၀၀၃ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် Bible Missions Church အမှတ် ၁၆၁–၁၆၃၊ သစ္စာ ၅ လမ်း၊ ၃၉ (A) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးဂိုဏ်းပေါင်းစုံခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသန်းစိန် (ခရမ်း)
အသက်(၈၆)နှစ်

ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ ကမာမတ်ကျေးရွာနေ (ဦးသာရ–ဒေါ်အုံးခက်)တို့၏သား၊ (ဦးသာဆန်း–ဒေါ်ရင်)တို့၏သားသမက်၊ ဒေါ်မြရီ၏ခင်ပွန်း၊ ဦးစိုးတင်–ဒေါ်ခင်လှိုင်၊ ဦးစိုးမြင့်–ဒေါ်သန်းမြင့်၊ ဦးချစ်ဝင်း–ဒေါ်တင်ညွှန့်၊ ဦးစိုးကြည်၊ ဦးစိုးတင်–ဒေါ်ရင်မြ၊ ဦးဆန်းမြင့်–ဒေါ်ခင်အေးမူ၊ ဦးမြအေး–ဒေါ်မြင့်ရီ၊ ဦးရီတင်–ဒေါ်တင်အုံးတို့၏ဖခင်၊ မြေး ၂၅ ယောက်၊ မြစ် ငါးယောက်တို့၏ အဘိုးသည် ၂၂–၁၁–၂၀၀၃ရက် (စနေနေ့)နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄–၁၁–၂၀၀၃ရက် မွန်းလွဲ ၁ နာရီတွင် ခရမ်းမြို့နယ်ကလော့သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်းဒါယကာကြီး
ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း
(အငြိမ်းစား)
ကြည်း/၈၀၇၃
ဗိုလ်သင်တန်းအပတ်စဉ်(၂၁)
အသက်(၇၁)နှစ်

ပဲခူးတိုင်း၊ သာယာဝတီမြို့နယ်၊ ဖားရွှေကျော်ရွာနေ(ဦးထွန်းခိုင်–ဒေါ်အေးစု)တို့၏သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ ခြံအမှတ် ၆၂/ခ နေ(ဒေါ်တင်တင်အုံး)၏ခင်ပွန်း၊ ဗိုလ်မှူးကြီးလှမင်း [ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ]–ဒေါ်နိုင်နိုင်မော်၊ ဒုရဲအုပ်နေမျိုး(သတင်းတပ်ဖွဲ့)–ဒေါ်ယဉ်ယဉ်စု (အထက–၂၊ အလုံ၊ ခေတ္တ–ဂျပန်)၊ ဦးချစ်လွင်–ဒေါ်ကေသွယ်ခိုင် (နည်းပြ၊ သချာင်္ဌာန၊ မအူပင်တက္ကသိုလ်)တို့၏ဖခင်၊ မသဇင်ဦး၊ မမိုမိုမွန်၊ မောင်ဝေယံပိုင်သိမ်း၊ မောင်ကောင်းမြတ်ပြည့်စုံ၊ ဖူးဖူးတို့၏ အဘိုးသည် ၂၄–၁၁–၂၀၀၃ရက် (တနင်္လာနေ့)နံနက် ၀၀း၄၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၆–၁၁–၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးတင်မောင်မြင့်
(မိုးညှင်း၊တောင်ကြီး)
အသက်(၆၆)နှစ်

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နေ (ဦးစိန်–ဒေါ်အေးရင်)တို့၏သား၊ ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နေ (ဦးကြံစိန်–ဒေါ်ရင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၁၆၊ လေးလွှာနေ ဒေါ်နွယ်လေး (မ Joyce)၏ခင်ပွန်း၊ ကချင်ပြည်နယ် မိုးညှင်းမြို့နေ ဒေါ်ရှုရင်၏မောင်၊(ဦးတင်မောင်ကြိုင်)၊ ဦးတင်မောင်ထွန်း၊ ဦးတင်မောင်ကြည်၊ ဒေါ်မြတ်မြတ်ထွေးတို့၏ အစ်ကို၊ မဇင်နွယ်မြင့်၊ မအေးအေးမို့၊ မယဉ်မိုးခိုင်၊ မရည်မွန်မြင့်တို့၏ ဖခင်သည် ၂၃–၁၁–၂၀၀၃ရက် (တနင်္ဂနွေနေ့)ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇–၁၁–၂၀၀၃ရက်(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးချစ်လွင် (ဘိုကလေး)
B.A(Philo)
(ကျောင်းကုန်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီစာရေး)
အသက်(၄၃)နှစ်

ဘိုကလေးမြို့၊ (၄)ရပ်ကွက်၊ ၄ ဖြတ်လမ်း၊ အမှတ် ၆၀ နေ (ဦးသန်း)–ဒေါ်ကျင်ငွေ (ဦးသန်းကြီး ထမင်းနှင့်ခေါက်ဆွဲကြော်)တို့၏သား၊ ဦးလှငွေး(တရားရုံးချုပ်ရှေ့နေ)–ဒေါ်မြင့်၊ ဦးမြင့်ဦး(မဟုရာခေါက်ဆွဲ)–ဒေါ်တင်လှဝင်း၊ ဦးအေးသိန်း (မောင်သိန်း ရွှေဆိုင်)–ဒေါ်စမ်းစမ်းမြင့်တို့၏ညီ၊ ကိုဝင်းနိုင်–မခင်လေးနွယ်၊ ကိုကြည်အေး–မခင်အေးမူ(စံကျောင်းဝိုင်း၊ အမက)၊ ကိုသန်းနိုင်–မစု၊ ကိုနန္ဒ–မဇင်မာထွန်းတို့၏ အစ်ကိုသည် ၁၃–၁၁–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၁၁–၂၀၀၃ ရက်တွင် ဘိုကလေးမြို့ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများ သိစေအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကုဏ္ဍလ မဟာထေရ်
သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၇၁)ဝါ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်၊မင်းကျောင်းစာသင်တိုက်၏ ပဓာနနာယက မြို့နယ်သြဝါဒါစရိယ ဇီနမာန်အောင် စေတီတော်မြတ်နှင့် ကျိုက်သုတ်စေတီတော်မြတ် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလမဟာထေရ်မြတ်သည် ၁၃၆၅ခုနှစ် တန်ဆောင်မုန်းလကွယ်နေ့ (၂၃–၁၁–၂၀၀၃ရက်)တနင်္ဂနွေနေ့ နံနက် ၉း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် နတ်တော်လဆန်း ၄ ရက် (၂၇–၁၁–၂၀၀၃ရက်) ကြာသပတေးနေ့တွင် အန္တိမဈာပနပြု၍ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်များ၊ဒါယကာ၊ဒါယိကာမ အပေါင်းတို့အားသိစေရန် အကြောင်းကြားအပ်ပါသည်။

တိုက်အုပ်ဆရာတော်ဘဒ္ဒန္တနာဂိန္ဒါဘိဝံသနှင့်ဒါယကာများ၊
ဈာပနကျင်းပရေးကော်မတီ။

အန္တိမအဂ္ဂိဈာပနပူဇာသဘင်
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ(ဓမ္မာစရိယ)
ဘဒ္ဒန္တ ဣန္ဒက
သက်တော်(၇၂)နှစ်၊ သိက္ခာတော်(၅၂)ဝါ

ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ မဟာဗောဓိစာသင်တိုက်၏ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဣန္ဒက မဟာထေရ်သည် ၁၃၆၅ခုနှစ် ဝါဆိုလဆန်း ၁၂ရက်(၁၀–၇–၂၀၀၃ ရက်)တွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို ၁၃၆၅ ခုနှစ် တပို့တွဲလဆန်း ၁၁ရက် (၁–၂–၂၀၀၄ရက်)တနင်္လာနေ့တွင် အန္တိမအဂ္ဂိဈာပန သာခုကိဋ္ဌပူဇာသဘင်ကို ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်သံဃာ၊ ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
တောင်တန်းသာသနာပြု
ဘဒ္ဒန္တ ပညောဘာသ(ခ)ဦးအောင်ပရမသိဒ္ဓိ
သက်တော်(၁၀၃)နှစ်၊ သိက္ခာတော်(၄၅)ဝါ

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ပန်းပင်ကုန်း၊ သီလဝိသုဒ္ဓိတောရကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညောဘာသ(ခ)ဦးအောင်ပရမသိဒ္ဓိသည် ၁၃၆၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃း၁၅ နာရီတွင် ခန္ဓာဝန်ချတော်မူသွားပါ၍ ကြွင်းကျန်သောဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် နတ်တော်လဆန်း ၄ ရက်(၂၇–၁၁–၂၀၀၃ရက်) ကြာသပတေးနေ့တွင် နိဗ္ဗာန်စံကျောင်းတော်သို့ အပူဇော်ခံထားမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာအပေါင်းတို့အား အကြောင်းကြားဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သောတပည့်ဒါယကာများ
သီလဝိသုဒ္ဓိတောရကမ္မဋ္ဌာန်းကျောင်းတိုက်
အမှတ်(၅)ရပ်ကွက်၊ပန်းပင်ကုန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဇလွန်မြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ဖွားသိန်း
ရာသက်ပန်အသင်းဝင်အမှတ်–၆၆၃
အသက်(၈၇)နှစ်

(ဦးဘဖေ–ဒေါ်စောကျင်)တို့၏သမီး၊ (ဦးလှဖေ)၏ဇနီး၊ တိုက် ၃၁၈၊ အခန်း ၁၁၊ ရန်အောင်လမ်းသွယ် ၂ နေ ဦးညီပု(အသင်းဝင်)–ဒေါ်မြင့်မြင့်သိန်း (အသင်းဝင်)၊ ဦးသိန်းစိုး–ဒေါ်ခင်သန်းငွေးတို့၏မိခင်သည် ၂၂–၁၁–၂၀၀၃ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၂၄–၁၁–၂၀၀၃ရက်တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်နှင်းဆွေ(ခ)ဒေါ်ဝင်နီ
အသက်(၈၁)နှစ်

(ဦးဖိုးသော်–ဒေါ်ဆင်)တို့၏ သမီး၊ (ဦးဗွိသော်ဒါ)၏ညီမ၊ ဦးအာသော်ဒါ၊ ဦးကြည်ဝင်း၊ ဒေါ်ဟယ်လဒါ၊ ဒေါ်နှင်းသွက်၊ ဦးကြည်လင်း၊ ဒေါ်ဘရင်ဒါတို့၏အစ်မ၊ဦးရွှေသင်း၏ဇနီး၊ဦးအောင်ရွှေ၊ ဦးဇော်မြင့်၊ ဒေါ်တင်နှင်းလှိုင်၊ ဦးအောင်ခင်၊ ဒေါ်ဘက်တီ၊ ဦးသောင်းငွေ၊ ဒေါ်ခင်မြမြခိုင်၊ (ဦးမြတ်ထွန်း)၊ ဒေါ်ရွှေရီ၊ ဦးတင်ထွေး၊ ဒေါ်ပိုပိုတို့၏ မိခင်၊ မြေး ၁၆ ယောက်၊ မြစ်ငါးယောက် တို့၏အဘွားသည် ၂၄–၁၁–၂၀၀၃ရက် ညနေ ၇း၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၆–၁၁–၂၀၀၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရွှေပြည်သာနေအိမ်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးကိုကြီး (အထပြ၊ငြိမ်း)
(ရွာသစ်ရပ်၊ရေနံချောင်း)
အသက်(၆၆)နှစ်

ရေနံချောင်းမြို့၊ ရွာသစ်ရပ်၊ ညောင်ပင်လမ်းနေ ဒေါ်ညိမ်းစိန်၏ခင်ပွန်း၊ ဦးမျိုးညွှန့်–ဒေါ်သီတာမြင့်၊ မစန်းစန်းမော်၊ ကိုမောင်ဦး–မမြမြဝင်း၊ ကိုတင့်ကိုကို၊ ကိုဟိန်းကိုကိုတို့၏ဖခင်၊ မြေး သုံးယောက်တို့၏အဘိုးသည်၂၀–၁၁–၂၀၀၃ရက် နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁–၁၁–၂၀၀၃ရက်တွင် ရေနံချောင်းမြို့ ရွှေဘုံသာသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများနှင့် တပည့်ဟောင်းများအား သိစေအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်တင်ညွှန့်
အသက်(၇၈)နှစ်

ဓနုဖြူမြို့၊ စံကင်းရွာ(ဦးချမ်းသာ–ဒေါ်မြ)တို့၏သမီး၊(ဦးညို–ဒေါ်ချစ်မယ်)တို့၏သမီးချွေးမ၊ တိုက် ၁၊ အခန်း ၁၉ (ပထမထပ်)၊ မြို့ပြအိမ်ရာစီမံကိန်း၊ လှည်းတန်း၊ ကမာရွတ်၊ အင်းစိန်လမ်းမနေ ဦးတင်အေး၏ဇနီး၊ (ဦးဘိုကေ–ဒေါ်သောင်း)တို့၏ညီမ၊ (ဦးလှဟန်)–ဒေါ်သန်း၊ (ဦးသိန်းဖေ–ဒေါ်မြကြင်)၊ (ဦးထွန်းရှိန်–ဒေါ်လှရီ)၊ ဦးထွန်းရှိန်–(ဒေါ်ရီ)တို့၏အစ်မ၊ ဦးညွှန့်ဝင်း–ဒေါ်သန်းရင်၊ ဦးသက်တင်–ဒေါ်မင်းမင်းမော်၊ ဒေါ်ဖြူဖြူဖွေး၊ ဦးဖိုးကျော်(လက်ထောက် ညွှန်ကြားရေးမှူး၊ နယ်စပ်စည်ပင်၊ ကျိုင်းတုံ)–ဒေါ်မြတ်ပိုပိုငွေ၊ ကိုကျော်ကျော်စိုး–ဒေါ်ကေသီမြင့်၊ မခင်ချိုမြင့်(ခ)ဇူလူးတို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၂၄–၁၁–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈–၁၁–၂၀၀၃ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသောင်းကြည်
(ပုသိမ်–ကန်ကြီးဒေါင့်)
လ/၄၃၈၈(အငြိမ်းစား၊ဒုရဲမှူး)
အသက်(၇၈)နှစ်

ပုသိမ်ကန်ကြီးဒေါင့်မြို့နေ (ဦးထွန်းရင်–ဒေါ်ဖွားစိန်)တို့၏သား၊ (ဦးထွန်းစိန်–ဒေါ်မမလေး)တို့၏ သားသမက်၊ အမှတ် ၅၁၊ ငါးလွှာ၊ ၈၇ လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်နေ ဒေါ်ခင်မေ၏ခင်ပွန်း၊ ဒေါ်နုနုရီ၊ ဦးခင်ထွန်း–ဒေါ်စန်းစန်းဝင်း၊ ဦးမျိုးသိန်း၊ ဦးသိန်းထွန်း–ဒေါ်မာမာဝင်း (Universal Bank)၊ ဦးသန်းဝင်း၊ ဦးခင်မောင်စိုး၊ ဒေါက်တာစောပြုံးနိုင် (တွဲဖက် ပါမောက္ခ၊ ပထဝီဝင်ဌာန)–ဒေါ်ခင်ဥမ္မာထွေး(CCLC)တို့၏ဖခင်၊ မြေး ကိုးယောက်၊ မြစ် တစ်ယောက်တို့၏အဘိုးသည် ၂၄–၁၁–၂၀၀၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆–၁၁–၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

လူမှုဝန်ထမ်းဦးစီးဌာန နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားကျင်းပ ဝန်ကြီးဌာနနှင့်လူမှုရေးအသင်းအဖွဲ့များအား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၂၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ၁၉၅၇ ခုနှစ် နိုဝင်ဘာ ၂၅ ရက်မှ ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၂၅ ရက်အထိ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဝင်နှင့် လုပ်ငန်းကော်မတီဝင် ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၏ဇနီး ဒေါ်ခင်အေး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မေမေရီ၊ အထူးအရာရှိ

စာမျက်နှာ ၇ ကော်လံ ၂ ■

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အခမ်းအနားတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေအား ရွှေရတုအထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

တွေ့ဆုံမေးမြန်း

၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝိဇ္ဇာဘာသာတွဲဖြင့် မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာ ပထမရရှိသည့်အပြင် ရခိုင်ပြည်နယ်တွင်လည်း ထူးချွန်စွာ ပထမရရှိခဲ့သော ရမ်းဗြဲမြို့နယ် ဇရပ်ပြင် အခြေခံပညာအထက်တန်းကျောင်းမှ မောင်ထွန်းမင်းအား တွေ့ဆုံမေးမြန်းစဉ်။

ဓာတ်ပုံ-တင့်လွင် (သတင်းစဉ်)

၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သိပ္ပံဘာသာတွဲဖြင့် မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာ ဒုတိယရရှိသည့်အပြင် မန္တလေးတိုင်းတွင်လည်း ထူးချွန်စွာ ပထမရရှိခဲ့သော မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်စိုးခမ်းစိုးလိတ်အား တွေ့ဆုံမေးမြန်းစဉ်။ **ဓာတ်ပုံ-တင့်လွင်(သတင်းစဉ်)**

ယနေ့ထုတ်စောင်ရေ
၂၀၁၅၅၇

မြန်မာတစ်ပြည်လုံး အမှတ်အများဆုံးရရှိသူ တက္ကသိုလ်ဝင်တန်းအောင် ထူးချွန်လူငယ်များအား ဂုဏ်ပြုဆုချီးမြှင့်

သတင်းဆောင်းပါး - စိန်ရွှေလှိုင်၊ ဓာတ်ပုံ - တင့်လွင်(သတင်းစဉ်)

ရန်ကုန် နိုဝင်ဘာ ၂၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၇) တတိယနေ့ အစည်းအဝေးကို မှော်ဘီမြို့နယ်အသင်း ဗဟိုသင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ဆက်လက်ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး

စာမျက်နှာ ၉ ကော်လံ ၅ ▼

အသက်(၁၇)နှစ်အောက် အာရှလူငယ်ဘောလုံးခြေစစ်ပြိုင်ပွဲ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းပါဝင်ယှဉ်ပြိုင်မည်

သတင်းဆောင်းပါး-ကိုထွေး၊ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၅

အသက်(၁၇)နှစ်အောက် အာရှလူငယ်ဘောလုံးပြိုင်ပွဲ အုပ်စု(၁၀) ခြေစစ်ပွဲစဉ်များကို လာအိုနိုင်ငံ ဗီယန်ရှင်းမြို့၌ နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်ရာ အသက်(၁၇)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းသည် နိုဝင်ဘာ ၂၆ ရက် **(ယနေ့)** ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လာအိုနိုင်ငံသို့ ထွက်ခွာသွားကြမည်ဖြစ်သည်။

အသက်(၁၇)နှစ်အောက် အာရှလူငယ်ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်၌ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလူငယ် လက်ရွေးစင်အသင်း၏ ပြိုင်ပွဲအကြို ပြင်ဆင်လေ့ကျင့်မှုနှင့် ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့်

စာမျက်နှာ ၉ ကော်လံ ၁ ●

အသက်(၁၇)နှစ်အောက် အာရှလူငယ်ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

အသက်(၁၇)နှစ်အောက် အာရှလူငယ် ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့်မြန်မာလူငယ်လက်ရွေးစင်အသင်းမှ အားကစားသမားတစ်ဦး ခေါင်းတိုက်လေ့ကျင့်စဉ်။ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

26-11 (20).p65 1 3/26/05, 10:05 PM